ကန့်သတ်

# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက်ပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

ကန့်သတ်

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | **(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၃ |
| (၅) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၃ |
| (၆) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြား ခြင်း။ | ၇ |
| (၇) | ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြား ခြင်း- | ၁၀ |
| | (က) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏**“ရှမ်းပြည်နယ်အတွင်းရှိသမဝါယမအခန်းကဏ္ဍ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ခ) | ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ | |
| | (၁) **“ရှမ်းပြည်နယ်အတွင်း H.I.V နှင့် A.I.D.S ရောဂါ ရှိသူ မည်မျှရှိပြီး၊ မည်မျှ သေဆုံးခဲ့ကြောင်းနှင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၅ |
| | (၂) **“ရှမ်းပြည်နယ်အတွင်းတွင် အနာကြီးရောဂါဝေဒနာရှင်မည်မျှရှိပြီး ဆေးကုသမှု အစီအစဉ်”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၈ |
| (ဂ) | ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ | |
| | (၁) **“ရပ်စောက်မြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာများတွင်(မြစိမ်းရောင်) မွေးမြူရေးအရင်းအနှီး ရန်ပုံငွေများဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၁၉ |
| | (၂) **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု၊ ထီးစံကုန်းမူလတန်း ကျောင်းဆောင်ဟောင်းပြုပြင်ထိန်းသိမ်းစရိတ်နှင့် ကျောင်းဝင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၂၁ |
| | (၃) **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်နှင့် ကောင်းဘို့ကျေးရွာအုပ်စုတို့ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ စာဖြေထိုင်ခုံများခွဲဝေပေးရန်နှင့် ကောင်းဘို့ကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာတစ်ဦးအား ဦးစားပေးလျာထားခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၂၂ |

(၄) **"ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာအုပ်စု၊ လုံ့တိုး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ် လျက်ရှိသော KG ကျောင်းဆောင်အား ဆောင်ရွက် ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂

(ဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လွိုင်လင်မြို့နယ်အတွင်းရှိ ဝါးတော၊ လုံအောင်၊ လွိုင်တပ် ကျေးလက်ကျန်းမာရေးဌာနခွဲ (၃)ခုကို စံချိန်စံညွှန်းနှင့် ကိုက်ညီသော အဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များရရှိရေး"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(၂) **"လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊ ထီကတူး ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/ မရှိ "**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(င) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုင်းဖြတ်မြို့နယ်အတွင်းရှိ အသည်းရောဂါအတွက် ကုသမှုနှင့် ကာကွယ်ဆေးများစီစဉ်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၇

(၈) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆို တင်သွင်းခြင်း။ ၃၀

(၉) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်း ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန် ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက် ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်း ကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၁

(၁၀) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၃၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၄

(၁၂) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၆

**( ခ) (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၈

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၉

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၃၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြား ခြင်း။ ၃၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၄၂

(က) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ကွန်ဟိန်းမြို့နယ်၊ ဝမ်မိုင်- လွယ်ဆိုင်- ဝမ်ပတ်ရွာချင်းဆက်လမ်းပေါ်ရှိ ဝမ်ပတ်သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ပေးရန်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂

( ခ) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏
(၁) **"မိုင်းဆတ်မြို့နယ်၊ ကာနကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း ပင်မအဆောင်ကို RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၄
(၂) **"မိုင်းဆတ်မြို့နယ်၊ နားကောကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း ပင်မအဆောင်ကို RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၅

( ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ဆန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်ရယူခြင်းမရှိသည့် တင်ဒါအောင်မြင်သော ကုမ္ပဏီများအား အစိုးရအဖွဲ့က မည်ကဲ့သို့ဆောင်ရွက်မည်"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၆

(ဃ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"တောင်ကြီးနှင့်ရွှေညောင်ဘူတာသို့ ခရီးသည်များနှင့် ကုန်စည်များ သယ်ဆောင် ဝင်/ ထွက်သွားလာနိုင်ခြင်း မရှိသည့်ကိစ္စ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၈

( င) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏
(၁) **"ရွာငံမြို့နယ်အတွင်းရှိ ရေချမ်းပြင် - ဒုတ္တိုးရေ - ယုံတောင်ကျေးရွာချင်းဆက် မြေသားလမ်း(၄)မိုင်ကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၁
(၂) **"ရွာငံမြို့နယ်အတွင်းရှိ ရေဦး- ကျောက္ကူပြင်လမ်းခွဲမှ ကျောက်ပိစပ်- ကိုးဆူ- ရေချမ်းပြင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၂

( စ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေနှင့်ပတ်သက်၍ ဒေသဆိုင်ရာ(မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၅

(ဆ) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လဲချားမြို့နယ်ရှိ နမ့်တောင်းချောင်းဆည်မှ လဲချားမြို့သို့ ရေပေးဝေရေး ဆောင်ရွက်နေသည့်လုပ်ငန်း"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၅၈

(ဇ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ မိုင်းပွန်- တိပေါး- ကုန်းပက် လမ်းပေါ်ရှိ သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၁

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၆၃

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၇

(၈) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၆၇

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၇၄

(၁၀) ဒေါ်မေရီနို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံ ဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း။ ၈၀

(၁၁) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၈၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၄

**( ဂ ) (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၅

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၆

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် ၈၈
လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ၈၉
**“မိုင်းလုံမြို့အတွက် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေး11KV (၁၀)မိုင်ဆောင်ရွက်ခြင်းနှင့် (၄၀၀)ဗို့ လိုင်း၊ ထရန်စဖော်မာ (၆)လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား မည်သည့်အချိန် ကာလတွင် ဆောင်ရွက်ပေးမည်”**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊** ၉၁
**ဂနိုင်ကြီးနှင့် ကျောက်တန်းကျေးရွာ မူလတန်းကျောင်း ဆောင်များတွင် ပြုပြင်ထိန်းသိမ်းစရိတ်များ ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅)အုပ်စု၊** ၉၂
**ကျေးရွာ(၁၉)ရွာနှင့် အုတ်ကျင်းရတနာ မဂ္ဂင်တရား ရိပ်သာတို့ကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ရပ်စောက်မြို့နယ်အတွင်းရှိ ကြာအင်း- မြောင်းတော်-** ၉၄
**သနပ်တောင်- ဝန်စိုလမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း အား ဝန်စိုကျေးရွာဘက်မှစတင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ဂျာမနီ** ၉၆
**နိုင်ငံ၊ Kfw အဖွဲ့မှ ဆောင်ရွက်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများ စီစဉ်ဆောင်ရွက် နေမှု”**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းကိုင်** ၉၈
**မြို့နယ်ရှိ စာရင်းစစ်ရုံးတွင် ဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းနှင့် မော်ဆောင်းကျေးရွာကြား ကျေးရွာချင်းဆက် မြေသားလမ်းကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၉

(၂) **“ကွတ်ခိုင်မြို့နယ်၊ ကာလိုင်ကျေးရွာအုပ်စု၊ ကာလိုင်ကျေးရွာနှင့် ဟိုနောင်ကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာကြားရှိ မြေသားလမ်း(၂)မိုင်(၂)ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(၃) **“ကွတ်ခိုင်မြို့နယ်၊ ဟိုနောင်ကျေးရွာအုပ်စု၊ ဟိုနောင်ကျေးရွာသို့သွားသော မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(စ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“သံလွင်မြစ်ကူး တာကော်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသောယာဉ်များကို ငွေကြေးကောက်ခံနေခြင်း”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၂

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၀၇

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၁၁၆

(၈) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း) အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၁၇

(၉) ဒေါ်မေရီရှို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏**“နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၁၉

(၁၀) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၃၁

(၁၁) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု(Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့် လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့်အဆုံးအဖြတ်ရယူခြင်း။ ၁၃၆

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၃၉

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၄၀

**(ဃ) (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၄၁

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၄၂

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၄၂

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၄၂

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၄၄

(က) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **“တောင်ကြီးမြို့၏ လူစည်ကားရာနေရာများတွင် သူဖုန်းစားများ၊ အသက်(၁၀)နှစ်အောက် ကလေးငယ်များနှင့် မသန်စွမ်းများ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၄၄

(ခ) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ၏**“ရှမ်းပြည်နယ်တွင်း သတ္တုတူးဖော်ရေး စီမံကိန်းလုပ်ငန်းများတွင် သီးခြားရန်ပုံငွေ(၄)ရပ်”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၆

(ဂ) ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ရပ်စောက်မြို့နယ်တွင် ECCD သင်တန်းဆင်းပြီး တာဝန်ထမ်းဆောင်လျက်ရှိသော မူလတန်းကြိုကျောင်း ဆရာမ(၇)ဦးအား တရားဝင်နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ရန် အစီအစဉ် ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၉

(၂) **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် အဆို အပေါ် ဆောင်ရွက်ထားရှိမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၀

(ဃ) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု၊ မန်တုံ ကျေးရွာ၊ ပန်ကိုင်- ပန်လော့ ကျေးရွာအုပ်စု၊ မန်နိမ်း အွန်ကျေးရွာအုပ်စုနှင့် မန်းပူးကျေးရွာအုပ်စု၊ လုံကန် ကျေးရွာကြားရှိ မြေသားလမ်းကို ကျောက်ပြန်းလမ်းခင်း ပေးရန် အစီအစဉ်ရှိ/ မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၂

(၂) **"ကွတ်ခိုင်မြို့နယ်၊ မိုင်းယုနှင့် မန်နိမ်းအွန်ကျေးရွာ အုပ်စုရှိ ကျေးရွာ(၇)ရွာကို ဆက်သွယ်သည့် ကျေးရွာ ချင်းဆက် မြေသားလမ်း(၅/၀)မိုင်ကို ၂၀၁၉ - ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၃

(င) ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်း ပြည်နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် အရန်မီးသတ် ရေလှောင်ကန်တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၅

(စ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်း ပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ပုဂ္ဂလိက သယ်ယူပို့ ဆောင်ရေးလုပ်ငန်း မည်မျှရှိပြီး၊ တရားမဝင်ယာဉ်များပြေးဆွဲ နေမှုအားအရေးယူဆောင်ရွက်နေမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၈

(၆) ဦးစိုင်းအောင်ကျော်ဦး၊ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ရှမ်း ပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင်အကျိုး သက်ရောက်မှု(Environment Impact Assessment) နှင့် လူမှုအကျိုး သက်ရောက်မှု (Social Impact Assessment)စသည့်လုပ်ငန်းစဉ် များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက် အကောင်အထည်ဖော်ရန်အတွက်ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်း ကြောင်း"**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၆၄

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၅

(၈) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၇- ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။ ၁၈၀

(၉) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၁၈၅

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၁၈၈

- ဆုံးဖြတ်ချက်များ ၁၈၉

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (ပထမနေ့)မှတ်တမ်း

# ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်

# ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

# [သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် ကတိသစ္စာပြုမည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က မိမိအမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခုခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အားလုံးထိုင်နိုင်ပါပြီ။ ယခုကတိသစ္စာပြုပြီးတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မိမိနေရာသို့ ပြန်လည်နေရာယူရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး အစည်းအဝေးနားတဲ့အခါ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၇၇.၈၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့

ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈-၂-၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၉) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၁၀) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၁) ဦးအောင်သူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၂) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၃) ဦးကျကဖော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၄) ဦးဖော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၅) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၆) ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၇) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၁၈) ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၉) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၂၀) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၁) ဒေါက်တာဝဏ္ဏစိုး၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၂) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၃) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၂၄) ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၂၅) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၂၆) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၇) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၂၈) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂၉) ဗိုလ်မှူးမျိုးမင်းထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃၀) ဗိုလ်မှူးအောင်မျိုးမင်း၊တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၃၁ ) ဗိုလ်မှူးကျော်ဆန်းမင်း၊တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

ယနေ့ ခွင့်ပန်ကြားသူ (၃၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

## (သုံးကြိမ်တိုင်တိုင်မေးပါသည်။
## လွှတ်တော်ကသဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မိမိတို့ ရှမ်းပြည်နယ်လွှတ်တော်၏ အခန်းကဏ္ဍ၊ ဆောင်ရွက်ပုံနည်းစနစ်နဲ့ ကိုယ်စားပြုမှုများကို ယခုထက်ပိုပြီး ခိုင်မာကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ယခုကျင်းပတဲ့ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြီးဟာ ၂၀၁၉ ခုနှစ် နှစ်သစ်မင်္ဂလာမှာ ပြန်လည်စတင်ကျင်းပတဲ့ အစည်းအဝေးကြီးဖြစ်သလို၊ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့မှာ စတင်ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ရဲ့ (၃)နှစ်ပြည့်မြောက်တဲ့နေ့ကို ရွေးချယ်သတ်မှတ်ပြီးယခုလို (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (ပထမနေ့)အဖြစ် ခေါ်ယူကျင်းပရခြင်း ဖြစ်ပါတယ်။

ယခု ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ပေးပို့ထားတဲ့ အဆို(၃)ခုကို တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ် (၁၇)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း(၄၁)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ ရှိပါတယ်။ ဥပဒေကြမ်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီးသား ဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးနိုင်ဖို့ရှိသလို နောက်ထပ် ဥပဒေကြမ်း(၂)ခုကိုလည်းပဲ တင်သွင်းဖို့ ရှိပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သက်တမ်း(၃)နှစ်ပြည်မြောက်တဲ့ ကာလမှာ လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို အကျဉ်းချုပ်ပြီး တင်ပြလိုပါတယ်။ လွှတ်တော်က ဥပဒေကြမ်း(၁၅)ခုနဲ့ တင်သွင်းတဲ့ အဆို(၄၇)ခုအနက် (၂၇)ခုကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ပေါင်း(၆၅)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း(၆၇၆)ခုနဲ့ လွှတ်တော်ကိုယ်စားလှယ် (၅၃)ဦးက ကြယ်ပွင့်မပြမေးခွန်းပေါင်း(၅၀၄)ခု မေးမြန်း၊ ဖြေကြားခဲ့တာကို တွေ့ရှိရပါတယ်။

ဒီနေရာမှာ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းကဏ္ဍကို ကောက်နုတ်ပြီးတော့မှ အသေးစိတ်တင်ပြရမယ်ဆိုလို့ရှိရင် ယနေ့အထိမေးခွန်း(၁)ခုစီမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က (၅)ဦးရှိပါတယ်။ မေးခွန်း(၂)ခုမှ (၄)ခုအထိ မေးမြန်းတဲ့ ကိုယ်စားလှယ်က (၁၄)ဦး၊ မေးခွန်း (၅)ခုမှ(၉)ခုအထိ မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က(၂၀)ဦး၊ မေးခွန်း (၁၀)ခုမှ (၂၀)ခု အထိ မေးမြန်းတဲ့ ကိုယ်စားလှယ်က(၂၃)ဦး၊ မေးခွန်း(၂၈)ခု မေးမြန်းတဲ့ ကိုယ်စားလှယ်က (၁)ဦး၊ မေးခွန်း(၄၉)ခု မေးမြန်းတဲ့ ကိုယ်စားလှယ်က (၁)ဦးဖြစ်ပြီးတော့မှ မေးခွန်း(၉၂)ခု အထိ အများဆုံးမေးမြန်းတဲ့ ကိုယ်စားလှယ်က (၁)ဦး ဖြစ်ကြောင်း မှတ်တမ်းတင် ဖော်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် ပတ်သက်လို့ လွှတ်တော်အစည်းအဝေးများကို ဘဏ္ဍာရေးအပေါ်မှာ မူတည်ပြီးတော့မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အပေါ်မူတည်ပြီး ပြည်နယ်လွှတ်တော် အစည်းအဝေးများကို အများအားဖြင့် ခေါ်ယူကျင်းပရတာဖြစ်တဲ့အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကဏ္ဍကိုအထူးပြုရှင်းလင်းပြောကြားလိုပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနဲ့ ဒေသန္တရစီမံကိန်းဥပဒေများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်လွှတ်တော်မှ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းများကိုဆောင်ရွက်ရန်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေးအား တစ်နှစ်လျှင် အနည်းဆုံး(၃)ကြိမ် ခေါ်ယူကျင်းပလျက်ရှိပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်ကို နှစ်စဉ် ဧပြီလမှ မတ်လအထိ သတ်မှတ်ခဲ့ပြီး ၂၀၁၈ခုနှစ်၊ ဧပြီလမှ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလအထိကို ကြားကာလ ဘတ်ဂျက်သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၈- ၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် အောက်တိုဘာလမှ စက်တင်ဘာလအထိကို ဘဏ္ဍာရေးနှစ်အဖြစ် ပြောင်းလဲသတ်မှတ်လာတာကိုလည်း ကိုယ်စားလှယ်များအားလုံး အသိပဲဖြစ်ပါတယ်။ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတား ဆည်မြောင်းတာတမံ လုပ်ငန်းများတည်ဆောက်ခြင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့်ရင်းနှီးမြုပ်နှံမှုများကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့မြို့နယ်တွင် လိုအပ်လျက်ရှိသော စီမံကိန်းလျာထားချက်များကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပြီးတော့မှ နှစ်အလိုက် စီမံကိန်းလျာထားချက်များကို ပါဝင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ စီမံကိန်းလျာထားချက်တွင် ပါဝင်ပြီးမှသာ ဘဏ္ဍာငွေ လျာထားချက်မှာ ပါဝင်နိုင်မှာ ဖြစ်တယ်ဆိုတဲ့အကြောင်းလည်းပဲ ရှင်းလင်းပြောကြားလိုပါတယ်။

နှစ်စဉ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့သည့် ဘဏ္ဍာငွေများအပါအဝင် မည်သည့်လုပ်ငန်းများတွင် ဘတ်ဂျက်မည်မျှသုံးစွဲရန် လိုအပ်သည်ဆိုသည့် အရအသုံး ခန့်မှန်းခြေငွေစာရင်းအား ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာပါက ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာမှာ ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီရဲ့ ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာအပေါ် ပူးပေါင်းပါဝင် ဆွေးနွေးကြပြီး ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးရတာ ဖြစ်ပါတယ်။

ထို့အတူ နှစ်စဉ် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းများကိုလည်းပဲ ရှမ်းပြည်နယ် လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့က စိစစ်ပြီး ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးရတာဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၃)နှစ်တာကာလအတွင်း ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း (၆)ခုနဲ့ ဒေသန္တရစီမံကိန်း ဥပဒေကြမ်း(၃)ခုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ နိုင်ငံပိုင်ရင်းနှီးမြုပ်နှံ မှုငွေလုံးငွေရင်းအသုံးစရိတ်မှာ ဆက်လက်တင်ပြရမည်ဆိုရင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာ ရေးနှစ်မှာ ကျပ်သန်းပေါင်း(၁၆၄.၉၀) ဘီလီယံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၆)လ ဘတ်ဂျက်နှစ်မှာ ကျပ်သန်းပေါင်း (၇၁.၄၄)ဘီလီယံနှင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း(၁၆၅.၇၇၄)ဘီလီယံ ဖြစ်ကြောင်း တစ်ဆက်တည်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် မဲဆန္ဒရှင်ပြည်သူ များဟာ ၎င်းတို့၏ လိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေး ရွေးချယ်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ၎င်းတို့ရဲ့ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ မဲဆန္ဒရှင်များ၏ နစ်နာချက်များ၊ တောင်း ဆိုချက်များကို သိရှိအောင် များများနားထောင်ပေးပြီး တောင်းဆိုသည့် အချက်များကို အဆုံး အဖြတ်ပေးဆောင်ရွက်ပေးနိုင်သည့် အုပ်ချုပ်ရေးကဏ္ဍိုင်မှ တာဝန်ရှိသူများထံရောက်ရှိအောင် ညှိနှိုင်းဖော်ထုတ်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင်မိမိမဲဆန္ဒနယ်ရှိ ရင်းမြစ်အသစ်များ ပေါ်ကွယ် လာစေရန် ဆောင်ရွက်ပေးခြင်း၊ ရှိပြီးသား ရင်းမြစ်များလျော့ပါးခြင်းမရှိအောင် ကာကွယ် ပေးခြင်းတို့ကိုလည်းပဲ တစ်ဆက်တည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့ လွှတ်တော် သက်တမ်းဟာ (၃)နှစ်ပြည့်မြောက်လာတာနဲ့အမျှ ကိုယ်စားလှယ်များရဲ့ အတွေ့အကြုံနှင့်

စွမ်းဆောင်ရည်တို့ဟာ သက်တမ်းကြာမြင့်ချိန်နဲ့ တိုက်ရိုက်အချိုးကျမယ်လို့လည်း ယုံကြည်ပါတယ်။ မိမိတို့လွှတ်တော်မှာ ထိလွယ်ရှလွယ်ခြင်း၊ အချိုးမကျခြင်း၊ စွမ်းရည်မပြည့်မှီခြင်း၊ ပဋိပက္ခ ဖြစ်ခြင်းစသည့်တို့ မဖြစ်စေရေးအတွက် အမြဲတန်းသတိပြုကြပြီး လွှတ်တော်တွင်းလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းလာအောင်၊ ပိုမိုလည်ပတ်နိုင်စွမ်းရှိသည့် လွှတ်တော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက် ချီးမြှင့်ပေးပါသောလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး နှစ်သစ်အခါသမယမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော််အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ “သမဝါယမ” အခန်းကဏ္ဍနဲ့ ပတ်သက် ပြီးကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ “သမဝါယမ”ဆိုတာ “မျှမျှတတ၊ ညီတူညီမျှ စုပေါင်းကြိုးစားအားထုတ်ခြင်း”ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၈၉၅ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှာ “အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်”ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါကလည်း ၁၈၄၄ ခုနှစ်က စတင်လှုပ်ရှား

ခဲ့တဲ့ " ရော့ခဒေးရှေ့ဆောင်လမ်းပြ" သမဝါယမ အသင်းက စတင်မွေးဖွားလာခြင်းကြောင့် ယခုလို ဖွဲ့စည်းခဲ့ရခြင်း ဖြစ်တယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံမှာလည်း ၁၉၀၅ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့မှာ "မြင်းမူမြို့နယ် ငွေစုငွေချေး သမဝါယမအသင်း"ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့်မို့လို့ " မြန်မာ သ/မ" မြင်းမူကလို့ ပြောလို့ရပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ရဲ့ မူလ အသင်းရုံး စတင်တည်ရှိရာ မြေပေါ်မှာ "သမဝါယမ မော်ကွန်းကျောက်စာတိုင်" စိုက်ထူ ခဲ့တာ ယနေ့ထိ ရှိပါတယ်။

သမဝါယမအသင်းဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ကတော့ "ညီတူမျှတတဲ့ လူမှုစီးပွားရေး ဘဝကို တည်ဆောက်နိုင်ဖို့ ပေါ်ပေါက်လာတဲ့ လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် (One For All , All for One) အများအကျိုးကို တစ်ဦးတစ်ယောက်က ဆောင်ရွက် သလို၊ တစ်ဦးတစ်ယောက်ရဲ့ အကျိုးအတွက် အများက ဆောင်ရွက်ပေးတဲ့ လူမှုစီးပွား( Social Economic)ကို အလေးထားဆောင်ရွက်ခဲ့တဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ဝင်ငွေနည်း ပါးတဲ့သူများအနေနဲ့ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်ဖို့ အဓိကမောင်းနှင်အား ဖြစ်တဲ့ "မတည်ရင်းနှီးငွေ"ကို အတိုးနှုန်းသက်သာစွာနဲ့ ရရှိဖို့ဖြစ်သလို သမဝါယမစနစ်တွေ ကျင့်သုံးခြင်းအားဖြင့် တစတစနဲ့ ရရှိလာမဲ့ အကျိုးအမြတ်များတွေကိုလည်းပဲ အသင်းသား တွေ ထိုက်ထိုက်တန်တန် ရရှိခံစားစေဖို့ပဲ ဖြစ်ပါတယ်။ အင်မတန်ကောင်းမွန်ပြီး ထိရောက်တဲ့ ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။

ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တုန်းကဆိုရင် ၁၉၇၁ ခုနှစ်၊ သမဝါယမ အသင်းဥပဒေ ပြဋ္ဌာန်းပြီး သမဝါယမ အသင်းများကို ကာကွယ်စောင့်ရှောက်ပေးသည့်အပြင် သမဝါယမစီးပွားရေးကဏ္ဍကို နိုင်ငံတော်၏ ဒုတိယစီးပွားရေးမဏ္ဍိုင်အဖြစ် ထားရှိကာ ပံ့ပိုး ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲ့ဒီခေတ်က သမဝါယမအသင်းများသည် ကုန်သွယ်လယ်ယာဌာနက ခွဲဝေရရှိတဲ့ စားသောက်ကုန်နှင့် ပစ္စည်းများ စက်မှု (၁)ဝန်ကြီး ဌာနက ခွဲဝေရရှိတဲ့ စာချုပ်အဝတ်အထည်အလိပ် ရောင်းချခြင်းဖြင့် ရပ်တည်ခဲ့ပါတယ်။ နိုင်ငံခြား ဖြစ်ပစ္စည်းဆိုရင် ဘာမှ လွတ်လွတ်လပ်လပ်ရောင်းချလို့ မရပါဘူး။ တရုတ်ခါတ် ဘူးတစ်လုံး၊ ကြွေပန်းကန်ပြားတစ်ချပ်လိုရင်တောင် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်ရဲ့ လက်မှတ်ပါမှ သမဝါယမအသင်းမှာ ဝယ်လို့ရတဲ့ အနေအထားမှာ ရှိပါတယ်။ ပြည်ထောင်စု အဆင့် သမဝါယမဝန်ကြီးဌာနဖွဲ့စည်းပြီး ဗဟိုသမဝါယမအသင်း၊ အသင်းစုချုပ်၊ အသင်းစု၊ မြို့နယ်သမဝါယမအသင်း၊ အခြေခံသမဝါယမအသင်းဆိုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ယခုပြည်သူ့အစိုးရလက်ထက်မှာ သမဝါယမအသင်းများဟာ အစိုးရထံမှ မည်သည့် ပစ္စည်းများ ခွဲဝေမရရှိတော့ဘဲ ပုဂ္ဂလိကနည်းတူ ကိုယ့်အားကိုယ်ကိုးပြီး ဈေးကွက်စီးပွားရေး စနစ်ကို လုပ်လာရပါတယ်။ နိုင်ငံတော်ရဲ့ ဒုတိယစီးပွားရေးမဏ္ဍိုင် မဟုတ်တော့ဘဲ ပုဂ္ဂလိက ကုမ္ပဏီများသာ စီးပွားရေးကို လက်ဝါးကြီးအုပ်လာပါတယ်။ သမဝါယမအသင်း ဆိုတာ လည်း လေတိုက်တဲ့ တိမ်တိုက်လို အစိုင်အခဲကနေ တစ်ဖြေးဖြေး ပါးလွှာပျောက်ကွယ်လု ဖြစ်နေပါပြီ။ လူထုလည်း သမဝါယမအသင်းကို အားကိုးမှုနည်းလာပြီး၊ တချို့ဆိုရင် သမဝါယမအသင်းဆိုတာ ရှိမှန်းတောင်မသိတော့ပါဘူး။ သမဝါယမအသင်းတော်တော် များများဟာ တရုတ်နိုင်ငံ China EXIM BANK မှ ချေးယူသော ငွေကြေးဖြင့် တစ်ဆင့် ငွေတိုးပေးပြီး အသက်ဆက် လျက်ရှိပါတယ်။ အတိုးယူတယ်ဆိုတာ "လူသာအိပ်ပြီး အတိုးမအိပ်ဘူး"ဆိုတဲ့ စကားလို အတိုးပိပြီး စီးပွားပျက်တဲ့ တောင်သူတွေရှိပါတယ်။ အတိုးပေးတဲ့သူကသာ ချမ်းသာပြီးရင်း ချမ်းသာမြဲဖြစ်နေပါတယ်။

အဲ့ဒီချေးငွေသာ မရရင် အဲ့ဒီအသင်းလည်း လုံးဝရပ်တည်နိုင်မှာ မဟုတ်တော့ပါဘူး။ ငွေတိုးယူပြီး စီးပွားရေး လုပ်တယ်ဆိုတာ ရေရှည်မှာ မကောင်းပါဘူး။ သမဝါယမအသင်းတွေ လုပ်ငန်းနည်းလာတာနဲ့အမျှ သမဝါယမအသင်းတွေ ကြီးကြပ်ထိန်းကျောင်းတဲ့ သမဝါယမ ဦးစီးဌာန ဝန်ထမ်းဆိုတာ အလုပ်မရှိသလောက် နည်းပါးလာတာတွေ့ရပါတယ်။ တစ်ချို့ မြို့နယ်ဆိုရင် သမဝါယမဦးစီးဌာနဝန်ထမ်းတွေ ပိုလျှံနေတာတွေ့ရပါတယ်။ ဒါ့ကြောင့် မေးမြန်းလိုတာကတော့-

(၁) ဆင်းရဲမှုလျော့ချရေးမှာ ရည်ရွယ်ချက်ကောင်းမွန်တဲ့ သမဝါယမအသင်းများ၊ အင်အားတောင့်တင်းဖွံ့ဖြိုးလာအောင် အစိုးရမှ မည်ကဲ့သို့သော ကူညီပံ့ပိုး မှုများ ဆောင်ရွက်ပေးသည်ကို သိရှိလိုပါသည်။

(၂) သမဝါယမဦးစီးဌာနအား ပြန်လည်စိစစ်၍ ပိုလျှံနေသော ဝန်ထမ်းများအား အမှန်တကယ် လိုအပ်နေသော အခြားဌာနများသို့ လွှဲပြောင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကိုသိရှိလို၍ လူထုကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါ သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအခန်းကဏ္ဍနှင့် ပတ်သက်ပြီး ဆင်းရဲမှုလျှော့ချရေးမှာ ရည်ရွယ်ချက်ကောင်းမွန်သည့် သမဝါယမအသင်းများ၊ အင်အားတောင့်တင်း ဖွံ့ဖြိုးလာ အောင် အစိုးရမှ မည်ကဲ့သို့သော ကူညီပံ့ပိုး ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းနှင့် ပတ်သက်ပြီး သမဝါယမအသင်းများ ခိုင်မာတောင့်တင်းစေဖို့ ပထမဦးစွာ ဖွဲ့စည်းမှု ပုံသဏ္ဍာန်မှန်ကန်စေရန် အဓိကကျပါတယ်။ အမှုဆောင်များ၊ အရည်အသွေးရှိသူများ၊ အများ အကျိုးကို အလေးထားသူများ၊ စီးပွားရေး အမြင်ရှိသူများ၊ လူမှုရေးစိတ်ဓာတ်ရှိသူများကို ရွေးချယ်ရန် လိုအပ်ပါတယ်။ ဒါကြောင့် သမဝါယမအသင်းများ ဖွဲ့စည်းမှုမှန်ကန်စေရေး၊ အရည်အသွေးကောင်းများနှင့် ပြည့်စုံတဲ့အမှုဆောင်ကောင်းများကို အသင်းသားများမှ ရွေးချယ်တတ်စေရေး ပညာပေးဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ပေးလျက်ရှိပါတယ်။

အဲ့ဒါအပြင် အသင်းများ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အသင်းလုပ်ငန်း များ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်တဲ့ ငွေကြေးအရင်းအနှီးကို အတိုးနှုန်းတစ်ခု သတ်မှတ်ပြီး ငွေချေးပေးလျက်ရှိပါတယ်။ China EXIM Bank ချေးငွေကနေပြီးတော့ လတ်တလော သက်သာချောင်ချိမှုရရှိပြီး ပြင်ပမှ အတိုးနှုန်း မြင့်မြင့်မားမားဖြင့် ရယူခြင်းမှ ကင်းဝေးစေရန်ဖြစ်ပြီးတော့ ရေရှည်တွင် ချေးငွေကို အားထားခြင်းမပြုရန်၊ အသင်းနှင့် အသင်းသားများ မိမိခြေထောက်ပေါ်မှာ မိမိရပ်တည်နိုင်စေရေးအတွက် ချေးငွေချေးတိုင်း စုဆောင်းငွေကို စုဆောင်းစေပါတယ်။ စုဆောင်းငွေပေါ်မှာလည်း အတိုးနှုန်း ၁ ိ/- ကျပ် သတ်မှတ်ထုတ်ပေးထားပါတယ်။ သို့ဖြစ်ပါ၍ China EXIM Bank ချေးငွေ ကုန်သွားပါက ၎င်းတို့၏ စုဆောင်းငွေများဖြင့် ဆက်လက်ရပ်တည်နိုင်အောင် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

အသင်းများ စာရင်းဇယား မှန်ကန်စွာ ပြုစုထားရှိနိုင်ရေးနှင့် အသင်းလုပ်ငန်းများ စီမံခန့်ခွဲနိုင်စေရေး စာရင်းအင်း၊ စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းများကိုလည်း အခမဲ့ ပို့ချပေးလျက်ရှိပါတယ်။

စီးပွားရေးလုပ်ငန်း တစ်ခုလုပ်ကိုင်ရာမှာလိုအပ်သည့်အရင်းအနှီးတွေ၊ နည်းပညာတွေ၊ ဈေးကွက်တွေရှိဖို့ရာလည်း သက်သာတဲ့ အရင်းအနှီးရရှိအောင် ချေးငွေများ ထုတ်ချေးပေး သည့်အပြင် ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်ပြီး လက်မှုကုန်ထုတ်နည်းတွေ၊

လူသုံးကုန်ပစ္စည်း ထုတ်လုပ်နည်းတွေ၊ သစ်သီးများ တာရှည်ခံအောင် ပြုလုပ်နည်းနဲ့ အထည်အလိပ်လုပ်ငန်းစသည့် လိုအပ်တဲ့ နည်းပညာ သင်တန်းများလည်း ပို့ချပေးလျက်ရှိပါတယ်။

အဲ့ဒါအပြင် နယ်သာလန်နိုင်ငံအခြေစိုက်တဲ့ Agriterra တောင်သူလယ်သမားအဖွဲ့အစည်းများမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၄)နှစ်ကြာ “My Co-operative Development Programme” မြန်မာ့သမဝါယမဖွံ့ဖြိုးမှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမှတစ်ဆင့် စံပြသမဝါယမအသင်းများ ရွေးချယ်ပြီး ဆင့်ပွားသင်တန်းများပေးခြင်း၊ ဈေးကွက် ချိတ်ဆက်ခြင်းနှင့် တန်ဖိုးမြှင့် ကွင်းဆက်များ ဖော်ဆောင်ပေးခြင်း၊ သမဝါယမအသင်းသားများ၊ ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

Agriterra အဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်းမှာ သမဝါယမဦးစီးဌာနမှ အရာထမ်း (၃)ဦးကို ဆရာဖြစ်သင်တန်း ပို့ချပေးခဲ့ပြီး (တောင်ကြီး၊ ညောင်ရွှေ၊ ရပ်စောက်၊ ကလော၊ ပင်းတယ၊ ပင်လောင်း၊ ရွာငံ၊ နောင်ချို၊ ကျောက်မဲနှင့် လားရှိုး) မြို့နယ် (၁၀)မြို့နယ်မှာ သမဝါယမအသင်း (၁၀)သင်းရှိ အသင်းအမှုဆောင်တွေ အသင်းဝန်ထမ်း (၅၀)ဦး ကို “My COOP Training”ဆိုတဲ့ ကျွန်ုပ်၏ သမဝါယမအား စီမံခန့်ခွဲခြင်း သင်တန်းကို (တောင်ကြီး၊ နောင်ချို၊ အောင်ပန်း) မြို့တွေမှာ ဖွင့်လှစ်ပေးခဲ့ပြီးတော့ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအကြိမ် သမဝါယမစီမံခန့်ခွဲခြင်း ဆရာဖြစ် သင်တန်း “My COOP (TOT) Training” သင်တန်း ဖွင့်လှစ်ခြင်းဖြင့် ပြည်နယ်အတွင်းမှာရှိတဲ့ အရာထမ်း သင်တန်းသား (၂)ဦးနှင့် ဆီဆိုင်၊ နမ့်စန်(တ)၊ သီပေါ၊ နမ္မတူ မြို့နယ် (၄)မြို့နယ်မှာရှိတဲ့ သမဝါယမအသင်း (၅)သင်းရှိ အသင်းအမှုဆောင်များ၊ အသင်းဝန်ထမ်းများကိုလည်း ဒီသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းပို့ချခြင်း၊ လိုအပ်တဲ့အကူအညီများ အထောက်အပံ့များ ရရှိအောင် ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး သမဝါယမဦးစီးဌာနအား ပြန်လည်စိစစ်ပြီး ပိုလျှံတဲ့ ဝန်ထမ်းများကို အမှန်တကယ် လိုအပ်နေသော အခြားဌာနများသို့ လွှဲပြောင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ရှိ မြို့နယ် ၄၂ မြို့နယ်မှာ ဖွဲ့စည်းပြီးတဲ့ သမဝါယမအသင်းပေါင်း(၂၂၁၁)သင်းရှိပါတယ်။ ဖွဲ့စည်းပုံအရလည်း ဝန်ထမ်း(၁၄၁၄) ဦးခန့်ထားရမှာ ဖြစ်သော်လည်း ဝန်ထမ်း (၄၄၃) ဦး ဖွဲ့စည်းပုံ၏ ၃၁% ဖြင့်သာ သမဝါယမအသင်းများအား ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ရေးထိန်းကျောင်းတည့်မတ်ပေးခြင်းလုပ်ငန်း

များဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမအသင်းများကို ချေးငွေထုတ်ချေးပေးရာမှာလည်း အသင်းအဆင့်ဆင့်အနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးရခြင်းအပြင်(၆)လတစ်ကြိမ် စာရင်းစစ်ဆေးပေးခြင်းများ၊ ၎င်းတို့ အသင်းစာရင်းများရေးဆွဲနိုင်ရန် စာရင်းရေး၊ စာရင်းကိုင်သင်တန်းများ ပို့ချခြင်း၊ သမဝါယမလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကျင်းပခြင်း၊ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးများကို ဦးဆောင် ကျင်းပပေးခြင်းတို့ကို တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီးတော့ သီးနှံပေါ်ချိန်မှာ သီးနှံဈေးနှုန်းကျဆင်းခဲ့ပါက တောင်သူလယ်သမားများ ထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေရေးအတွက် သမဝါယမအသင်းအဆင့်ဆင့်ကနေပြီးတော့ ပူးပေါင်းပြီး စီမံချက်များရေးဆွဲပြီး ဖော်ပြပါလုပ်ငန်းစဉ်(၃)ရပ်ကို အသင်းသားများ လိုက်ပါဆောင်ရွက်နိုင်ရေး စည်းရုံးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်-

သီးနှံပေါ်ချိန်မှာ သီးနှံဈေးနှုန်းများ ကျဆင်းခဲ့ပါက မြို့နယ်သမဝါယမအသင်းစုများမှ မှန်းပေါင်စနစ်ဖြင့် ခေတ္တစိုက်ဝယ်ပြီး သီးနှံများကို အချိန်ကာလ တစ်ခုအထိ တောင်သူကိုယ်တိုင် မိမိအစီအစဉ်ဖြင့် ထိန်းသိမ်းသိုလှောင်သည့် စနစ်၊ ဒုတိယနည်းကတော့ သီးနှံပေါ်ချိန်မှာ သီးနှံများကို သမဝါယမအသင်းများက သီးနှံပေါက်ဈေးအတိုင်း ဝယ်ယူပေးခြင်းနှင့် ဈေးကောင်းရရှိချိန်တွင် ထုတ်ရောင်း၍ အသင်းမှ စိုက်ထုတ်ထားသော ငွေ၊ ၎င်းငွေအပေါ်မှာ အတိုးတို့ထက် ပိုလျှံပါက တောင်သူများအား ပိုလျှံငွေကို အချိုးတစ်ခု သတ်မှတ်ပြီးတော့ ပြန်လည်ထုတ်ပေးခြင်း၊ နောက်တစ်နည်းကတော့ သီးနှံဈေးနှုန်း ကျဆင်းချိန်တွေမှာ သမဝါယမချေးငွေများကို ပြန်လည်ကောက်ခံခြင်း မပြုသေးဘဲ၊ သီးနှံဈေးကောင်းဖြင့် ရောင်းချပြီးသည်အထိ ချေးငွေကာလ တိုးမြှင့်သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ သမဝါယမအသင်းအရေအတွက်နှင့် ဝန်ထမ်းအင်အားဟာ မမျှဘဲ တိုးမြှင့်ခန့်ထားရန်သာ လိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိ ဝန်ထမ်းအင်အားမှာလည်း မကြာမီ အငြိမ်းစားယူမည့် ဝန်ထမ်းများ ရှိနေပါသဖြင့် ပိုလျှံဝန်ထမ်း မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်ပြဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်း H.I.V နှင့် A.I.D.S ရောဂါနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က H.I. V ပိုးကူးစက်ခံရသူ ၂၃၀၀၀၀ ရှိပြီး A.I.D.S ရောဂါဖြင့် သေဆုံးသူပေါင်း ၇၈၀၀ ရှိပါတယ်။ ဒါ့အပြင် A.I.D.S ဆိုတဲ့ ဆေးကို သောက်နေတဲ့သူ ၁၁၀၀၀၀ ရှိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းမှာလည်းပဲ ဒီရောဂါအခြေအနေ မည်မျှအတိုင်းအတာရှိတာကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

၂၀၁၆ခုနှစ်မှ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလအထိ ရှမ်းပြည်နယ်အတွင်းတွင် H.I.V နှင့် A.I.D.S ရောဂါရှိသူမည်မျှရှိပြီး၊ မည်မျှသေဆုံးခဲ့ကြောင်းနှင့် မြို့မှ ကျေးရွာများအထိ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ပြုလုပ်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

မေးခွန်း(၂)ကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းတွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလထိ အနာကြီးရောဂါဖြစ်သူမည်မျှရှိပြီး၊ ဆေးကုသမှုများကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်း H.I.Vနှင့် A.I.D.S ရောဂါရှိသူ မည်မျှရှိပြီး၊ မည်မျှသေဆုံးခဲ့ကြောင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ Tested ( HIVပိုး ရှိ/ မရှိ စစ်ဆေးသူပေါင်း (၄၇၉၇၁၆)ဦးရှိပြီး၊ ၎င်းအနက် Positive (HIVပိုးတွေ့ရှိသူပေါင်း ၁၀၁၇၅ ဦးရှိပါတယ်။ On ART (၂၀၁၈ ဒီဇင်ဘာလကုန်အထိ ART လက်ရှိ ဆေးသောက်နေသူပေါင်း) (၁၃၂၀၅)ဦး ရှိခဲ့ပါတယ်။ AIDS ကြောင့် သေဆုံးသည့်စာရင်းကို သီးသန့်ကောက်ခံထားခြင်းမရှိဘဲ တစ်နိုင်ငံလုံးအနေနှင့် HIV/ AIDS ကြောင့် သေဆုံးသူဦးရေကို ဆေးရုံ data များအပေါ်မူတည်ပြီးတော့ ( National AIDS Programme )မှ ခန့်မှန်းတွက်ချက် ထုတ်ပြန်ခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ HIV High Disease Burden မြို့နယ်များအဖြစ် တောင်ကြီးနှင့် ကလော၊ Medium Disease Burden မြို့နယ်များအဖြစ် ညောင်ရွှေ၊ နမ့်စန်၊ မိုင်းရှူး၊ ပင်းတယ၊ လွိုင်လင်၊ ဟိုပုံး၊ ရပ်စောက်၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်၊ Low Disease Burden မြို့နယ်များအဖြစ် လဲချား၊ မိုးနဲ၊ ဖယ်ခုံ၊ ကွန်ဟိန်း၊ လင်းခေး၊ မောက်မယ်၊ ရွာငံ၊ မိုင်းကိုင်၊ မိုင်းပန်နှင့် ကျေးသီးမြို့နယ်များ သတ်မှတ်ထားပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် HIV High Disease Burden မြို့နယ်များအဖြစ် လားရှိုး၊ မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ ကျောက်မဲနှင့် ပန်ဆန်းမြို့နယ်၊ Medium Disease Burden မြို့နယ်များအဖြစ် မိုင်းရယ်၊ သီပေါ၊ တန့်ယန်း၊ လောက်ကိုင်၊ နမ့်ဆန်၊ နမ္မတူ၊ မိုးမိတ်၊ ကွမ်းလုံ၊ သိန္နီ၊ နောင်ချိုနှင့် မဘိမ်းမြို့နယ်၊ Low Disease Burden မြို့နယ်များအဖြစ် ဟိုပန်၊ မန်တုံ၊ မိုင်းမော၊ ကုန်းကြမ်း၊ မက်မန်း၊ ပန်ဝိုင်နှင့် နားဖန်းမြို့နယ်များ သတ်မှတ်ထားပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် HIV High Disease Burden မြို့နယ်များအဖြစ် တာချီလိတ်၊ မိုင်းလားနှင့် ကျိုင်းတုံမြို့နယ်၊ Medium Disease Burden မြို့နယ်များအဖြစ် မိုင်းဖြတ်၊ မိုင်းယန်းနှင့် မိုင်းဆတ်မြို့နယ်၊ Low Disease Burden မြို့နယ်များအဖြစ် မိုင်းပျဉ်း၊ မိုင်းယောင်း၊ မိုင်းတုံနှင့် မိုင်းခတ်မြို့နယ်များ သတ်မှတ်ထားပါတယ်။

HIVရောဂါဖြစ်ပွားမှုကို ကာကွယ်ရာတွင် သွေးလှူရှင်များ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့အမျိုးသားများ၊ ဆေးရုံတက်လူနာများ၊ အန္တရာယ်ရှိတဲ့ လူအုပ်စုများအတွင်း HIV ပိုးရှိ/ မရှိ အခမဲ့စစ်ဆေးပါတယ်။ အဓိကအားဖြင့် အန္တရာယ်ရှိသော လူအုပ်စု (လိင်လုပ်သားများ၊ အမျိုးသားအချင်းချင်းချစ်ခင် စုံမက်နှစ်သက်ကြသူများ၊ မူးယစ်ဆေး သွေးကြောထဲထိုးသွင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ) အများဆုံးရှိသည်ဟု သတ်မှတ်သော မြို့နယ်များတွင် HIV/ AIDS ၊ ကာလသားရောဂါအကြောင်း ရှင်းပြဆွေးနွေးခြင်းများ ပြုလုပ်ခြင်း၊ ကွန်ဒုံးများဖြန့်ဝေပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြင့် HIV ကူးစက်မှုနှုန်း ကာကွယ်တားဆီးခြင်းလုပ်ငန်းကို လုပ်ဆောင်ပါတယ်။ အသိပညာပေး ဟောပြောခြင်းကို TV၊ Media များမှတစ်ဆင့် HIV ကူးစက်နိုင်သော အပြုအမူများရှောင်ရှားရန် ပညာပေးခြင်း၊ World AIDS Day ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို နှစ်စဉ်ဒီဇင်ဘာလပထမပတ်အတွင်း ပြုလုပ်ခြင်း၊ အလယ်

တန်း/ အထက်တန်း ကျောင်းသား/ ကျောင်းသူများကို ပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းတွင် အနာကြီးရောဂါ ဝေဒနာရှင် မည်မျှရှိပြီး၊ ဆေးကုသမှုများကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အနာကြီးရောဂါ ဝေဒနာရှင်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၁၀၂)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၇၂)ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၁၃)ဦး၊ စုစုပေါင်း (၁၈၇)ဦး တွေ့ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လွိုင်လင်၊ ကျေးသီး၊ မောက်မယ်၊ မိုင်းရှူး၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ ရပ်စောက်မြို့နယ်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် တန့်ယန်း၊ သီပေါမြို့နယ်များမှာ အနာကြီးရောဂါ ဖြစ်ပွားမှု အများဆုံးရှိခဲ့ပါတယ်။ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနတွင် အပတ်စဉ် ဆေးခန်းဖွင့်လှစ်၍ လူနာများရှာဖွေကုသပေးခြင်း၊ G.2 ကိုယ်အင်္ဂါချို့ယွင်းမှု အဆင့်(၂)ရှိတဲ့ လူနာများ၊ Ulcer များဆေးထည့်ပေးခြင်း၊ ပြန်လည်သန်စွမ်းလာအောင် ကူညီပေးခြင်း၊ မြို့နယ်များတွင် BHS များကို Leprosy Training ပေးလျက်ရှိပါတယ်။ လိုအပ်ပါက ပြည်နယ်အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ/ အနာကြီး)နှင့် အနာကြီးရောဂါ စောင့်ရှောက်ရေးမှူးတို့ကလည်း မြို့နယ်များသို့ ကွင်းဆင်း၍ လူနာများကို ကြည့်ရှုကုသပေး လျက်ရှိပါတယ်။ အနာကြီးရောဂါတိုက်ဖျက်ရေး ဌာနတွင် ကုသ၍မပျောက်ကင်းသော လူနာအချို့နှင့် ကိုယ်ခန္ဓာချို့ယွင်းမှုရှိသော လူနာများကို မန္တလေးမြို့၊ ရေနံ့သာအနာကြီးအထူးကုဆေးရုံကြီးသို့ လဲွှပြောင်းကုသပေးလျက်ရှိပါတယ်။ (MDT)ဆေးများ အခမဲ့ပေး၍ ကုသပေးလျက်ရှိပြီး လူနာများ အဆင်ပြေစေရန် နီးစပ်ရာ ကျန်းမာရေးဌာနတွင် ထုတ်ပေးလျက်ရှိပါတယ်။ အနာကြီးရောဂါကန် (အာရုံကြောရောင်ရမ်းလာခြင်းနှင့် အကွက်များပုံမှန် ထက်သိသာလာခြင်း) လူနာများရှာဖွေခြင်း၊ ဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် ပတ်သက်၍ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးကြီးကြပ်(၂)နှင့် သားဖွားဆရာမများကိုလည်း သင်တန်းပေးပြီး ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် အတွင်းတွင် လွိုင်လင်၊ ကျေးသီး၊ မောက်မယ်၊ မိုင်းရှူး၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ ရပ်စောက်မြို့နယ်များတွင် အနာကြီးရောဂါလူနာသစ် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု၊ ရွာသစ်ရွာနှင့် မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာတို့မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ (မြစိမ်းရောင်) ရန်ပုံငွေများ ပေးအပ်နိုင်ရေး အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေကို စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဌာနကြီး(၂)ခုကနေပြီးတော့မှ မြစိမ်းရောင်လို့ခေါ်တဲ့ စိုက်ပျိုးစရိတ်ရန်ပုံငွေများကို ပေးအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာလည်းပဲ ကျေးလက်ဒေသဦးစီးဌာနကနေ မြစိမ်းရောင်ရန်ပုံငွေများကို နှစ်စဉ် ခွဲဝေရရှိသလို မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနကနေ ပေးအပ်တဲ့ ရန်ပုံငွေတွေလည်း ခွဲဝေချထားပေးတာကို လည်းသိရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အလယ်ချောင်ကျေးရွာအုပ်စု၊ ရွာသစ် ရွာနဲ့ မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာတို့ဟာ အလွန်ဆင်းရဲပြီး နွားမွေးမြူရေး နှင့် ဝက်မွေးမြူရေးလုပ်ကိုင်ကြတဲ့ ကျေးရွာများ ဖြစ်ကြပါတယ်။ အဆိုပါ ကျေးရွာတွေကို မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ သွားရောက် ကွင်းဆင်း ဆောင်ရွက်တဲ့အခါမှာလည်း အမှန်တကယ်ဆင်းရဲခြင်း၊ အိမ်ခြေ လူဦးရေများပြားခြင်း၊ မွေးမြူရေးလုပ်ငန်းတွေကို အမှန်တကယ် လုပ်ကိုင်ဆောင်ရွက် နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက် စေရန်အတွက် အဆိုပါ ကျေးရွာ(၂)ရွာ၏ မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နိုင်ဖို့အတွက် လိုအပ်လျက်ရှိတဲ့ အရင်းအနှီးရန်ပုံငွေတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်

များ၊ လေ့လာသူညော့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် မကျီးကုန်း ကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာများတွင် မွေးမြူရေးလုပ်ငန်း ပြုလုပ်ရန် လိုအပ်လျက်ရှိတဲ့ (မြစိမ်းရောင်) မွေးမြူရေး အရင်းအနှီးရန်ပုံငွေအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ ဆိုသည့် မေးခွန်းကို ကျွန်တော် တို့ရဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေ အရင်းအနှီးမတတ်နိုင်သူ များအား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိ စေရေးကို နိုင်ငံတော်ထောက်ပံ့ငွေ (ပြည်ထောင်စုဘတ်ဂျက်) အစီအစဉ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ အောက်ဖော်ပြပါ ခေါင်းစဉ်(၃)မျိုးဖြင့် နှစ်စဉ်ဖြန့်ဖြူးဆောင်ရွက် ပေးလျက်ရှိပါတယ်-

(၁) မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာများ ထူထောင်ပေးခြင်း၊

(၂) မွေးမြူရေးဘဏ်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန် ဖြန့်ဖြူးခြင်းလုပ်ငန်း၊

(၃) နို့ပေါင်းစက်အခြေပြုနို့စားနွားဖြန့်ဖြူးခြင်းလုပ်ငန်းတို့ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြစိမ်းရောင်ရန်ပုံငွေ ဖြင့် ရပ်စောက်မြို့နယ်အတွင်းမှာ အောက်ဖော်ပြပါ ကျေးရွာအုပ်စု(၆)အုပ်စုနှင့် ကျေးရွာပေါင်း (၆)ရွာမှာ စုစုပေါင်း ကျပ်သိန်း (၃၀၀) ဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် မတည် ရင်းနှီးပေးခဲ့ပါတယ်-

(က) ကျောက်ဂူအုပ်စု၊စပယ်ကုန်းကျေးရွာ (၅၉) သိန်း၊

( ခ) အုန်းကွဲအုပ်စု၊ လယ်ခေါင်ကျေးရွာ (၄၅) သိန်း၊

( ဂ) ပါမဲအုပ်စု၊ မြေနီကျေးရွာ (၄၆) သိန်း၊

(ဃ) မြင်တောင်အုပ်စု၊ ရှားပင်ရေကျေးရွာ (၅၀) သိန်း၊

( င) မကျီးကုန်းအုပ်စု၊ သပြေကုန်းကျေးရွာ (၅၀) သိန်း၊

( စ) ယမ်းတွင်းငါးကြောင်အုပ်စု၊မြေနီကုန်းကျေးရွာ (၅၀) သိန်း၊

စသည်ဖြင့် ၂၀၁၄- ၂၀၁၅ မှာ ဆောင်ရွက်ခဲ့ပါတယ်။ အထက်ပါ ကျေးရွာအုပ်စု (၆)အုပ်စု၊ ကျေးရွာပေါင်း(၆)ရွာတို့၌ ဖြန့်ဖြူးထားတဲ့ မြစိမ်းရောင် လည်ပတ်ရန်ပုံကျပ်

ငွေသိန်း(၃၀၀)အား စာချုပ်ကာလပြည့်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ကောက်ခံပြီး ပါမဲ ကျေးရွာအုပ်စု၊ ထင်းကွင်းကျေးရွာနှင့် (တပ်ဦး)ရွာသစ်ကျေးရွာတို့တွင် ကျပ်(၁၅၀)သိန်းစီ ဝက်မွေးမြူ ရန်အတွက် (၁)နှစ်စာချုပ်ဖြင့်ဖြန့်ဖြူးထားခဲ့ပါတယ်။

ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ဒေသန္တားတိုးချဲ့မွေးမြူရန် လိုအပ်လျက်ရှိနေသည့်အတွက် ဒေသန္တားမွေးမြူရေးအား ဦးစားပေးဆောင်ရွက် လျက်ရှိတဲ့ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ (အရှေ့) ကျေးရွာအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေး ကျေးရွာအဖြစ် ဒေသန္တားမွေးမြူရေး လုပ်ငန်းဖြင့် ထူထောင်ဆောင်ရွက်ရန် ရွေးချယ်လျာထားသတ်မှတ်ပြီး ဖြစ်ပါတယ်။

မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ဆောင်ရွက် လိုသည့် ရပ်စောက်မြို့နယ်၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် မကျီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာတို့အတွက် လက်ရှိမြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာစနစ်ဖြင့် ဖြန့်ဖြူးထားတဲ့ ပါမဲအုပ်စု၊ (တပ်ဦး)ရွာသစ်ကျေးရွာနှင့်ထင်းကွင်းကျေးရွာတို့မှ ဝက်မွေးမြူရေးလုပ်ငန်းဖြင့် ဖြန့်ဖြူးထားတဲ့ ကျပ်သိန်း(၃၀၀) မြစိမ်းရောင် (အသားကဏ္ဍ) လည်ပတ် ရန်ပုံငွေ စာချုပ်ကာလပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ ပြန်လည်ကောက်ခံပြီး ခုနက တောင်းဆိုတဲ့ ကျေးရွာ(၂)ရွာကို ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း (၁၅၀) သိန်းနှုန်းဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လည်ပတ်ရန်ပုံငွေဖြင့် ဦးစားပေးလျာထားသတ်မှတ်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်း(၂၃၄)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ထီးစံကုန်းအခြေခံမူလတန်းကျောင်း၏ဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ထီးစံကုန်းအခြေခံ မူလ တန်းကျောင်းလေးဟာဆိုရင် ရပ်စောက်နှင့် ပင်းတယမြို့နယ် နယ်စပ်လောက်မှာ ရှိပြီးတော့ ကျောင်းသား/ ကျောင်းသူ (၃၂)ဦး ပညာသင်ကြားလျက်ရှိကြပါတယ်။ အဲ့ဒီကျောင်းလေးရဲ့ ကျောင်းဆောင်အဆောက်အဦဟာဆိုရင် ၁၉၈၂ ခုနှစ်ကနေပြီးတော့ စတင်တည်ဆောက်ပြီးတော့မှ ကျောင်းဆောင်ဟာ (၇၂×၃၀)ပေ ကျယ်ဝန်းပါတယ်။ အခုဆိုရင် ကျောင်းဆောင်ဟာ အန္တရာယ်ဆောင်အဖြစ် တည်ရှိပြီးတော့မှ ပညာရေးသင်ကြား ပေးနေသော ဆရာ/ ဆရာမများ၏ ဝန်ထမ်းအိမ်ရာအဆောက်အဦများလည်း

လိုအပ်နေတာ ကိုတွေ့ရှိရပါတယ်။ ဒါ့အပြင် (၁.၂)ကေ ကျယ်ဝန်းတဲ့ ကျောင်းဝန်းလုံခြုံရေး အတွက် ကျောင်း ခြံစည်းရိုးများကိုလည်း ကာရံပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ ကျောင်းခြံစည်းရိုးကာရံရန်နှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းစရိတ်၊ နောက်(chain link)မှာ ပေ(၈၀၀)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိကို လည်းမေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီးတော့ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ကောင်းဘို့ကျေးရွာနှင့် (ဆတ်သေ)ကျေးရွာတွေမှာ အခြေခံပညာအထက်တန်းကျောင်း ရှိပါတယ်။ ဒီကျောင်း(၂) ကျောင်းဟာဆိုရင်လည်းပဲ လာမည့် ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း စာစစ်ဌာန၊ စာဖြေဌာနကျောင်းများအဖြစ် တင်ပြတောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီကျောင်းတွေမှာ လိုအပ်နေတဲ့ စာဖြေထိုင်ခုံတွေဖြစ်တဲ့ (single desk)များ ကိုလည်း သက်ဆိုင်ရာ ပညာရေးဌာနကနေပြီးတော့မှ ခွဲဝေပေးမှု အစီအစဉ် ရှိ/ မရှိကိုလည်း မေးမြန်းလိုပါတယ်။ ဒါ့အပြင် ကောင်းဘို့အခြေခံပညာအထက်ကျောင်းဟာဆိုရင် အထက် တန်းပြဆရာကို နှစ်စဉ်ရပ်ရွာကနေ ငှားရမ်းပြီး အသုံးပြုနေရတာ ဖြစ်တဲ့အတွက်ကြောင့် ကျောင်းသား မိဘတွေမှာ မလိုလားအပ်ပဲ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် အထက်တန်းပြ ဆရာ(၂)ဦးဟာ ခွဲဝေတဲ့အခါမှာ ဦးစားပေးအနေနဲ့ ချထားပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိကို မေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၄)အနေနဲ့ ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာ အုပ်စု၊ လုံ့တိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဟာဆိုရင်လည်းပဲ ကိုယ်ထူကိုယ်ထ တည်ဆောက်ပြီး ဒီနေ့ဒီအချိန်အထိ အစိုးရပညာရေးဝန်ကြီးဌာန ကျောင်းဆောင်ချထား ပေးခြင်းမရှိသေးပါဘူး။ ဒါကြောင့် အဲ့ဒီကျောင်းလေးကို ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ လည်း KG ကျောင်းဆောင် (၁)ဆောင် လိုအပ်နေတာ တွေ့ရှိရတာ ဖြစ်တဲ့အတွက် လုံ့တိုး မူလတန်းကျောင်း၏ KG ကျောင်းဆောင်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၂၃၄)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်

မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရပ်စောက်မြို့နယ်၊ ထီးစံကုန်းမူလတန်းကျောင်း ကျောင်းဆောင်ဟောင်း ပြုပြင်ထိန်းသိမ်းစရိတ်နှင့် ကျောင်းဝင်းခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ အားဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု၊ ထီးစံကုန်း အခြေခံပညာမူလတန်းကျောင်းဟာကျောင်းပိုင်မြေ(၁)ကေရှိပြီးတော့ ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅) ရှိပါတယ်။ စာသင်ဆောင်များအနေဖြင့် ပင်မဆောင်(၇၂x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင်(၅)ခန်းရှိပြီး၊ အဆောင် သစ်(၆၀x၃၀x ၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင်(၅)ခန်းတို့ကို ၂၀၁၈-၂၀၁၉ ငွေလုံးရန်ပုံ ငွေဖြင့် ဆောက်လုပ်လျက်ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၁၀ ဦး၊ ပထမတန်း ၇ ဦး၊ ဒုတိယတန်း ၈ ဦး၊ တတိယတန်း ၅ ဦး၊ စတုတ္ထတန်း ၂ ဦး၊ စုစုပေါင်း ၃၂ ဦးရှိပြီးတော့ တန်းခွဲ(၅)ခုရှိပါတယ်။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်ငါးကြောင်ကျေးရွာအုပ်စု၊ ထီးစံကုန်းအခြေခံပညာမူလတန်းကျောင်းဟာ ၁၉၈၂ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ (၇၂x ၃၀x ၁၂)ပေ ကျောင်းဆောင်ဟောင်းအား ပြုပြင်ရန်နှင့် ကျောင်းဝင်းခြံစည်းရိုး ပေ(၈၀၀) ကာရံခြင်းလုပ်ငန်းအတွက် ရပ်စောက် မြို့နယ် ပညာရေးမှူးရုံးသို့ အမှုတွဲကို ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၉-၁-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃-က)/၃၅၇/အဆအ(၂၀၁၉)ဖြင့် တောင်းခံထားပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရပ်စောက်မြို့နယ်၊ ပညာရေးမှူးရုံးမှာ ရောက်ရှိနေတဲ့ စာဖြေထိုင်ခုံ (single desk)များအား ခွဲဝေပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိနှင့် အထက်တန်းပြဆရာ (၁) ဦးအား ဦးစားပေး ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ အခြေခံပညာအထက်တန်းကျောင်း(ဆတ်သေ)သည် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ခွင့်ရရှိဖို့အတွက် ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၃၀-၈-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၅)/၂၈၅၄/ စာစစ်ဌာနအသစ်(၁၈) ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ကျောင်းသား စုစုပေါင်း (၁၁၄)ဦးရှိပါတယ်။ စာဖြေခန်းတစ်ခန်းလျှင် ကျောင်းသား(၃၀)ဦးဖြင့် စာဖြေခန်း(၄)ခန်း ထားရှိမှာ ဖြစ်ပါတယ်။ စာဖြေခန်းမှာ စာသင်ခုံများ (Single Desk) ပြည့်မီရေးအတွက် ရပ်စောက်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ စာသင်ခုံ အစုံ(၃၀)ကို (၂၃-၁-၂၀၁၉)ရက်နေ့တွင် ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း (ကောင်းဘို့)သည် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ခွင့်ရရှိရန် ရှမ်းပြည်နယ်ပညာရေးမှူး ရုံး၊ တောင်ကြီးမြို့၏ (၃၀-၈-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၅)/၂၈၅၄/စာစစ်ဌာနအသစ် (၁၈)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုသူ စုစုပေါင်း (၁၆၆)ဦး ရှိပါတယ်။ စာဖြေခန်း တစ်ခန်းလျှင် ကျောင်းသား (၃၀)ဦးဖြင့် စာဖြေခန်း(၆)ခန်း ထားရှိမှာ ဖြစ်ပါတယ်။ စာဖြေခန်းတွင် စာသင်ခုံများ (Single Desk) များ ပြည့်မီစေရေးအတွက် ရပ်စောက်မြို့နယ်ပညာရေးမှူးရုံးမှ စာသင်ခုံ အစုံ(၃၀)ကို (၂၃-၁-၂၀၁၉)ရက်နေ့မှာ ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ကောင်းဘို့)တွင် အထက်တန်းအဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၇၃)ဦးရှိပြီး အထက်တန်းပြ ဆရာ/ ဆရာမ ခွဲဝေ(၇)ဦး၊ ခန့်ထား(၇)ဦးရှိပြီး တော့ လစ်လပ်မှု မရှိပါဘူး။ အခြေခံပညာဦးစီးဌာနမှ အထက်တန်းပြဆရာ ခွဲဝေချက် ထပ်မံရရှိလာသည့်အခါ ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာအုပ်စု၊ လုံ့တိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ်လျက်ရှိတဲ့ KG ကျောင်းဆောင်အား စီစဉ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ရပ်စောက်မြို့နယ်၊ လွယ်ကိုး ကျေးရွာအုပ်စု၊ လုံ့တိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဟာ ကျောင်းပိုင်မြေ (၀.၆၇) ဧကရှိပြီးတော့ ကျောင်းမြေပိုင်ဆိုင်မှုပုံစံ(၁၀၅)လည်းရှိပါတယ်။ ပင်မဆောင်(၄၅x၂၄x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင်(၄)ခန်းနှင့် တိုးချဲ့ဆောင် (၃၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင် (၁)ခန်း(၂)ဆောင်ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၈ ဦး၊ ပထမတန်း ၈ ဦး၊ ဒုတိယတန်း ၁၃ ဦး၊ တတိယတန်း ၇ ဦး၊ စတုတ္ထတန်း ၅ ဦး၊ စုစုပေါင်း ၄၁ ဦးရှိပြီးတော့ တန်းခွဲ(၅)ခုရှိပါတယ်။ လုံ့တိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ လိုအပ်လျက်ရှိတဲ့ စာသင်ဆောင်ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (၆၀x၃၀)ပေ တစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ခွင့်ရရှိ ရေးအတွက် ရပ်စောက်မြို့နယ် ပညာရေးမှူးရုံးသို့ အမှုတွဲများ တောင်းခံပြီး အမှုတွဲရရှိခဲ့ ပါကအခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါ်လ်က မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ တာဝန်ရှိသူများအားလုံးနှင့် လာရောက်လေ့လာကြတဲ့ တိုင်းရင်းသားညီအစ်ကိုများ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျေးလက်ဒေသကျန်းမာရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းများကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသမှာ တာဝန်ကျ နိုင်ငံ့ဝန်ထမ်းများ စိတ်အေးချမ်းစွာ၊ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူမည့် ကျေးလက်နေပြည်သူများ အဆင်ပြေ ချောမွေ့စေရေးအတွက် လုံလောက်တဲ့ အဆောက်အဦနှင့် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးစီမံပေးရန် အထူး အရေးကြီးလှပါတယ်။ ဒီလိုအပ်ချက်များကို ဒေသခံပြည်သူများနှင့် အစိုးရအဖွဲ့တို့မှ ဝိုင်းဝန်း ပူးပေါင်းပြီး စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်ု မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝါးတောစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆင်ခြေဖုံး ကျေးရွာအုပ်စု၊ လုံအောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပန်မုန့်ကျေးရွာအုပ်စု၊ လွိုင်တပ် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများဟာ ဒေသခံပြည်သူများ၏ စေတနာ သဒ္ဓါတရားဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်လှူဒါန်းခဲ့သော အဆောက်အဦများ ဖြစ်ပါ တယ်။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ခဲ့သည့်အတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီရန် လိုအပ်ချက်များ ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ဝါးတောစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လုံအောင်ကျေးလက် ကျန်းမာရေးဌာနခွဲ၊ လွိုင်တပ်ကျေးလက် ကျန်းမာရေးဌာနခွဲများကို စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဌာနခွဲအဆောက်အဦများနှင့် ဝန်ထမ်းနေထိုင်ရန်အတွက် ဝန်ထမ်းနေအိမ်များ ရရှိရေးအတွက် အစိုးရအဖွဲ့မှ မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊ ထီကတူးကျေးရွာသည် အိမ်ခြေ(၈၀)အနက် လူဦးရေ(၃၅၆)ဦး နေထိုင်လျက်ရှိပြီးတော့ (၆၀× ၃၀× ၁၂×)ပေရှိ သွပ်မိုး၊ အုပ်ညှပ်

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း(၁)ကျောင်း ဆောက်လုပ်ဖွင့်လှစ် လျက်ရှိပါတယ်။ မူလတန်းကျောင်းသား/ ကျောင်းသူ ၄၁ ဦး ပညာသင်ကြားလျက်ရှိပြီး ကျေးရွာလူထုမှ ကျောင်းဆရာမ(၂)ဦး ငှားရမ်းထားပါတယ်။ ယခုမျက်မှောက်ကာလမှာ ကျေးရွာလူထုရဲ့ အထွေထွေ အခက်အခဲကြောင့်လည်းကောင်း၊ မူလတန်းကျောင်းကို ဆက်လက်၍ စီမံခန့်ခွဲနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ထီကတူးကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် အစိုးရ အခြေခံပညာ မူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် မည်သို့ ရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြ အပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ လွိုင်လင်မြို့နယ် အတွင်းရှိ ဝါးတောစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လုံအောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လွိုင်တပ်ကျေးလက် ကျန်းမာရေးဌာနခွဲများကို စံချိန်စံညွှန်းနှင့် ကိုက်ညီတဲ့ ဌာနခွဲ အဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များရရှိရေးအတွက် အစိုးရအဖွဲ့မှ မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်အတွင်းရှိ ဝါးတောကျေးလက် ကျန်းမာရေးဌာနခွဲ၊ လုံအောင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လွိုင်တပ် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များရရှိရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ရှမ်းပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၃၀-၁-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၃/ ၄/ စီမံကိန်း/ ၁၉ (၁၁၇)ဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လျာထားစာရင်းတွင် ထည့်သွင်းတောင်းခံထားပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊ ထီကတူးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊

ထီကတူးကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းမြေ (၀.၄၃) ကေရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်းရှိပါတယ်။ ပင်မဆောင် (၆၀x ၃၀x ၁၂) ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၅)ခန်းရှိပါတယ်။ ကျောင်းသားဦးရေမှာ KG ၁၃ ဦး၊ ပထမတန်း ၁၂ ဦး၊ ဒုတိယတန်း ၁၁ ဦး၊ တတိယတန်း ၅ ဦး၊ စုစုပေါင်း ၄၃ ဦးရှိပြီးတော့ တန်းခွဲ(၄)ခုရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ဆဟောင်းကျေးရွာအုပ်စု၊ ထီကတူး ကျေးရွာ၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၉-၂၀၂၀ ပညာသင် နှစ်တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်နိုင်ရေးအတွက် ရှမ်းပြည်နယ်ပညာ ရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၆-၁၁-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၁-ခ)/ ၃၉၁၆/ အခ- မြဲ (ကျောင်းတိုး)(၂၀၁၈)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါ တယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့ရှိ ဒေသခံပြည်သူများရဲ့ ကျန်းမာရေးနှင့် ပတ်သက်သော မေးခွန်း(၁)ခုကို တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့ရှိ ပြည်သူများသည် ကျန်းမာရေး အသိပညာ ဗဟုသုတနှင့် ရှေးရိုးစွဲ လူနေမှုအဆင့်အတန်းတွင် မွေ့လျော်နေသေးသဖြင့် လေဖြင့်ကူးစက်တတ်သောရောဂါ၊ အစားအသောက်၊ အနေအထိုင် ကျင့်ဝတ်၊ နီးကပ်မှု အသုံးအဆောင်ပစ္စည်းများ ပေါင်းစပ်သုံးစွဲမှုကြောင့်ဖြစ်သော ရောဂါများ စသည့် အဆုတ်ရောဂါ၊ A ပိုး၊ B ပိုး၊ C ပိုးရောဂါများ တစ်နေ့တစ်ခြားပိုမိုများပြား လာသည်ကို လေ့လာသိရှိရပါတယ်။

A၊ B၊ C အသည်းပိုး(၃)မျိုးသည် လေဖြင့် အလွယ်တကူ ကူးစက်နိုင်သလို အသုံးအဆောင်ပစ္စည်းများနှင့် အလွယ်တကူ ကူးစက်နိုင်ကြောင်း သိရှိရပါတယ်။ ဥပမာ-တစ်အိမ်မှာ တစ်ယောက်ကူးဆက်လာရင် ကျန်တဲ့မိသားစုဝင်တွေလဲ လျင်မြန်စွာ ပျံ့နှံ့ကူးစက်နိုင်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကူးစက်ခံရသော လူနာများ၏ ပိုးအမျိုးအစားနှင့် အကောင်ရေကိုလည်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် စစ်ဆေးနိုင်ခြင်းမရှိသလို တစ်ခြားမြို့ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးမှာ ပို့ဆောင်စစ်ဆေးရာတွင် ကုန်ကျစရိတ် ကြီးမြင့်ခြင်း၊ ရောဂါပိုးတွေ့ရှိပါက ရောဂါ အနု၊ အရင့်ပေါ် မူတည်ပြီး လချီ၊ နှစ်ချီ ဆေးဝါးများဝယ်ယူသောက်သုံးသော စရိတ်ကြီးမြင့်ခြင်း၊ ကူးစက်ခြင်းမခံရသေးခင် ကာကွယ်ဆေးများ ကြိုတင်ထိုးနှံရာမှာလည်း ဆေးတစ်ချောင်းကို ကျပ်(၂၀၀၀၀)ဖြင့် (၃)ချောင်းမှာ ကျပ်(၆၀၀၀၀)ပေးပြီး ကာကွယ်ဆေးထိုးနေရကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ အသဲနှင့် ပတ်သက်သော ရောဂါပိုးကူးစက်မှု လျော့နည်းပပျောက်သွားအောင် ကုသမှုနှင့် ကာကွယ်ဆေးများ အခမဲ့(သို့မဟုတ်) သက်သာသော နှုန်းထားများဖြင့် စီစဉ်ပေးနိုင်ရန် ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ကျော်ရဲ့ မိုင်းဖြတ်မြို့နယ်အတွင်းရှိ အသည်းနှင့် ပတ်သက်တဲ့ ရောဂါပိုး ကူးစက်မှု လျော့နည်းပပျောက်သွားနိုင်ရေးအတွက် ကုသမှုနှင့် ကာကွယ်ဆေးများ အခမဲ့ (သို့မဟုတ်) သက်သာသော နှုန်းထားများဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

အသည်းရောင်အသားဝါ(အေ)ပိုးသည် အစာနှင့်ရေမှတစ်ဆင့် ကူးစက်ပြီးအသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် အသည်းရောင် အသားဝါ(စီ)ပိုးများသည် ရောဂါရှိသူ၏ သွေးသွင်း မိခြင်း၊ ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသူ သုံးစွဲထားသော ဆေးထိုးအပ်၊ ဘရိတ်ဓါး အစရှိသည့် တစ်ကိုယ်ရည် အသုံးအဆောင်ပစ္စည်းများကို အခြားသူမှ မျှဝေသုံးစွဲခြင်း နည်းလမ်းဖြင့် ကူးစက်နိုင်ပြီး လေမှတစ်ဆင့် လုံးဝ (လုံးဝ) ကူးစက်နိုင်ခြင်း မရှိပါ။ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ၁၉၇၈ ခုနှစ်မှ

စတင်ပြီး ပြင်းထန်တီဘီရောဂါကာကွယ် ဆေး၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေးများကို အသက်(၁)နှစ်အောက် ကလေးတွေကို စတင်ထိုးနှံပေးခဲ့ပြီး မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း စတင်ထိုးနှံပေးခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးကို လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် အသည်းရောင်အသားဝါ (ဘီ)ကိုလည်းကောင်း ထပ်မံဖြည့်စွက် ထိုးနှံပေးခဲ့ပါတယ်။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေးအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး(ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင် အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် Hib) ငါးမျိုးစပ်ကာကွယ်ဆေးအဖြစ် ပြောင်းလဲသုံးစွဲခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး)ကို ထပ်မံထည့်သွင်း ထိုးနှံပေးခဲ့ပါတယ်။ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဝက်သက်ရောဂါကာကွယ်ဆေးအစား ဝက်သက်/ ဂျိုက်သိုးရောဂါကာကွယ်ဆေးအား ထိုးနှံပေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှစတင်ပြီး ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးကို ထပ်မံဖြည့်စွက်ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီးတော့ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို ထပ်မံဖြည့်စွက်ခဲ့ပြီး ကိုယ်ဝန်ဆောင်များမှာ ထိုးနှံတဲ့ မေးခိုင်ကာကွယ်ဆေးအစား ဆုံဆို့နာနှင့် မေးခိုင်ကာကွယ်ဆေးအဖြစ် ပြောင်းလဲထိုးနှံသုံးစွဲပေးခဲ့ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှာ လက်ရှိရောဂါ(၁၁)မျိုးအား အသက်(၁)နှစ်အောက် ကလေးငယ်များနှင့် ဆုံဆို့နှင့် မေးခိုင်ကာကွယ်ဆေးအား ကိုယ်ဝန်ဆောင် မိခင်များကို အခမဲ့ထိုးနှံတိုက်ကျွေး ကာကွယ်ပေးနေပါတယ်။ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာမှာ ကျန်းမာရေးဌာနများ၌ ထိုးနှံပေးခြင်း၊ ရပ်ကွက်/ ကျေးရွာများရှိ ကာကွယ်ဆေးထိုးစုရပ်များတွေမှာလည်း သွားရောက်ထိုးနှံတိုက်ကျွေးပေးခဲ့ပါတယ်။ ခက်ခဲတဲ့ဒေသများမှာ နေထိုင်တဲ့ အသက်(၃)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် လျှပ်တပြက်ကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် (၁)နှစ်လျှင် (၃)ကြိမ် သွားရောက်ထိုးနှံတိုက်ကျွေးပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၈) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိခြင်း အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လက်ခုပ် မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခု အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်း သွားမှာ ဖြစ်ပါတယ်။

မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံဖေ (ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်) သည် (၄-၂-၂၀၁၉)ရက်နေ့ (၁၅:၅၀)နာရီအချိန်တွင် ကွယ်လွန် အနိစ္စရောက်ရှိခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိသွားခြင်း အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁(က)အရ ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်က မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေ (ရှမ်းပြည်နယ်အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင်)သည် (၄-၂-၂၀၁၉) ရက်နေ့ (၁၅:၅၀) နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်း အဆိုကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၁(က)အရ လွှတ်တော်သို့ တင်သွင်း လာပါတယ်။ ဒီအဆိုဟာ လွှတ်တော်၏ အများဆန္ဒနှင့် ကိုက်ညီပြီး လွှတ်တော်က သဘောတူ တယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်

တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်း အဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့် အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၉)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း(မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခု ဦးခိုင်ညီညီကျော်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လေ့လာသူဧည့်သည်တော်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ှအနေနဲ့ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အဆိုရဲ့ အဓိကရည်ရွယ်ချက်ကတော့ ၂၀၁၃ ခုနှစ် စည်ပင်သာယာရေးဥပဒေအရ မြို့နယ်တွေမှာ မြို့ဝင်ဘီးခွန်တွေကို လေလံပစ်ပြီးတော့မှကောက်ခံတဲ့အခါမှာ စည်ပင်သာယာရေး နယ်နိမိတ်မဟုတ်ဘဲ ကျေးရွာအနီးမှာ ကောက်ခံလျက်ရှိတဲ့အတွက် အများပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိပါတယ်။ ကျွန်တော်တို့ မြို့နယ်တွေ ဖွံ့ဖြိုးမှုလုပ်ငန်းများကို စည်ပင်သာယာရေးဌာနရဲ့ ဝင်ငွေနဲ့ ရပ်တည်ကြတဲ့အခါ မြို့နယ်အသေး၊ အကြီး အလိုက် လူဦးရေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုက်ပြီးတော့မှ ဝင်ငွေအနည်းအများ

ကွာခြားကြပါတယ်။ စည်ပင်သာယာရေးဌာနအနေနဲ့ ကောက်ခံရရှိတဲ့ အခွန်အခတွေအနေနဲ့ တော့ ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ နှစ်စဉ်ငှားရမ်းခခွန်၊ အနေးယာဉ်ခွန်၊ ဘော်ဒါဆောင်ခွန်၊ သားသတ်လုပ်ငန်းခွန်၊ ဈေးဆိုင်ရာ အခွန်အခများ၊ ဈေးစည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာရှိတဲ့ ဈေးဆိုင်ခန်းခများ၊ ကွဲ၊ နွားဈေးလေလံများ၊ ကျေးရွာ စည်ပင် သာယာရေးဌာနမှရရှိတဲ့ အခွန်အခများ၊ ပုဂ္ဂလိကဆိုင်ရာဈေးခွန်များစသည်ဖြင့် အခွန်အခ များကို ခေါင်းစဉ်အမျိုးမျိုးဖြင့် အသီးသီး ရရှိကြပါတယ်။ ယခုအဆိုမှာ ပါဝင်တဲ့ မြို့ဝင် ဘီးခွန်ကြေးများကို ပယ်ဖျက်ပြီးတော့မှ လျော့သွားရုံဖြင့် ဝင်ငွေတွေဟာ အများအပြား ရရှိနေတာဖြစ်တဲ့အတွက် အလွန်အမင်း ထိခိုက်ခြင်းမရှိဘဲနဲ့ လမ်းအသုံးပြုခ ဘီးခွန်ကြေးကို ပယ်ဖျက်လိုက်မယ်ဆိုရင်တော့ အများပြည်သူတွေအတွက် အင်မတန်မှ စိတ်ချမ်းသာရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြို့ဝင်ဘီးခွန်တွေ ကို ကောက်ခံတဲ့အခါမှာလည်း လမ်းဦးစီးဌာနပိုင်၊ လမ်းများပေါ်မှာ မောင်းတံများ တားဆီးပြီးတော့မှ ကောက်ခံနေတဲ့အတွက် အများပြည်သူ များအမြင်မှာ လမ်းအသုံးပြုခကြေးနှင့် မြို့ဝင်ဘီးခွန်ကြေးကို မကြာခဏ မေးခွန်းထုတ်ခံ နေရတဲ့ ပြဿနာတွေရှိပါတယ်။ မကြာခဏ အချင်းများကြတာကိုလည်း တွေ့ရှိရပါတယ်။ ယခုအခါ စည်ပင်သာယာရေး အခွန်အခတွေကို ပိုမိုတိုးတက်ရရှိစေဖို့အတွက် ပြည်နယ် စည်ပင်သာယာရေးဌာနမှ အခြားနည်းဖြင့် ရှာဖွေရန် လမ်းညွှန်ထားတာကိုလည်း တွေ့ရှိရ ပါတယ်။ ဒါကြောင့် မြို့နယ်စည်ပင် သာယာရေးဌာနများအနေဖြင့် ဝင်ငွေများကို ပိုမိုတိုးတက် ရရှိစေဖို့အတွက် အခြားနည်းလမ်းများနဲ့သာ ရှာဖွေသင့်ပါတယ်။ နိုင်ငံတွင်းမှာ မန္တလေး တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတွေမှာဆိုရင် မြို့ဝင်ဘီးခွန်များကို ကောက်ခံခြင်း မပြုဖို့ ပယ်ဖျက်၊ ဖျက်သိမ်းပြီး ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ စည်ပင်သာယာရေးဥပဒေမှာလည်းပဲ မြို့နယ်ကော်မတီသည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်း ခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျော့ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကြီးကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထား ပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းခြင်းလို့ ပြဋ္ဌာန်းထား ပါတယ်။

ဒါကြောင့် ကျွန်တော်၏ အဆိုမှာ ပါရှိတဲ့အတိုင်း **“ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင် ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာ မည့်ဘဏ္ဍာရေးနှစ်များမှာ ကောက်ခံခြင်း(မပြု)ဘဲ အများပြည်သူစီးပွားရေး အကျိုးစီးပွား**

**အလို့ငှာ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းလိုလိုတွင် မြို့ဝင်ဘီးခွန်ကြေးများ ကောက်ခံလျက်ရှိနေတာဖြစ်ပါတယ်။ တစ်ချို့သော မြို့နယ်အနည်းငယ်မှာသာ ဘီးခွန်မကောက်ဘဲ ဆောင်ရွက်နေသည့် မြို့နယ်တွေလည်း ရှိပါတယ်။ အဲ့ဒီလို မြို့ဝင်ဘီးခွန်တွေကို မကောက်တဲ့ မြို့နယ်တွေမှာ သွားရင်း၊ လာရင်းနဲ့ ဒေသခံတွေဟာ စိတ်ချမ်းသာစရာတွေနဲ့ ဆောင်ရွက်နေရတာကို တွေ့ရှိရပါတယ်။ အများအားဖြင့် မြို့နယ်တိုင်းမှာတော့ မြို့ဝင်ဘီးခွန်ကြေးတွေကို ကောက်ခံလျက်ရှိတဲ့အတွက် ဒေသခံပြည်သူ လူထုတွေသာမက မြန်မာတစ်နိုင်ငံလုံး သွားလာနိုင်ရေးရှိသော ခရီးသွားပြည်သူများသာ စိတ်မချမ်းမြေ့ဖွယ်ရာတွေကို အမြဲလို တွေ့ရှိနေရတာကို အားလုံးအသိပဲ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်တင်သွင်းသည့် **"ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း(မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်ညီညီကျော်တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု

အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးခိုင်ညီညီကျော်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် (တနင်္လာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့က ဥပဒေ(မူကြမ်း) တစ်ခုအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဥပဒေ(မူကြမ်း)မှာ အင်းလေးဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း) ဖြစ်ပါတယ်။ ယခုသက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဥပဒေ(မူကြမ်း) တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး ဥပဒေ (မူကြမ်း)ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဤဥပဒေ(မူကြမ်း)မှာ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) အခြေခံမူများ၊ အခန်း(၄) အင်းလေးကန်ဒေသ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၅) အင်းလေးကန်ဒေသ အုပ်ချုပ်ရေးရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၆) ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ အခန်း(၇) သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း၊ အခန်း(၈) ပြစ်မှုနှင့် အရေးယူခြင်း၊ အခန်း(၉) အထွေထွေဆိုပြီး အခန်း(၉)ခန်းပါရှိပြီးတော့ ပုဒ်မ ၂၃ ခု ပါရှိပါတယ်။

ဒီဥပဒေ(မူကြမ်း)နဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အကျယ်တဝင့် ရှင်းလင်းတင်ပြခြင်း မပြုတော့ပါဘူးခင်ဗျား။ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)ကို တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ -

(က) အင်းလေးကန်ဒေသတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ရပ် ဖော်ဆောင်နိုင်ရန်နှင့်သဘာဝပတ်ဝန်းကျင် အမွေကောင်းများအား အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ရန်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းနှင့် စနစ်တကျပူးပေါင်းစီမံ အုပ်ချုပ်မှု စနစ်ကောင်းတစ်ခု ထူထောင်ရရှိရန်။

(ဂ) သဘာဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်။

(ဃ) အင်းလေးကန်ဒေသ ဘက်စုံဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စွမ်းရည်မြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဤဥပဒေကြမ်းကို ရေးဆွဲ တင်သွင်းရခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် အင်းလေးကန်ထာဝရရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဤအင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ အကြံပြုဖြည့်စွက်နိုင်ပါရန်နှင့် လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆(ခ)(၂)အရ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါ သလား ခင်ဗျား။ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်မောင်ဝင်းနှင့် ဦးသိန်းဇော်မိုးတို့ တင်သွင်းသော ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေး ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေ(မူကြမ်း)ကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရန်ရှိပါက ဆွေးနွေးမည့်အချက်များကို ပြည်နယ် လွှတ်တော်ရုံးသို့ (၈-၃-၂၀၁၉)ရက်နေ့ အရောက်ပေးပို့ကြဖို့ အသိပေးပြောကြားလိုပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် (တနင်္လာနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (ဒုတိယနေ့)မှတ်တမ်း

# ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

# ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

# [ တနင်္လာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း( ၁၄၀ )ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏(၈၀.၇၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာ

ကြသော ညွှန့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁-၂-၂၀၁၉ ရက် (ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးခွန်းအေးမောင်၊ ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၃) ဦးဂူဆာ၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက် ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၅) ဦးရန်ကျော်၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၆) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃)ရက်။

(၇) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၈) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၉) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်၊ ရှမ်း ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့် ပြမေးခွန်းကတော့ ဝမ်မိုင်- လွယ်ဆိုင်- ဝမ်ပတ်ရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ သစ်သား တံတားကို ကွန်ကရစ်တံတားအဖြစ် တိုးမြှင့်နိုင်ရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ ဝမ်ပတ်ကျေးရွာအုပ်စု အတွင်းရှိ ဝမ်ပတ်တံတားဟာ A အဆင့်သတ်မှတ်ထားတဲ့ ဝမ်မိုင်- လွယ်ဆိုင်- ဝမ်ပတ် ရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ လက်ရှိအသုံးပြုသွားလာနေတဲ့ တံတားဟာ ပြည်သူတွေက ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ သစ်သားတံတားတစ်စင်း ဖြစ်ပါတယ်။ နှစ်ပေါင်းရှည်ကြာလာတာနဲ့အမျှ ပျက်စီးယိုယွင်းလာပြီးတော့ အန္တရာယ်ဖြစ် လာနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ အဆိုပါ အရှည် (၅၀) ပေ၊ အမြင့် (၁၄) ပေရှိတဲ့ သစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးမည်ဆိုပါက ဝမ်ပတ်ကျေးရွာအတွင်းမှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ ပန်ခေါက်လမ် အိမ်ခြေ (၅၃) အိမ်၊ လူဦးရေ (၃၅၁) ဦး၊ လုံယမ်း အိမ်ခြေ (၇၈)၊ လူဦးရေ (၄၆၁)ဦး၊ ဝမ်ပတ် အိမ်ခြေ (၁၅၇) အိမ်၊ လူဦးရေ (၇၉၃)ဦး၊ လွယ်ဆမ် အိမ်ခြေ (၄၄၀)အိမ်၊ လူဦးရေ (၂၆၆၉) ဦးအတွက် အကျိုးပြု

နိုင်မည့် တံတားတစ်စင်း ဖြစ်ပါတယ်။ အဲ့ဒီတံတားဟာဆိုရင်လည်း မြို့နယ်ရဲ့စီမံကိန်း လျာထားစာရင်းမှာလည်း ပထမ ဦးစားပေးအဖြစ်နဲ့ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိရှိလိုသည်မှာ ယင်းအရှည်ပေ (၅၀) ပေ၊ အမြင့် (၁၄) ပေရှိ ဝမ်ပတ်သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင် တည်ဆောက်ပေး နိုင်ရန်အတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ပေးနိုင်မည်ကို သိရှိလို ပါသဖြင့် ပြည်သူများ၏ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့် ပြမေးခွန်း မေးမြန်းတင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက် လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦး မေးမြန်းထားတဲ့ ကွန်ဟိန်းမြို့နယ်၊ ဝမ်ပတ်ကျေးရွာအုပ်စုအတွင်း ဝမ်မိုင်- လွယ်ဆိုင်- ဝမ်ပတ် ကျေးရွာချင်း ဆက်လမ်းပေါ်ရှိ ဝမ်ပတ်သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့် လျာထားသတ်မှတ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေး မှ ဖြေကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ ဝမ်ပတ်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အရှည် ပေ (၅၀)၊ အမြင့် (၁၄) ပေ ရှိတဲ့ ဝမ်ပတ်သစ်သားတံတားဟာ Class A အမျိုးအစား ဦးစားပေးအဆင့် (၂) လမ်း ဖြစ်တဲ့ ဝမ်မိုင်-လွယ်ဆိုင်လမ်းနှင့် Class A အမျိုးအစား၊ ဦးစားပေးအဆင့် (၁) လမ်း ဖြစ်တဲ့ လွယ်ဆိုင်-ဝမ်ပတ်လမ်းတို့ပေါ်မှာ တည်ရှိတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ ဒေသမှ ကျေးရွာ (၃) ရွာ၊ အိမ်ခြေ (၆၀၆) အိမ်၊ လူဦးရေ (၃၆၇၄)ဦးတို့ကို အကျိုးပြုတဲ့ တံတား တစ်စင်း ဖြစ်ပါတယ်။

အဆိုပါသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ကွန်ဟိန်းမြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီက မြို့နယ်အတွင်းမှာ ဦးစားပေးလိုအပ်ချက်များအလိုက် ထည့်သွင်း

လျာထား တင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံ သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက် လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်။ ယခုကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ မိုင်းဆတ်မြို့နယ်၊ ကာနကျေးရွာရှိ ကာန အခြေခံပညာ အလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (၁၀၀×၃၀) ပေ၊ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်း၍ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ ကာနကျေးရွာ၊ ကာနအခြေခံပညာ အလယ်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူ အလယ်တန်းအဆင့်(၂၁၀)ဦး၊ မူလတန်း အဆင့် (၁၆၅)ဦး၊ စုစုပေါင်း (၃၇၅)ဦး ပညာသင်ကြားလျက်ရှိပြီး ဆရာ/ဆရာမအင်အား (၁၁)ဦး ရှိပါသည်။ (၂၃-၆-၂၀၁၆) ရက်နေ့တွင် ပြည်နယ်လူမှုရေးဝန်ကြီး လာရောက်၍ ကွင်းဆင်းလှည့်လည်စစ်ဆေးခဲ့ပြီး လက်ရှိ စာသင်ဆောင် (၃) ဆောင်အနက် ယခင်ပင်မ အဆောင်ဟောင်းသည် (၂၀×၂၀) ပေသာ ရှိပြီး စာသင်ခန်းမများမှာ ကျဉ်းလွန်းသည်သာမက ပျက်စီးယိုယွင်းနေပြီး အသုံးပြုရန် မသင့်တော်သည့်အတွက် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်သော အမှုတွဲများ အဆင့်ဆင့်တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိုင်းဆတ်မြို့နယ် အ.လ.က ကာနကျောင်းတွင် လိုအပ်လျက်ရှိသော (၁၀၀×၃၀)ပေ၊ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ မိုင်းဆတ်မြို့နယ်၊ နားကောကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော (၁၄၀×၃၀) ပေ၊ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ နားကောအခြေခံပညာအလယ်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား/ ကျောင်းသူ အလယ်တန်းအဆင့် (၁၇၅)ဦး၊ မူလတန်းအဆင့် (၂၂၆)ဦး၊ စုစုပေါင်း (၄၀၁)ဦး ပညာသင်ကြားလျက်ရှိပြီး ဆရာ/ဆရာမအင်အား(၁၃)ဦး ရှိပါသည်။ (၂၃-၆-၂၀၁၆) ရက်နေ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး လာရောက်၍ ကွင်းဆင်းလှည့်လည်စစ်ဆေးချိန်၌ လက်ရှိစာသင်ဆောင် (၃)ဆောင်ရှိသည့်အနက် ယခင် ပင်မအဆောင်ဟောင်းသည် (၂၀×၂၀) ပေသာရှိပြီး၊ စာသင်ခန်းမများမှာ ကျဉ်းလွန်းပြီး၊ ဥပဓိရုပ်မကောင်းသည်သာမက ပျက်စီးယိုယွင်းနေသဖြင့် အသုံးပြုရန် မသင့်ကြောင်း၊ အ.လ.က နားကောကျောင်းတွင် လိုအပ်လျက်ရှိသသော (၁၄၀×၃၀)ပေ၊ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အမှုတွဲများ အဆင့်ဆင့်တင်ပြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိုင်းဆတ်မြို့နယ်၊ နားကောကျောင်းတွင် (၁၄၀×၃၀)ပေ၊ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ မဲဆန္ဒရှင် ပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ မိုင်းဆတ်မြို့နယ်၊ ကာန အခြေခံပညာအလယ်တန်းကျောင်းမှာ (၁၀၀×၃၀)ပေ၊ RCC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်၍ မိုင်းဆတ်မြို့နယ်၊ ကာနကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း

အတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေမှ (၁၀၀×၃၀)ပေ၊ RC (၂)ထပ် ကျောင်းဆောင်သစ်အား မိုင်းဆတ်မြို့နယ်ရဲ့ စီမံကိန်းလျာထားစာရင်းမှာ လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မိုင်းဆတ်မြို့နယ်၊ နားကောအခြေခံပညာ အလယ်တန်းကျောင်းမှာ (၁၄၀×၃၀)ပေ၊ RC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်း၍ မိုင်းဆတ်မြို့နယ်၊ နားကောအခြေခံပညာအလယ်တန်းကျောင်းအတွက် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေမှ ဆရာ/ဆရာမ အိမ်ရာ ဆောက်လုပ်ခြင်း (၆၀×၃၀)ပေ RC (၁)ထပ်ဆောင်အား မိုင်းဆတ်မြို့နယ်ရဲ့ စီမံကိန်းလျာထားစာရင်းမှာ လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။ စာသင်ခန်း လိုအပ်ချက်အရ (၁၄၀×၃၀)ပေ RCC (၂)ထပ် ကျောင်းဆောင်သစ်အတွက် လာမည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မိုင်းဆတ်မြို့နယ်ရဲ့ စီမံကိန်းလျာထားစာရင်းမှာ ဦးစားပေး အစီအစဉ်အရ စိစစ်ပြီး လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ နမ့်ဆန်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်ရယူခြင်းမရှိဘဲ တင်ဒါအောင်မြင်ခဲ့တဲ့ ကုမ္ပဏီများအား အစိုးရအဖွဲ့က မည်ကဲ့သို့ ဆောင်ရွက်မည်ဆိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် လွန်ခဲ့တဲ့ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး မတိုင်ခင်ကတည်းက ကြိုပို့ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီ (၁၃) ကြိမ်မြောက်မှပဲ မေးမြန်းခွင့်ရရှိတာဖြစ်ပါတယ်။ ကာလအားဖြင့် (၃)လ ကြာပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီ စနစ်လျှောက်လှမ်းလာခဲ့တာ ခုဆိုရင် (၈) နှစ်ရှိပါပြီ။ ဒုတိယအကြိမ်သက်တမ်းဟာလည်း (၃) နှစ်ပြည့်မြောက်လာ ဖြစ်ပါတယ်။ ဒီ (၃) နှစ်တာကာလအတွင်းမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တွေကို ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ ကုမ္ပဏီအဖွဲ့အစည်းများက ကိုယ်လုပ်မဲ့ ဒေသကို ကွင်းဆင်းသွားရောက်ပြီးတော့မှ ကြည့်ရှုလေ့လာရပါတယ်။ ကြည့်ရှုလေ့လာတယ်ဆိုတဲ့ မှတ်တမ်းဓာတ်ပုံကိုလည်း အစီရင်ခံစာနှင့်တကွ ရေးသားတင်ပြရမှာ ဖြစ်ပါတယ်။ ရေးသား တင်ပြတဲ့အပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်က မှတ်ချက်ရေးပြီး ထပ်ဆင့်ထောက်ခံ တင်ပြ ရတာဖြစ်ပါတယ်။ ဒီလိုပြည့်စုံတဲ့ အမှုတွဲကို ပြုစုပြီးတော့ တင်ဒါ စိစစ်ရေးကော်မတီကို တင်ပြတဲ့အခါမှာ တင်ဒါရဲ့လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရတဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ အစိုးရက ချပေးတဲ့ ဘတ်ဂျက်တွေ လေလွင့်မှုမရှိအောင်၊ နောက်တစ်ခါ ဒီကုမ္ပဏီဟာ ဒီဒေသမှာ လုပ်ကိုင်ခဲ့တာ ကောင်းမွန်မှု ရှိသလား၊ လူထုတွေက ကျေနပ်လက်ခံမှုရှိသလား၊ ပြဿနာတစ်စုံတစ်ရာ ရှိသလားဆိုတာကို လွှတ်တော်ကိုယ်စားလှယ်က အသိဆုံးဖြစ်ပါတယ်။ ပြဿနာရှိခဲ့ဖူးတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်း လက်ဆလက်နမကောင်းတဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက စိစစ်ပြီးတော့မှ ထောက်ခံပေးခြင်းမရှိတာများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်း လုပ်ပြီးကာမှ ပြဿနာတက်လာမှ၊ လူထုနဲ့ထိပ်တိုက်ရင်ဆိုင်ပြီးခါမှ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေက မကြာခဏ ကွင်းဆင်းပြီး ဖြေရှင်းရတဲ့ အကြိမ်ပေါင်းများစွာလည်း ရှိပါတယ်။ ဒီလိုမဖြစ်ရလေအောင် သက်ဆိုင်ရာကုမ္ပဏီများ တင်ဒါဆွဲတော့မယ်ဆိုရင် သက်ဆိုင်ရာ လူထုကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက်နဲ့တကွ တင်ပြရမယ်ဆိုတာ လွှတ်တော်မှာလည်း အတည်ပြုပြီးသားဖြစ်သလို အစိုးရအဖွဲ့ထံကိုလည်းပဲ ညွှန်ကြားပေးပို့ ထားပြီးဆိုတာလည်း သိရှိရပါတယ်။ သို့သော် ကျွန်တော်တို့ နမ့်ဆန်မြို့နယ်ရဲ့ (၂၀၁၈/၂၀၁၉) ပြည်ထောင်စု နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဘတ်ဂျက်လုပ်ငန်း (၁၀)ခု ကျလာပါတယ်။ ဒီလုပ်ငန်း (၁၀) ခုကို ကြည့်တဲ့အခါမှာ ကျွန်တော်တစ်ခုမှ ထောက်ခံ ထားတဲ့ ကုမ္ပဏီမပါပါဘူး။ တစ်ခုမှလည်း မသိပါဘူး။ နောက်တစ်ခါ ဒီကုမ္ပဏီတွေရဲ့ လုပ်ငန်းကိုလည်း ကျွန်တော်တို့ မလေ့လာရသေးတဲ့ အနေအထားဖြစ်ပါတယ်။ ဒီကုမ္ပဏီ တွေဟာ ဘယ်ပုံဘယ်နည်းနဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ထောက်ခံချက်မရဘဲ တင်ဒါ အောင်မြင်သွားတယ်ဆိုတာ ဝေခွဲမရ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းပြီးခါမှ၊ ပြဿနာဖြစ်လာမှ လူထုနဲ့ ထိပ်တိုက်ရင်ဆိုင်မှု မဖြစ်ရလေအောင် လွှတ်တော်ရဲ့ ဆုံးဖြတ်ချက် အတိုင်း တင်ဒါတင်သွင်းစဉ်အခါက လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမှတ်ချက် မပါဘဲနဲ့ လုပ်ငန်းရရှိသွားတဲ့ကိစ္စကို အစိုးရအဖွဲ့က မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ဆို

တာကို လူထုကိုယ်စား သိရှိလိုပါ၍ ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထား၊ ထောက်ခံချက်ရယူခြင်းမရှိသည့် တင်ဒါအောင်မြင်သော ကုမ္ပဏီများအား အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်စွဲပါစာဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူ၍ လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိရာမှာ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လည်းကောင်း၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်လည်းကောင်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)နှင့်အညီ တင်ဒါခေါ်ယူ၍ လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး၊

လေ့လာသူအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီနေ့မေးမြန်းသွားမဲ့ မေးခွန်းကတော့ တောင်ကြီးဘူတာနဲ့ ရွှေညောင်ဘူတာကြားမှာ ရထားပြေးဆွဲနိုင်ခြင်း ရှိ/ မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်းအနေဖြင့် ပြောရမယ်ဆိုရင် နည်းပညာများ တိုးတက်သော်လည်း တောင်ကြီး ဘူတာနှင့် ရွှေညောင်ဘူတာသို့ ယနေ့အထိ မီးရထားဖြင့် ခရီးသည်များနှင့် ကုန်စည်များကို သယ်ဆောင်ဝင်ထွက် သွားလာနိုင်ခြင်း မရှိသည့်အတွက် ရှေ့ဆက်မည်သို့ စီမံဆောင်ရွက် နေကြောင်းကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းထားတဲ့ တောင်ကြီးဘူတာနှင့် ရွှေညောင်ဘူတာသို့ ယနေ့အထိ မီးရထားဖြင့် ခရီးသည်များနှင့် ကုန်စည်များကို သယ်ဆောင် ဝင်/ထွက်သွားလာနိုင်ခြင်း မရှိ သည့်အတွက် မည်သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်ပြီး တော့ ကျွန်တော် ဦးခွန်ရဲထွေးမှ ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

တောင်ကြီး - ရွှေညောင်ရထားလမ်းပိုင်းဟာ ခရီးမိုင် ၂၁.၃၃ မိုင်ရှိပြီး (၂၄.၁၂.၁၉၉၇) ရက်နေ့တွင် ဖောက်လုပ်ပြီးစီးခဲ့တဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ ရထားပြေးဆွဲခဲ့ပေမဲ့ ရထားဖြင့်စီးနင်းသွားလာမယ်ဆိုရင် ရွှေညောင်မှ တောင်ကြီးသို့ ၂ နာရီ ၃၀ မိနစ်ခန့် ကြာမြင့်ပါတယ်။ ကားဖြင့်သွားလျှင် ၄၅ မိနစ်ခန့်သာ ကြာမြင့်တဲ့အတွက် ခရီးသည်နှင့် ကုန်စည်များ လာရောက်တင်ဆောင်သွားလာခြင်း မရှိသဖြင့် အရှုံးပေါ်ခဲ့တဲ့ အနေအထားကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

အဆိုပါ ရထားလမ်းပိုင်းကို မြန်မာ့မီးရထား တိုင်း (၄)၊ စက်မှုဌာန ၊ တောင်ကြီးစက်ရုံ နှင့် နမ့်စန် စက်ရုံတို့အတွက် ဆီလုံးတွဲများ ၁ လ လျှင် ၁ကြိမ် ပေးပို့ခြင်း၊ မြို့ပြအင်ဂျင်နီယာ ဌာနမှ တောင်ကြီး - ဆိုက်ခေါင် ရထားလမ်းပိုင်းအတွက် ကွန်ကရစ် ဇလီဖားများ ပေးပို့ခြင်း

များကို ၂၀၁၅ ခုနှစ်ထိ အသုံးပြုခဲ့ပါတယ်။ ရထားလမ်း အသုံးမပြုသော ၁ နှစ် နှင့် ၁၀ လ ကာလအတွင်း ၂၀၁၇ ခုနှစ်တွင် အဆိုပါ လမ်းပိုင်း၌ တောင်ပြိုသဲဖုံးခြင်း၊ တာပခုံး ရေတိုက်စားခြင်း၊ သစ်သားဇလီဖားများ ဆွေးမြေ့ခြင်းများကြောင့် ရထားပြေးဆွဲရေးလုပ်ငန်း များ ဆက်လက် ဆောင်ရွက်မယ်ဆိုပါက လမ်းပိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် စုစုပေါင်း ခန့်မှန်းဘဏ္ဍာငွေ ကျပ် (၄၂၂.၁၉၉) သန်း ကုန်ကျမှာဖြစ်ကြောင်း အင်ဂျင်နီယာမှူး ( မြို့ပြ )မှ မြန်မာ့မီးရထား ၊ ရုံးချုပ်သို့ တင်ပြခဲ့ပါတယ်။

မြန်မာ့မီးရထား၊ ရုံးချုပ်မှ အဆိုပါရထားလမ်းပိုင်းအား ပြုပြင်ဆောင်ရွက်ပါက ဝင်ငွေလုံးဝမရရှိဘဲ အသုံးစရိတ်များ( ရေ၊ မီး၊ အဆောက်အဦကဲ့သို့ ပြင်ဆင်စရိတ်၊ အသုံးစရိတ်များ) ထပ်မံကုန်ကျ မည်ဖြစ်တဲ့အတွက်ကြောင့်မို့ မြန်မာ့မီးရထား၏ ကုန်ကျ စရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio)ကို ထိခိုက်နိုင်ခြင်း၊ ဝန်ထမ်းအင်အား မလုံလောက် သည့်အတွက် အဆိုပါ လမ်းပိုင်းမှာ တာဝန်ချထားရခြင်းကြောင့် လူ့စွမ်းအား အရင်းအမြစ် များကို ထိရောက်အကျိုးရှိစွာ မသုံးစွဲနိုင်ခြင်း၊ ဝင်ငွေမရရှိသော်လည်း ဒေသဖွံ့ဖြိုးရေး အတွက်များစွာ အထောက်အကူပြု ပါကဆောင်ရွက်သင့်ပေမဲ့ပြည်သူ့အကျိုးသက်ရောက်မှု နည်းပါးပါက ရွှေညောင်- တောင်ကြီး လမ်းပိုင်းအား ပိတ်သိမ်းသင့်ပါကြောင်း မြန်မာ့ မီးရထားဌာန အကြီးအကဲများမှ သဘောထားမှတ်ချက် တင်ပြမှုအပေါ် မြန်မာ့မီးရထား စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ ရွှေညောင်- တောင်ကြီးရထား လမ်းပိုင်းအား ပိတ်သိမ်းရေးအတွက် အချက်အလက်စုံလင်စွာ ဖော်ပြပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ သဘောထားတောင်းခံရန် ညွှန်ကြားမှုပြုခဲ့ပါတယ်။

အဲ့ဒီလို သဘောထားတောင်းခံလာမှုအရ ၂၅-၈-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ် သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄-၈/၂၀၁၇) ဆုံးဖြတ်ချက် အပိုဒ်၅(ဏ)အရ ရထားလမ်းပိုင်းအား ယခုအတိုင်းထားပြီးတော့ ရထားပြေးဆွဲမှုအား ပိတ်သိမ်းသင့်ကြောင်း သဘောထားပေးပို့ခဲ့ပြီး ဌာနမှ ရထားပြေးဆွဲမှု ယနေ့အထိ ရပ်ဆိုင်းခဲ့ ပါတယ်။ အလားတူ ရထားပြေးဆွဲရာတွင် ခရီးသည်စီးနင်းမှုမရှိဘဲ အရှုံးပေါ်နေတဲ့အတွက် ကြောင့် ရှမ်းပြည်နယ်အတွင်းမှာ ရှိတဲ့ (၁) ကျိုင်းတုံ - ဝမ်ကောင်းရထားလမ်းပိုင်း၊ (၂) ထီရိ - ပွန်ချောင်း - နမ့်စန် ရထားလမ်းပိုင်း၊ (၃)နမ့်စန် - မိုးနဲ ရထားလမ်းပိုင်း၊ (၄) အောင်ပန်း - လွိုင်ကော် ရထားလမ်းပိုင်းတို့တွင် ရထားလမ်းများကို ယခုအတိုင်း ထားရှိ၍ ရထားပြေး ဆွဲခြင်းကို ရပ်ဆိုင်းထားခဲ့ပါတယ်။

ထို့အပြင် ၂၀.၁၂.၂၀၁၈ ရက်နေ့ ၊ နေပြည်တော်မှာ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ဦးဖေတင်၊

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ မေးမြန်းတဲ့ မြန်မာ့မီးရထားနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှဖြေကြားထားတာကိုလည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဝန်ကြီးရဲ့ ဖြေကြားတင်ပြချက်ကတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင်အမျိုးသား Transport Policy ရှိပါကြောင်း၊ အရေးကြီးဆုံးအချက်က ထိရောက်ခေတ်မီပြီး စရိတ်စက သက်သာသော သယ်ယူပို့ဆောင်ရေးစနစ်တည်ထောင်ရန် Policy ချမှတ်၍ အကောင်းဆုံး ဖြစ်အောင်၊ အချွေတာနိုင်ဆုံးဖြစ်အောင် ၊ အကျိုးရှိ ထိရောက်သော ရင်းနှီးမြုပ်နှံမှုတွေဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းနှင့်အညီ အရေးပါသော ရထားလမ်းအပိုင်းများကို ဦးစားပေးလမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိသောလမ်းပိုင်းများမှာအောက်ပါအတိုင်းဖြစ်ပါကြောင်းဖြေကြားခဲ့ပါတယ်-

(က) ရန်ကုန် - မန္တလေးရထားလမ်းပိုင်း

( ခ) မန္တလေး - မြစ်ကြီးနားရထားလမ်းပိုင်း

( ဂ) ပဲခူး - မော်လမြိုင်ရထားလမ်းပိုင်း

(ဃ) ရန်ကုန် - ပြည် ရထားလမ်းပိုင်း

( င) ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုအခါ ရွှေညောင်- တောင်ကြီး ရထားလမ်းပိုင်းသည် ဦးစားပေးလမ်းပိုင်းမှာ ပါဝင်ခြင်းမရှိသေးပါကြောင်းနှင့် ရှေ့ကာလ ဦးစားပေး လမ်းပိုင်းမှာ ပါဝင်လာပါက ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့ရှိ တောင်ကြီးဘူတာနှင့် ရွှေညောင်ဘူတာသို့ မီးရထားဖြင့် ခရီးသည်နှင့် ကုန်စည်များ သယ်ဆောင် ဝင်/ ထွက်သွားလာရေး စံချိန်စံညွှန်းနှင့်အညီ စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ယခုအချိန်မှာ ရထားလမ်းအား ထားရှိ၍ ရထားသွားလာခြင်းကို ပိတ်သိမ်းထားမည်ဖြစ်ကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအေးမင်းစိုးက မေးခွန်း (၁၊ ၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်

တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး ဖြစ်ပါ တယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် ကျွန်တော့်အနေနဲ့ ရွာငံမြို့နယ်အတွင်းရှိ ရေချမ်းပြင်ကျေးရွာ- ဒုတ္တိုးရေ ကျေးရွာ-ယုံတောင်ကျေးရွာ ရွာချင်းဆက် မြေသားလမ်း (၄) မိုင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်အတွင်းရှိ ရေချမ်းပြင် ကျေးရွာ- ဒုတ္တိုးရေကျေးရွာ၊ ယုံတောင်ကျေးရွာဟာ အောင်ပန်း- ရွာငံ- ကျောက်ဆည်- မန္တလေးကားလမ်းမကြီးရဲ့ အရှေ့ဘက်တွင် တည်ရှိပြီး၊ ၎င်းဒေသအတွင်းရှိ ထွက်ရှိသော ကုန်များကို မန္တလေးသို့တင်ပို့ရာတွင် လမ်းမကြီးနှင့် နီးသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကိုးဆူ- ကျောက်ပိစပ်- ရေဦး- ကျောက်ဂူပြင်ကျေးရွာများကို အဆင့်ဆင့် ဖြတ်သန်းပြီးမှ လမ်းမကြီးသို့ ရောက်ရှိရပါတယ်။ ရေချမ်းပြင်ကျေးရွာ၊ ဒုတ္တိုးရေ ကျေးရွာ၊ ယုံတောင်ကျေးရွာများကို ကျေးရွာချင်းဆက် မြေသားလမ်းအဖြစ် ဦးစွာအဆင်မြှင့်တင်ပေး မည်ဆိုပါက ရေရှည်တွင် ၎င်းလမ်းကို ရွာမှထွက်ကုန်များ မန္တလေးသို့ ကုန်စည်ကူးသန်း သယ်ယူပို့ဆောင်ရာတွင် ဖြတ်လမ်းသဖွယ်အသုံးပြုနိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရေချမ်း ပြင်ကျေးရွာ- ဒုတ္တိုးရေကျေးရွာ- ယုံတောင်ကျေးရွာချင်းဆက် မြေသားလမ်း(၄)မိုင်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ ပြည်သူ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။

ကျွန်တော့်အနေနှင့် ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံ မြို့နယ်အတွင်းရှိ ရေဦး- ကျောက်ကူပြင် လမ်းခွဲမှ ကျောက်ပိစပ်ကျေးရွာ- ကိုးဆူကျေးရွာ- ရေချမ်းပြင်ကျေးရွာများတွင် ဓနုလူမျိုးများစွာ နေထိုင်ကြပြီး လူဦးရေ (၅၀၀၀)ကျော် ရှိပါတယ်။ ၎င်းဒေသရှိ ဒေသခံများမှာ စိုက်ပျိုးရေးကိုသာ အဓိကထား အသက်မွေးဝမ်း ကျောင်းပြုပြီး လိမ္မော်၊ လက်ဖက်၊ သံပုရာ၊ ထောပတ်၊ ကော်ဖီစသည့်သီးနှံများ စိုက်ပျိုး ကြကာ ရိုးသားစွာ နေထိုင်ကြသော ဒေသဖြစ်ပါတယ်။

ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအရေးကြီးပါတယ်။ ၎င်းကျေးရွာချင်းဆက် ကျောက်ချောလမ်း(၅)မိုင်ကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သော်လည်းလမ်းကြီးကြပ်သော ကုမ္ပဏီ၏ အရည်အသွေးမမီစွာ ပြုလုပ်မှုကြောင့် ယခင်မြေသားလမ်းထက် ပိုမိုဆိုးရွားကာ သွားလာမှုခက်ခဲလျက်ရှိပါတယ်။

နိုင်ငံတော် စီမံကိန်းရေးဆွဲရာတွင်လည်း မြေသားလမ်းပြီး ကျောက်ချောလမ်း၊ ကျောက်ချောလမ်းပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နေသည်ကို တွေ့ရှိရပါတယ်။ ယခုလမ်းမှာ (၄)နှစ်ကျော်ခန့်က ကျောက်ချောလမ်းအဖြစ် ကြာမြင့်နေပြီ ဖြစ်ပါသောကြောင့် စီမံကိန်းအရ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသင့်သည်ဟုလည်း ယူဆပါတယ်။

သို့ဖြစ်ပါ၍ ရေဦး-ကျောက္ကူပြင်လမ်းခွဲမှ ကျောက်ပိစပ်၊ ကိုးဆူ၊ ရေချမ်းပြင် ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၅)မိုင်ကို ကတ္တရာလမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် မည်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကမေးခွန်း(၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးမှ မေးမြန်းလာတဲ့ မေးခွန်းနှစ်ခုနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ရွာငံမြို့နယ်အတွင်းရှိ ရေချမ်းပြင်ကျေးရွာ-ဒုတ္တိုးရေ ကျေးရွာ-ယုံတောင်ကျေးရွာ ရွာချင်းဆက် မြေသားလမ်း (၄) မိုင်ကို ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းဆိုတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရေချမ်းပြင်-ဒုတ္တိုးရေ-ယုံတောင်-တက်တောင်လမ်းပိုင်းဟာ အရှည်(၄)မိုင်(၁)ဖာလုံရှိပြီး လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းတဲ့ ရေချမ်းပြင်- ဒုတ္တိုးရေ- ယုံတောင်အထိ

ကျေးရွာချင်းဆက်လမ်းဟာ (၃)မိုင် (၄)ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းပိုင်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက ရေချမ်းပြင် ၊ ဒုတ္တိုးရေ ၊ ယုံတောင်ကျေးရွာ (၃)ရွာမှာရှိတဲ့ အိမ်ခြေ (၅၄၂)အိမ် ၊ အိမ်ထောင်စု (၅၉၀)စု ၊ လူဦးရေ (၂၁၅၉)ဦးတို့ရဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်မှာ ဖြစ်ပါတယ်။

ရွှင်မြို့နယ်၊ ရေချမ်းပြင်- ဒုတ္တိုးရေ- ယုံတောင်ကျေးရွာချင်းဆက် လမ်း(၃)မိုင် (၄) ဖာလုံကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မဲ့ ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ အဆိုပြု ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှင်မြို့နယ်အတွင်းရှိ ရေဦး-ကျောက္ကူပြင်လမ်းခွဲမှ ကျောက်ပိစပ်ကျေးရွာ၊ ကိုးဆူကျေးရွာ၊ ရေချမ်းပြင်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၅) မိုင်ကို ကတ္တရာလမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ ရွှင်မြို့နယ်အတွင်းရှိ ရေဦး-ကျောက္ကူပြင်လမ်း ကျောက်ပိစပ် လမ်းခွဲမှ ကျောက်မြောင်းအမှတ်(၁) ၊ ကျောက်ပိစပ်ကျေးရွာ ၊ ကိုးဆူကျေးရွာ ၊ ရေချမ်းပြင် ကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဟာ အရှည်(၅)မိုင်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါ တယ်။

အဆိုပါ လမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည် ဆိုပါက ကျောက်မြောင်း၊ ကျောက်ပိစပ်၊ ကိုးဆူ ၊ ရေချမ်းပြင်ကျေးရွာ(၄)ရွာရှိ အိမ်ခြေ (၇၈၇)အိမ်၊ အိမ်ထောင်စု(၈၃၀)စုနှင့် လူဦးရေ (၃၂၁၉)ဦးတို့၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပိုင်း(၅)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စစ်ဆေးပြီး လမ်းဘေးဝဲ/ ယာ တစ်လျှောက်မှာရှိတဲ့ ခြံပိုင်ရှင်များနှင့် မြေယာကိစ္စရပ်များ ပြီးပြတ်အောင် ညှိနှိုင်း ဆောင်ရွက်ပြီးချိန်မှာ သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး

ကော်မတီရဲ့ တင်ပြချက်အပေါ် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းမှာ ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် ထည့်သွင်းပါဝင် လာပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေဝင်ဆန့်မှုအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်အတိုင်း လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော််အနေနှင့် ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေနှင့် ပတ်သက်၍ “မထသ” လို့ခေါ်သည့် ဒေသဆိုင်ရာ မြို့နယ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းထားမှုနှင့်စပ်လျဉ်းပြီး မေးမြန်း သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းထားရှိပါတယ်။ အဆိုပါဥပဒေ ပုဒ်မ ၂၇ မှာ ဝန်ကြီးဌာနသည်

(က) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား အနီးကပ် ကြီးကြပ်ကွပ်ကဲနိုင်ရန် လိုအပ်သော ဒေသဆိုင်ရာ (မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းရမည်။

(ခ) ဒေသဆိုင်ရာ (မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအတွက် လိုအပ်သည့် ဖွဲ့စည်းပုံ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ၊ ဘဏ္ဍာရေးကိစ္စများအား သတ်မှတ်ပြဋ္ဌာန်းပေးရမည်ဟု ဖော်ပြပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ မြို့နယ်အတော်များများမှာ “မထသ” လို့ခေါ်တဲ့ မြို့နယ်ကြီးကြပ်ကွပ်ကဲရေး အဖွဲ့များကို အစိုးရသစ်တာဝန်ယူသည်မှစ၍ ယနေ့အထိ ပြောင်းလဲခြင်း မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ ယာဉ်လိုင်း၊ ယာဉ် ပိုင်ရှင်များအနေနှင့်လည်း မြို့နယ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များနှင့် အဆင်

ပြေမှသာ ယာဉ်လိုင်းထွက်ခွင့်ရခြင်း၊ ခရီးသည်များ ရရှိခြင်းတွေလည်း မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါ့အပြင် မြို့နယ်ကြီးကြပ်ကွပ်ကဲရေး အဖွဲ့များအနေဖြင့် ယာဉ်လိုင်းမှ ရရှိသော ရန်ပုံငွေများကို ပွင့်လင်းမြင်သာစွာ အသုံးပြုမှုမရှိခြင်း စသည့်ပြဿနာများကို ကြားသိရတဲ့အတွက် ကျွန်တော့် အနေနဲ့ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ် -

(က) ဒေသဆိုင်ရာ (မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို မည်သည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းဖြင့် ဖွဲ့စည်းထားသနည်း။

(ခ) အဆိုပါ ဖွဲ့စည်းထားသော (မြို့နယ်) ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို မည်သည့်အခါတွင် ပြန်လည်ရွေးချယ်တင်မြောက်မည်နည်း အစရှိသည် တို့ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား သိရှိလိုပါသောကြောင့်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်ပုဂ္ဂလိက ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ဒေသဆိုင်ရာ မြို့နယ်ကြီးကြပ် ကွပ်ကဲရေးအဖွဲ့ကို မည်သည့်မူဝါဒ လုပ်ထုံးလုပ်နည်းဖြင့် ဖွဲ့စည်းထားသနည်းဟု မေးမြန်း ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မော်တော်ယာဉ်လိုင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုရှိစေပြီး စီးပွားရေးလုပ်ကိုင်ဆောင်ရွက်တဲ့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ရှိစေရေး စီမံဆောင်ရွက်ရန် ရည်ရွယ်ပြီးတော့ ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ ယခုတော့ ရကကလို့ အတိုကောက်ခေါ်ကြပါတယ်ခင်ဗျား။ အဲ့ကော်မတီကို ရွေးချယ်ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပုဂ္ဂလိက ယာဉ်လုပ်ငန်းများကြီးကြပ်ရေးနှင့်ကော်မတီဖွဲ့စည်းခြင်းအတွက် ဥပဒေနှင့် နည်း ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်-

(က) ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ(၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

( ခ) ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးနည်းဥပဒေ (ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းထားသည့် ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေအရ ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ရွေးချယ်ဖွဲ့စည်းခွင့်ပြုနိုင်ရေးအတွက် ဖွဲ့စည်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၉-၈-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁-၈/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅ (ဒ)အရ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းမှုသည် အစိုးရဝန်ထမ်းမဟုတ်သည့် မြို့နယ်မော်တော်ယာဉ်လိုင်း (သို့မဟုတ်) ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေသောယာဉ်လုပ်ငန်းရှင်များ၏ကိုယ်စားပြုကော်မတီဝင် ၁၂ ဦး ထက်မပိုသောအဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းထားရှိသောဥပဒေ၊ နည်းဥပဒေနှင့်အညီရွေးချယ် ဖွဲ့စည်းနိုင်ရေး ဌာနဆိုင်ရာပါဝင်သော မြို့နယ်ရွေးချယ်ရေးကော်မရှင်အဖွဲ့များကိုသက်ဆိုင်ရာမြို့နယ်များမှာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ မြို့နယ်ဥပဒေအရာရှိကအဖွဲ့ဝင်၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနရှိ အရာရှိ/ဒုတိယဦးစီးမှူးက အဖွဲ့ဝင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးအား အတွင်းရေးမှူးအဖြစ် ထားရှိ၍ရွေးချယ်ရေးကော်မရှင်သတ်မှတ်ထားကာ ထိုရွေးချယ်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းဌာန၏ ၁၂- ၁၂- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ စအ (ရတ) ၁၀၄/၂၀၁၈/၇၁၃ ဖြင့် ရွေးချယ်ရေးကော်မရှင် ဥက္ကဋ္ဌဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ လုပ်ငန်းစဉ်များပေးပို့၍ စီမံဆောင်ရွက်စေလျက်ရှိပါတယ်။

မြို့နယ်ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ဆဲဖြစ်ပါကြောင်းနှင့် မြို့နယ်ကြီးကြပ်ရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းပြီး ဖြစ်ပါက ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ အခန်း(၂)၊ ပုဒ်မ(၃) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခန့်အပ်သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ပုဂ္ဂလိကယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေအခန်း(၂)၊ ပုဒ်မ ၅ အရ ကော်မတီ၏သက်တမ်းသည် ၃ နှစ်ဖြစ်သည်ဟု ဖော်ပြပါရှိပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ အတည်ပြုရွေးချယ်ခန့်အပ်သည့်နေ့မှစ၍ ၃ နှစ်ပြည့်မြောက်လျှင် မြို့နယ်အလိုက် ပုဂ္ဂလိကယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီများကို ပြန်လည်ရွေးချယ်တင်မြောက်ရမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျ က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** ယနေ့အစည်းအဝေးသို့ တက်ရောက်လာသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လဲချားမြို့နယ်ရှိ နမ့်တောင်းချောင်းဆည်မှ လဲချားမြို့သို့ ရေပေးဝေရေးဆောင်ရွက်နေတဲ့ လုပ်ငန်းနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လဲချားမြို့နယ် နမ့်တောင်းချောင်းဆည်မှ လဲချားမြို့အတွင်းသို့ ရေပေးဝေရေးဆောင်ရွက်နေသည့်လုပ်ငန်းဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၏(၂၁-၁၀-၂၀၁၂)ရက်နေ့ လဲချားမြို့ ခရီးစဉ်တွင် လဲချားမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ရေရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်ချက်အရ လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးစီမံချက်အား ရေးဆွဲတင်ပြခဲ့ပါတယ်။ ကနေ့အထိဆိုလျှင် အချိန်ကာလအားဖြင့် (၆) နှစ်ခန့်ကြာမြင့်လာပြီး လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်လာသည့် (၆) နှစ်တာကာလအတွင်း ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းမရှိတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရည်ရွယ်ချက်တွင် လဲချားမြို့တွင်း မီတင်းနေထိုင်ကြသော ပြည်သူများသန့်ရှင်းသောသောက်သုံးရေ ရရှိရေးဟူသော ရည်ရွယ်ချက်မှာ

ကောင်းမွန်ပါသော်လည်း နမ့်တောင်းချောင်း မြစ်ဖျားခံရာမှ ချောင်း တစ်လျှောက်လုံးတွင် လယ်၊ ယာ၊ ခြံ၊ ဥယျာဉ်မြေများမှ အသုံးပြုသည့် ဓာတုပိုးသတ်ဆေးများနှင့် ပေါင်းသတ်ဆေးအကြွင်းအကျန်များ ချောင်းတွင်းသို့ စီးဝင်နိုင်ပါတယ်။ သက်ဆိုင်ရာ အစိုးရအနေဖြင့် နမ့်တောင်းချောင်းရေအား သောက်သုံးရန် သင့်/ မသင့် စစ်ဆေးထားခြင်း ရှိ/ မရှိကိုလည်း မသိရပါ။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၎င်းရေပေးဝေရေးလုပ်ငန်းအတွက် ပြည်နယ်ရန်ပုံငွေ၊ထောက်ပံ့ငွေများဖြင့် ကျပ်ပေါင်း(၃၀၀,၀၀၀,၀၀၀/-)ခန့် အကုန်အကျခံပြီး တော့(၆)နှစ်ခန့်ကာလအထိ အပြီးသတ် ဆောင်ရွက်ပြီးစီးခြင်းမရှိသေးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရေပိုက်လိုင်းများ သွယ်တန်းပေးရာတွင်လည်း သောက်သုံးရေအမှန်တကယ်လိုအပ်ပြီး အဝီစိတွင်းများ၊ လက်တူးတွင်းများ တူးဖော်၍ ရေမထွက်နိုင်သည့် အမှတ် (၄) ရပ်ကွက်ပေါ်ရှိ ရဲဘော်ဟောင်းရပ်၊ နောင်တောင်းရပ်၊ မင်္ဂလာကွက်သစ် စသည့်နေရာများသို့ ရေပိုက်လိုင်းများ သွယ်တန်းပေးခြင်းမရှိဘဲ သောက်သုံးရေ လွယ်ကူသော၊ ရေမလိုအပ်သေးသော နေရာများသို့ ရေပိုက်လိုင်းများ သွယ်တန်းပေးနေတာကို တွေ့ရှိရပါတယ်။ ရေပိုက်လိုင်းများ မြှုပ်ရန်အတွက် မြောင်းတူးရခြင်းကြောင့် မြို့တွင်းလမ်းများလည်း ပျက်စီးခဲ့ရပြီး၊ မိုးတွင်းကာလတွင် တစ်မြို့လုံး ရွှံ့ဗွက်များ ထူထပ်နေပြီး ပြည်သူများအတွက် သွားလာရခက်ခဲပြီး စိတ်အနှောင့်အယှက်များစွာ ဖြစ်ခဲ့ရပါတယ်။

၎င်းရေပေးဝေရေးလုပ်ငန်းသည် ရေမီတာများ တပ်ဆင်ကာ သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ပြည်သူများမှ အကုန်အကျခံကာ ဝယ်ယူသုံးစွဲရမှာဖြစ်ကြောင်း သိရှိရပါတယ်။ ထို့ပြင် မြို့အတွက် ရန်ပုံငွေများရရှိမှာဖြစ်တဲ့အတွက် အမှန်တကယ်ရယူသုံးစွဲလိုသော ပြည်သူများထံ ရေရောက်ရှိနိုင်ရေး အလေးပေး ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်။

၎င်းရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်ပြီး သိရှိလိုသည်မှာ

(က) နမ့်တောင်းချောင်းရေသည် သောက်သုံးရန် သင့်/ မသင့်၊ သက်ဆိုင်ရာ အစိုးရအနေဖြင့် စစ်ဆေးပေးထားခြင်း ရှိ/မရှိ။

( ခ) အမှန်တကယ်ရေလိုအပ်နေသည့် အမှတ် (၄) ရပ်ကွက်ပေါ်ရှိ ရဲဘော်ဟောင်းရပ်၊ နောင်တောင်းရပ်၊ မင်္ဂလာကွက်သစ် စသည့် နေရာများသို့ ရေပိုက်သွယ်တန်းပေးနိုင်ခြင်း ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့်၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် သွယ်တန်းပေးမည်။

( ဂ) ၎င်းရေပေးဝေရေးလုပ်ငန်းအား မည်သည့်အချိန်တွင် လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပေးမည်နှင့် မြို့တွင်းလမ်းများကိုလည်း ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် ရှိ/ မရှိကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သတ်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လဲချားမြို့နယ်ရှိ နမ့်တောင်းချောင်းဆည်မှ လဲချားမြို့သို့ ရေပေးဝေရေးဆောင်ရွက်နေသည့်လုပ်ငန်းနှင့် ပတ်သက်၍-

(က) နမ့်တောင်းချောင်းရေသည် သောက်သုံးရန်သင့်/မသင့်၊ သက်ဆိုင်ရာ အစိုးရအနေဖြင့် စစ်ဆေးပေးထားခြင်း ရှိ/မရှိ။

( ခ) အမှန်တကယ်ရေလိုအပ်နေသည့် အမှတ်(၄)ရပ်ကွက်ပေါ်ရှိ ရဲဘော်ဟောင်းရပ်၊ နောင်တောင်းရပ် မင်္ဂလာကွက်သစ်စသည့် နေရာများသို့ ရေပိုက်သွယ်တန်းပေးနိုင်ခြင်း ရှိ/မရှိ မရှိပါက အဘယ်ကြောင့်နည်း၊ ရှိပါက မည်သည့်အချိန်တွင် သွယ်တန်းပေးမည်ကို သိရှိလိုကြောင်း။

( ဂ) အဆိုပါ ရေပေးဝေရေးလုပ်ငန်းအား မည်သည့်အချိန်တွင်လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပေးမည်နှင့် မြို့တွင်းလမ်း များကိုလည်းပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ / မရှိကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြလိုပါတယ်-

လဲချားမြို့သို့ ရေပေးဝေမည့် နမ့်တောင်းချောင်းရေသည် ပြည်သူများ အတွက် သောက်သုံးရန် သင့်/မသင့်အား ရန်ကုန်မြို့ရှိ လက်မှတ်ရ ပုဂ္ဂလိကဓါတ်ခွဲခန်း တစ်ခုခုသို့ ရေနမူနာပေးပို့၍ ရေအရည်အသွေးစစ်ဆေးခြင်း (Water Quality Test) ပြုလုပ် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အမှန်တကယ်ရေလိုအပ်နေသည့် လဲချားမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ ရဲဘော်ဟောင်းရပ်၊ နောင်တောင်းရပ်၊ မင်္ဂလာကွက်သစ်များသည် မူလရေပေးဝေရေးစီမံချက်တွင် ပါဝင်ခြင်းမရှိပါ။ အဆိုပါရပ်ကွက်များသို့ ရေပေးဝေရေးပိုက်လိုင်းသွယ်တန်းခြင်း (၁၂၂၇၄)ပေအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၄၁၀)သိန်းအား ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လဲချားမြို့ရေပေးဝေရေးအား ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်း (၁၅)လမ်း၊ အတိုင်းအတာမှာ (၃၂၃၁၅)ပေအား လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ဆက်သွယ်၍ ရေရယူလိုသည့် ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၏ စာရင်းရရှိထားပြီး ဆပ်မိန်းအုပ်စု ရေဖြန့်ဝေသည့်စနစ် ဖြင့် ရေမီတာတပ်ဆင်စေပြီး ရေဖြန့်ဝေ ပေးသွားမည်ဖြစ်ပါတယ်။

မြို့တွင်း ရေဖြန့်ဝေရေး ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းကြောင့် လမ်းသားပျက်စီးမှုရှိသည့် မင်္ဂလာလမ်း၊ စဝ်စံထွန်းလမ်းတို့တွင် ကတ္တရာခင်း၍ ပြန်လည်ပြုပြင်ပေးခြင်းနှင့် အခြားလမ်းများကိုလည်း ကျောက်၊ကျောက်ရောမြေ တို့ဖြင့် ပြန်လည်ပြုပြင်ပေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အပိုင်း-၂ တွင် မြို့တွင်းလမ်းများဖြစ်သော ချယ်ရီလမ်းကျောက်မှ ကတ္တရာခင်းခြင်း၊ ကုန်ကျငွေကျပ်(၁၃)သန်း၊ ခရေလမ်းကျောက်မှ ကတ္တရာခင်းခြင်း ကုန်ကျငွေကျပ်(၁၅.၅)သန်း၊ စဝ်စံထွန်းလမ်းကျောက်မှ ကတ္တရာခင်းခြင်း၊ ကုန်ကျငွေကျပ်(၁၀.၅)သန်း၊ စုစုပေါင်း ကုန်ကျငွေကျပ်(၃၉)သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ် က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး၊ တာဝန်ရှိသူများအားလုံးနှင့် လာရောက်လေ့လာကြသော လူငယ်မောင်မယ်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျေးလက်လမ်းတံတားနှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်လင်မြို့နယ်၊ နားယန်း ကျေးရွာအုပ်စုနှင့် မိုင်းပွန်မြို့ကို အဓိကဆက်သွယ်ပေးသော မိုင်းပွန်- တိပေး- ကုန်းပက် လမ်းပေါ်ရှိ (၆၀×၁၂×၁၀)ပေရှိ သစ်သားတံတားဟာ ကျေးရွာပေါင်း (၁၁)ရွာ၊ အိမ်ခြေပေါင်း (၃၉၂) အိမ်နဲ့ လူဦးရေပေါင်း (၂၀၀၀)ကျော်ကို အကျိုးပြုလျက်ရှိတဲ့ တံတားတစ်စင်း ဖြစ်ပါ တယ်။ ဒါ့အပြင် မိုင်းပွန်မြို့ပေါ်ရှိ တောင်သူလယ်သမားများ၊ နားယန်းကျေးရွာအုပ်စုမှ မိုင်းပွန် အထကကျောင်းသို့ သွားရောက်ပညာသင်ကြားနေကြတဲ့ ကျောင်းသူ/ ကျောင်းသား များ နေ့စဉ်ဖြတ်သန်းအသုံးပြုလျက်ရှိသော တံတားတစ်စင်း ဖြစ်ပါတယ်။

ဒီတံတားဟာ သက်တမ်းအားဖြင့် ကြာမြင့်နေ၍လည်းကောင်း၊ သစ်သားတံတား ဖြစ်နေ၍လည်းကောင်း နှစ်စဉ်လိုလို ကျေးရွာသူ/ကျေးရွာသားများက မိမိအစီအစဉ်ဖြင့် ပြုပြင်မွမ်းမံနေရပါတယ်။ ယခုအခါတွင် သစ်ဝါးများ ရှားပါးလာခြင်းကြောင့်လည်းကောင်း၊ ဒေသခံပြည်သူများ၏ အထွေထွေအကြပ်အတည်းနှင့် ကြုံတွေ့နေရ၍လည်းကောင်း၊ တံတား ကို ပြုပြင်ထိန်းသိမ်းရန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် တံတားကြီးကို သံကူကွန်ကရစ်တံတားအဖြစ်သို့ ပြောင်းလဲတည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါ တယ်။

သို့ဖြစ်ပါ၍ နားယန်းကျေးရွာအုပ်စု၊ မိုင်းပွန်- တိပေး- ကုန်းပက်လမ်းပေါ်ရှိ (၆၀×၁၂×၁၀)ပေရှိ သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ်သို့ တည်ဆောက်ပေး နိုင်မည့် အခြေအနေ မည်သို့ရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် မေးမြန်းထားတဲ့ လှိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု နှင့်မိုင်းပွန်မြို့တို့ကို အဓိက ဆက်သွယ်ပေးသော မိုင်းပွန်- တိပေး- ကုန်းပက်လမ်းပေါ်ရှိတဲ့ ပေ(၆၀) သစ်သား တံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရန်

အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။

လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စုနှင့် မိုင်းပွန်မြို့တို့ကိုအဓိကဆက်သွယ်ပေးတဲ့ မိုင်းပွန်- တိပေး- ကုန်းပက်လမ်းပေါ်ရှိ (၆၀×၁၂×၁၀)ပေရှိ သစ်သားတံတားဟာ Class A အမျိုးအစား၊ ဦးစားပေးအဆင့် (၃)လမ်းပေါ်မှာ တည်ရှိသည့် ကျေးရွာ (၁၄)ရွာ၊ အိမ်ခြေ (၉၆၆)အိမ်၊ လူဦးရေ ၅၂၄၆ ဦးတို့အား အကျိုးပြုတဲ့ သစ်သားတံတားတစ်စင်း ဖြစ်ပါတယ်။

အဆိုပါ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက် ရန်အတွက် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)နှင့် ပူးပေါင်းဆောင်ရွက်တဲ့ ကျေးလက်လမ်း ဖွံ့ဖြိုးရေးအစီအစဉ် အပိုင်း(၄) အရ (၁.၂.၂၀၁၉)ရက်၊ သောကြာနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် တင်ဒါခေါ်ယူထားရှိပြီး ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြား ခြင်းအစီအစဉ် ပြီးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန / အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်း ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ယနေ့ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ကြွရောက် လာကြတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ယနေ့အစည်းအဝေးမှာ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးရေးအတွက် တင်ပြလိုပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅ အရ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက် သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရန်လျာထားချက်ကို သတ်မှတ်ချိန်အတွင်း ပြုစုပြီး ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရရှိပါက ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြရမှာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ( ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၆။ )ကို ရှမ်းပြည်နယ်လွှတ်တော်မှ (၂၁-၉-၂၀၁၈) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/အဖွဲ့အစည်းများသည် ပြဋ္ဌာန်းထားတဲ့ ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ရာမှာ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း မိမိတို့နှင့်ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိစေရေး စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ စနစ်တကျသုံးစွဲကြရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်လမ်းညွှန်လျက်ရှိပါတယ်။

ဌာန/ အဖွဲ့အစည်းများက သာမန်အသုံးစရိတ်မှာ အကြောင်းအမျိုးမျိုးကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်အခြေအနေအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံကြရန်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေတွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံကြရန် မှာကြားခဲ့ပြီး ဌာနများမှ တင်ပြလာသော သာမန်နှင့် ငွေလုံးငွေရင်း စာရင်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရေးဆွဲထားပါတယ်။

ပထမဦးစွာ Slide No 6 ကနေ Slide No 14ထိ မှာတော့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနဲ့ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများမှာ ရငွေပိုမိုရရှိမှု အခြေအနေများကို ဖော်ပြထားပါတယ်။ ၂၀၁၈-၂၀၁၉ခု၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းမှာ ပြည်ထောင်စုမှ အခွန်ဝေစုပိုမိုရငွေ ကျပ် ၂၂၇.၅၀၈ သန်း၊ ပြည်နယ်ရဲ့အခွန် အကောက်ရငွေမှ ပိုမိုရရှိငွေကျပ်၂၄၅.၈၈၁ သန်း၊ ပြည်နယ်ရဲ့ အခြားသာမန်ရငွေမှပိုမို ရရှိငွေ ကျပ် ၃၈၉၉.၀၈၁

သန်း၊ ပြည်နယ်ရဲ့ ငွေလုံးငွေရင်းရငွေမှ ပိုမိုရရှိငွေ ကျပ် ၁၀၆.၁၂၃ သန်း၊ စုစုပေါင်း ကျပ် ၄၄၇၈.၅၉၃ သန်း ပိုမိုရရှိခဲ့ပါတယ်။ (ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းရဲ့ ရငွေပိုမိုရရှိခြင်းအတွက် ရှင်းလင်းချက် စာမျက်နှာ ၁ မှ ၆ အထိ အသေးစိတ်ပါဝင်ပါတယ်။)

ဆက်လက်ပြီးတော့ Slide No 15 ကနေ Slide No 20ထိ မှာတော့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံတဲ့ ဌာန(၁၉)ခု (ရှမ်းပြည်နယ်အစိုးရအဖွဲ့ငွေစာရင်းအောက် ပါဝင်တဲ့ (၇)ခု မပါ) ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေစာရင်းအောက်တွင်ပါဝင်တဲ့ (၇)ခုပါရင် (၂၆)ခုမှ သာမန်အသုံးစရိတ် ကျပ် ၁၄၉၂.၆၀၅ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၅၉၅၈.၉၆၂ သန်း၊ စုစုပေါင်း ကျပ် ၁၇၄၅၁.၅၆၇ သန်း တောင်းခံထားတာဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အနေနဲ့ လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ခတ်ဆီ/ စက်ဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်နဲ့ ပင်စင်စတဲ့ခေါင်းစဉ်များအတွက် တောင်းခံထားပါ တယ်။ ငွေလုံးငွေရင်း အနေနဲ့ တည်ဆောက်ရေး၊ စက်ပစ္စည်း/ ပရိဘောဂ၊ ဒေသဖွံ့ဖြိုးရေးနှင့် အခြားစတဲ့ ငွေစာရင်းခေါင်းစဉ်များအတွက် တောင်းခံထားပါတယ်။ အဓိကအနေနဲ့ကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်တဲ့ အဖွဲ့(၉)ဖွဲ့အတွက် စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ် ရဲ့ ၈၉.၅၇% တောင်းခံထားပါတယ်။ အဲ့ဒီအဖွဲ့(၉)ဖွဲ့ကတော့ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ဦးစီးဌာန၊ ညောင်ရွှေပြတိုက်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လမ်းဦးစီးဌာနနဲ့ စည်ပင်သာယာရေးအဖွဲ့တို့ ဖြစ်ကြပါတယ်။ (ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းရဲ့ စာမျက်နှာ ၁ မှ ၄ အထိနဲ့ ရှင်းလင်းချက် စာမျက်နှာ ၁မှ ၇အထိ အသေးစိတ်ကြည့်ရှု နိုင်ပါတယ်။) ဌာန/ အဖွဲ့အစည်း(၂၆)ခုရဲ့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားတဲ့ စာရင်းစာအုပ်များကိုလည်း ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် အသေးစိတ်ကြည့်ရှုနိုင်ပါတယ်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းရဲ့ ရငွေမှာ ပြည်နယ်အချုပ်အနေနဲ့ ၂၃ ဘီလီယံတိုးခဲ့ပါတယ်။ ပြည်နယ်ရဲ့ ရငွေတိုးမြှင့်ရရှိမှုအပေါ် အခြေခံပြီး ပြည်ထောင်စုမှ ထောက်ပံ့ပေးမည့်ငွေ ပြောင်းလဲမှုမရှိဘဲ ဖြည့်စွက်ခွင့်ပြုငွေ (အသုံးစရိတ်) ၂၃ ဘီလီယံ တောင်းခံခဲ့ပါတယ်။ ဒါပေမယ့် ဘဏ္ဍာရေးကော်မရှင်မှ လုပ်ငန်းအသစ်များအတွက် ၃ ဘီလီယံ စိစစ်လျှော့ချခဲ့ပါတယ်။ အဲ့ဒါကြောင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှာ

ပြည်ထောင်စုမှ ထောက်ပံ့ငွေ ပိုမိုထောက်ပံ့ရရှိခြင်းမရှိဘဲ ပြည်နယ်ရဲ့ရငွေ ၂၃ ဘီလီယံ တိုးလာတဲ့အတွက် မူလခန့်မှန်းခြေစာရင်းထက် ၃ ဘီလီယံ လျှော့နည်းထောက်ပံ့ပြီး ဖြည့်စွက် ခွင့်ပြုငွေ ၂၀ ဘီလီယံကို သုံးစွဲခဲ့ရပါတယ်။

ယခု ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှာတော့ အရှေ့မှာတင်ပြ ထားခဲ့တဲ့အတိုင်း ပြည်နယ်ရဲ့ရငွေ (ပြည်ထောင်စုမှလွဲပြောင်းပေးတဲ့ အခွန်ဝေစု ပိုမိုရငွေအပါအဝင်) ကျပ် ၄၄၇၈.၅၉၃ သန်းသာ တိုးလာခဲ့ပြီး ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၁၇၄၅၁.၅၆၇ သန်း တောင်းခံ ထားတဲ့အတွက် ပြည်ထောင်စုမှ အသားတင် ကျပ် ၁၂၉၇၂.၉၇၄ သန်း ပိုမိုထောက်ပံ့ပေး မှသာ ယခုတင်ပြထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေအားလုံးကို အပြည့်အဝ ရရှိမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားတဲ့ စာရင်းချုပ်များရဲ့နောက်ဆုံးမှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနဲ့ ပြုပြင်ပြီးခန့်မှန်း ခြေစာရင်းမှာ လိုငွေပေါ်ပေါက်တဲ့အခြေအနေကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ စုစုပေါင်း ကျပ် ၁၂၉၇၂.၉၇၄ သန်းကို ပံ့ပိုးထောက်ပံ့မှသာလျှင် ယခုထပ်မံတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို အပြည့်အဝရရှိမှာဖြစ်ပါတယ်။ အကယ်၍ ပြည်ထောင်စုမှ ထပ်မံမထောက်ပံ့ဘူးဆိုရင် စုစုပေါင်းပြည်နယ်ရဲ့ရငွေနဲ့သွားမယ်ဆိုရင်တော့ ကျပ် ၄ ဘီလီယံ သာ သုံးစွဲရမှာဖြစ်ပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်များသိအောင် လေးစားစွာ တင်ပြပါတယ်။ အကယ်၍ပြည်ထောင်စုမှ မထောက်ပံ့ပါဘူး။ ပြီးခဲ့သည့်နှစ်ကလိုသာ ရငွေနဲ့ပဲ သုံးမယ်ဆိုရင်တော့ ကျပ် ၄ ဘီလီယံကျော်သုံးရမှာ ဖြစ်တဲ့အတွက် ဌာနဆိုင်ရာအဖွဲ့ ၁၆ ဖွဲ့က တောင်းခံထားတာတွေကိုပြန်လည်စိစစ်ဖြတ်တောက်သွားရမှာ ဖြစ်တဲ့အကြောင်း လေးစားစွာ တင်ပြ အပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုတင်ပြထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေများမှာ ဌာနများအတွက် မဖြစ်မနေ သုံးစွဲရမယ့် အသုံးစရိတ်များဖြစ်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရာခိုင်နှုန်းများစွာပါဝင်တဲ့အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သာမန် အသုံးစရိတ် ကျပ် ၁၄၉၂.၆၀၅ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၅၉၅၈.၉၆၂ သန်း၊ စုစုပေါင်း ကျပ် ၁၇၄၅၁.၅၆၇ သန်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့် အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရ

အဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ၊ လားရှိုးနည်းပညာတက္ကသိုလ်မှ ကျောင်းသူ/ ကျောင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က(၈.၂.၂၀၁၉)ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့သော **“ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများလေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း(မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မဒီအဆိုကို ကန့်ကွက်ဆွေးနွေးရခြင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေအထားအရ ကြည့်ပြီးမှ ကန့်ကွက်ရခြင်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ခုနှစ်တွင် နောင်ချိုမြို့၌ ကျပ် ၉၆၆ သိန်း၊ ကျောက်မဲမြို့၌ ကျပ် ၁,၀၅၃.၉၀ သိန်း၊ သီပေါမြို့၌ ကျပ် ၁,၀၇၀ သိန်း၊ လားရှိုးမြို့၌ ကျပ် ၉၀၀ သိန်း၊သိန္နီမြို့၌ ကျပ် ၅၅၀ သိန်း၊ ကွတ်ခိုင်မြို့၌ ကျပ် ၃၇၇.၇၀ သိန်းနှင့် မူဆယ်မြို့၌ ကျပ် ၁,၂၀၀ သိန်း၊ စုစုပေါင်း ကျပ် ၆,၁၁၇.၆ သိန်း ရှိသည့်အတွက် ဒီအဆိုသာ အတည်ဖြစ်သွားရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အများကြီးဆုံးရှုံးနစ်နာမှုတွေ ရှိမှာဖြစ်တဲ့အတွက် ကန့်ကွက်ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်တည်ဆောက်ရန် အုတ်မြစ်ချနေသည့် အချိန်ကာလပင်ဖြစ်ပါတယ်။ အုတ်မြစ်ချနေသည့်အလျောက် အမိုးအကာများ လိုအပ်လျက်ရှိပါတယ်။ အဲ့ဒီအမိုးအကာများဆောက်လုပ်ရန် ငွေကြေးလိုအပ်လျက်ရှိပါတယ်။အဲ့ဒီငွေကြေးများကို နိုင်ငံတော်အနေဖြင့် ပြည်သူထံမှ အခွန်ကောက်ခံ၍လည်းကောင်း၊ သဘာဝတွင်းထွက်သယံဇာတများမှ လည်းကောင်း၊ သွင်းကုန်/ ထုတ်ကုန်လုပ်ငန်းများမှ လည်းကောင်း၊ ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများမှလည်းကောင်း စသည့်အခွန်များကို အသီးသီး ကောက်ခံလျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်စည်ပင်နယ်နိမိတ်အတွင်းရှိ အဆောက်အဦခွန်၊ အမှိုက်ခွန်၊ ရေခွန်၊ မီးခွန်နှင့် လိုင်စင်စီ အရပ်ရပ်မှ အခွန်အသီးသီးနှင့် မြို့ဝင်ဘီးခွန်များကို ကောက်ခံလျက်ရှိပါတယ်။ ဤအခွန်မှ ရရှိသော

အခွန်ငွေများကို စည်ပင်နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သီနီမြို့နယ်၏ မြို့ဝင်ဘီးခွန်မှ ရရှိသည့် အခွန်များကို အခြေခံထားပြီး ဆွေးနွေးတင်ပြရမည်ဆိုရင် သီနီမြို့နယ်အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကအားထားရာကုန်စည်စီးဆင်းသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသည့်အပြင် တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်သည့် နယ်ခြားဂိတ်(၂)ဂိတ်သို့ဆက်သွယ်ထားသည့် လမ်းခွဲမြို့လည်းဖြစ်ပါတယ်။ မန္တလေးမြို့မှ မူဆယ်မြို့သို့လည်းကောင်း၊ မန္တလေးမှ ချင်းရွှေဟော်မြို့သို့လည်းကောင်း၊ ကုန်စည်ပို့ဆောင်သည့် ယာဉ်များနှင့် ခရီးသွားယာဉ်များ တစ်ရက်လျှင် စီးရေ ၄၀၀၀ မှ ၆၀၀၀ အထိရှိကြောင်း သိရှိရပါတယ်။ ထို့ကြောင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့ဝင်ဘီးခွန်များကို Oriental Highway Company အား လေလံကြေး ကျပ် ၅၅၀ သိန်းဖြင့် ကောက်ခံရရှိ ထားပါတယ်။ အဲ့ဒါတောင်မှ နည်းနေပါသေးတယ်။ နောက်နှစ်မှာ လေလံကြေးတိုးဖို့ကိုဆောင်ရွက်ထားပါတယ်။ တစ်စီးကိုတစ်ထောင်နှုန်းဖြင့် ကောက်ခံပါက တစ်ရက်လျှင် ကျပ် ၄၀ သိန်း လောက်ရပါတယ်။ တစ်လလျှင် ကျပ် ၁၂၀၀ သိန်း ရမှာဖြစ်ပါတယ်။

ဤနေရာမှာ အကြံပြုဆွေးနွေးလိုတာကတော့ ၂၀၁၇-၂၀၁၈တွင် လေလံရရှိသော ကုမ္ပဏီမှ သက်တမ်းတိုးပြီး ဆက်လက်ဆောင်ရွက်စေခဲ့သည်ကို တွေ့ရှိရပါတယ်။ ဤကဲ့သို့ ပြုမူဆောင်ရွက်ခြင်းထက် လေလံအပြိုင်ဆွဲစေခြင်းက အခွန်များပိုမိုရရှိမည်ဖြစ်ကြောင်းနှင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် လေလံစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ကျိုင်းတုံမြို့နယ်တွင် ဘီးခွန်ကို မှန်လုံတစ်စီးလျှင် ၂၀၀၀ကျပ် ကောက်ခံသည့်အပြင် ရပ်နားခွန် ၂၀၀၀ ကျပ် ထပ်မံကောက်ခံနေသည်ကို တွေ့ရှိရပါတယ်။ ရပ်နားခွန်ဆိုတာ ကားကွင်းထဲတွင် ညအိပ်ရပ်နားလျှင်သော်လည်းကောင်း၊ ကားကွင်းထဲ ဝင်လျှင် သော်လည်းကောင်း ကောက်ခံရမည်ဖြစ်ကြောင်း နားလည်မိပါတယ်။ သို့သော် ကျိုင်းတုံမြို့ အနေဖြင့် မြို့ဝင်သည်နှင့်တစ်ပါတည်း ကောက်ခံနေခြင်းသည် သင့်လျော်မှု မရှိသော ဘီးခွန်(၂)နေရာ ကောက်ခံနေသည်ကိုလည်းတွေ့ရှိရတဲ့အတွက် ပြန်လည်စိစစ်ပေးစေလိုပါတယ်။ မြို့ဝင်ဘီးခွန်များကို ကောက်ခံခြင်းအားဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်နစ်နာခြင်းမရှိတာကို တွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ ယာဉ်ပိုင်ရှင်များ၊ ကိုယ်ပိုင်ကားစီးနိုင်တဲ့ ပုဂ္ဂိုလ်များသာ ပေးဆောင်ရခြင်းဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီး ကမ္ဘာနိုင်ငံကြီးများပင် ကျွန်မတို့ မြန်မာနိုင်ငံက ဖွံ့ဖြိုးရေးအလွန်နောက်ကျနေတဲ့အတွက်

အဖက်ဖက်မှ လိုအပ်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွန်ဘဏ္ဍာ ကောက်ခံခြင်းသည်လည်း အထောက်အကူဖြစ်ခြင်းကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏အဆိုကို ကန့်ကွက်ရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်း က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းတဲ့ **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေအရ မြို့နယ်စည်ပင် သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့အနေနဲ့ ဝေဖန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံကို လျှောက်လှမ်းနေတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ အစိုးရအနေနဲ့လည်း အခွန်အခ၊ အကောက်များနှင့်သာ နိုင်ငံကိုတည်ဆောက်လျက်ရှိပါတယ်။ နိုင်ငံအသီးသီးကလည်း အခွန် အခများကို ကောက်ယူတဲ့စနစ်ကို ကျင့်သုံးပြီး နိုင်ငံကိုတည်ဆောက် လျက်ရှိပါတယ်။

ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော့အနေနဲ့ ဝေဖန်ရမယ်ဆိုရင် အဆိုတစ်ခုဟာ ကျွန်တော်တို့ ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူ/ သားများအားလုံးကို လွှမ်းခြုံနိုင်ပြီးတော့ အကျိုး ရှိ/မရှိ ဆိုတဲ့ဟာကို ကျွန်တော်တို့က လေ့လာပြီးမှသာ ဒီအဆိုကို ကောင်း/မကောင်း ကျွန်တော် တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မူဆယ်မြို့နယ်ကို အခြေခံပြီးတင်ပြရမယ်ဆိုရင် ခုနကသိန္နီမြို့နယ် လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားတဲ့အတိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ မြို့နယ်အသီးသီးမှာဆိုရင် တစ်နေ့ကို ကားအစီးရေ အနည်းဆုံး(၂၅၀၀)မှ (၄၀၀၀)ထိ ဖြတ်သန်းသွားလာနေပါတယ်။ အဲ့ဒီလို ဖြတ်သန်းသွားလာနေသောကြောင့် မြို့ပေါ်မှာရှိတဲ့လမ်းများ ပျက်စီးမှုဟာ အင်မတန်များပြား တယ်ဆိုတာ မပြောဘဲနဲ့သိနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့ မူဆယ်မြို့နယ်ရဲ့

အနေအထားဟာဆိုရင် တစ်ဖက်နိုင်ငံကို ကုန်သွယ်မှုမှာ လမ်းဆုံးဂိတ်ဖြစ်သလို မြို့ကိုဝင်လာတဲ့ အခြားပြင်ပမြို့များမှ ဝင်လာတဲ့ကားများဟာ တစ်နေ့ကို အစီး(၄၀၀၀)လောက် ဝင်တယ်ဆိုတာက မူဆယ်မြို့နယ် တိုးဂိတ်ရဲ့ စာရင်းဇယားအရ သိရှိနိုင်ပါတယ်။

မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနက ကောက်ခံရရှိတဲ့ အခွန်အခငွေ စုစုပေါင်း (၂၁.၃)ရာခိုင်နှုန်းကို ဘီးခွန်မှရရှိတာ ဖြစ်ပါတယ်။ မြို့တွင်းမှာ ပျက်စီးနေတဲ့လမ်းတွေကို ပြုပြင်ဖို့ဆိုရင် ငွေကြေးရှိဖို့ လိုအပ်ပါတယ်။ မြို့ဝင်ဘီးခွန်ကို မကောက်တော့ဘူးဆိုရင် ဝင်ငွေခွန် ရရှိမှု (၂၁.၃)ရာခိုင်နှုန်းကို ဆုံးရှုံးတော့မှာ ဖြစ်ပါတယ်။ ဆုံးရှုံးသွားတဲ့ အခွန်ငွေတွေကို ရှမ်းပြည်နယ်အစိုးရမှ ပံ့ပိုးပေးမယ်ဆိုရင် ဒီအဆိုကို ဘာမှဝေဖန်စရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့လည်း ရှမ်းပြည်နယ်အစိုးရကလည်း အဲ့လောက်ထိ ပံ့ပိုးပေးမလားဆိုတာကို လေ့လာသုံးသပ်ရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးကို ကြည့်မယ်ဆိုရင် စည်ပင်သာယာရေးဌာန စုစုပေါင်းဝင်ငွေဟာ ကျပ်သိန်းပေါင်း (၁၉၇၃၅၉.၆) ရှိပါတယ်။ အဲ့ထဲမှာ ဘီးခွန်ကောက်ခံရရှိမှု ကျပ်သိန်းပေါင်း(၂၀၄၁၇.၁၈) ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ကြည့်မယ်ဆိုရင် စည်ပင်သာယာရေးဌာနရဲ့ စုစုပေါင်းဝင်ငွေဟာ (၁၁)ရာခိုင်နှုန်းလောက်ရှိပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ လမ်းမကြီးကိုကြည့်မယ်ဆိုရင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲတဲ့လမ်းနှင့် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲတဲ့လမ်းဆိုပြီး ရှိပါတယ်။ ဘီးခွန်နှင့်ပတ်သက်ပြီးတော့ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲတဲ့လမ်းကို ဖျက်သိမ်းမယ်ဆိုရင် ပြဿနာမရှိပေမဲ့ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲတဲ့ လမ်းကို ဖျက်သိမ်းမယ်ဆိုရင် အခွန်အရပ်ရပ်ရရှိမှုမှာ နည်းသွားပြီး မြို့တွင်းမှာရှိတဲ့ ပျက်စီးသွားတဲ့လမ်းကို ပြန်လည်ပြုပြင်မယ်ဆိုရင် ခက်ခဲပြီးတော့ ခေါင်းခဲစရာဖြစ်လာပါမယ်။ အစိုးရမှာ လည်းဝန်ထုပ်ဝန်ပိုးဖြစ်သွားနိုင်ပါတယ်။

ဘီးခွန်ကို ကောက်ခံခြင်းအားဖြင့် မြို့နယ်နှင့် ပြည်နယ်မှာဆိုရင် ကားပိုင်ရှိသူဦးရေထက် ကားပိုင်မရှိသူဦးရေက ပိုမိုများတယ်ဆိုတာက လူတိုင်းသိပါတယ်။ ကျွန်တော်တို့ ဒီအဆို တစ်ခုဟာ အများပြည်သူအတွက် အားလုံးကို လွှမ်းခြုံနိုင်တဲ့ အဆို ဟုတ်/ မဟုတ်ဆိုတာ ဒီနေရာမှာ ခွဲခြားဆုံးဖြတ်နိုင်ပါတယ်။ ဒီအဆိုကို ကျွန်တော့အနေနဲ့ ဝေဖန်ရမယ်ဆိုရင် အများပြည်သူကို မလွှမ်းခြုံနိုင်သည့်အဆို ဖြစ်သောကြောင့် ဒီနေရာမှာ ဒီအဆိုကို ဝေဖန်ထောက်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကိန်မိုင်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကိန်မိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) သို့ တက်ရောက်လာသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လားရှိုးနည်းပညာတက္ကသိုလ်မှ လာရောက်လေ့လာတဲ့ ကျောင်းသူ/ကျောင်းသားများ၊ လေ့လာသူ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင် ဖြစ်ပါတယ်။

(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာတင်သွင်းထားတဲ့ အဆိုဖြစ်တဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးခိုင်ညီညီကျော်မှ **“ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင် သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု) ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မှန်ပါတယ်။ မြို့ဝင်ဘီးခွန်ကောက်ခံမှုကို ခရီးသွားပြည်သူများစိတ်အနှောင့်အယှက် ဖြစ်စေသည့် ပြဿနာတစ်ခုဖြစ်ပါတယ်။ ဝေဒနာတစ်ခုလိုလည်းဖြစ်နေပါတယ်။ တစ်နေရာနှင့်တစ်နေရာကောက်ခံပုံလည်းမတူပါဘူး။ တစ်ချို့နေရာတွေမှာ ဝါးတားဂိတ် (သို့မဟုတ်) အုတ်ခုံအမှတ်အသားဖြင့်လည်းကောင်း ကောက်ခံလျက်ရှိကြပါတယ်။ ကောက်ခံတဲ့နေရာမှာ တစ်ချို့နေရာမှာ ကောင်းကောင်းမွန်မွန်ပြောဆိုပြီး ကောက်ခံသလို တစ်ချို့နေရာတွေမှာ အပြောအဆိုမတတ် ကောက်ခံနေတာတွေရှိပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်ရတာဟာ ငွေကြေးမပေးချင်လို့ မဟုတ်ပါဘူး။ ကားစီးတဲ့လူတိုင်း၊ ကားမောင်းတဲ့လူတိုင်း လမ်းကြေးနဲ့ပတ်သက်လာရင် ပေးချင်တာ ဖြစ်ပါတယ်။ အရင်တုန်းက ပိုတောင်ပေးချင်တာဖြစ်ပါတယ်။ ကျွန်တော်သည် ၁၉၉၇ခုနှစ် ကတည်းက ကားစမောင်းတာဖြစ်ပါတယ်။ အရင်တုန်းက ကားလမ်းတွေ တော်တော်ဆိုးဆိုးဝါးဝါး မကောင်းတာဖြစ်ပါတယ်။ ၂၀၁၀ခုနှစ် မှ ၂၀၁၁ခုနှစ်အထိ ကျွန်တော်တို့ တောင်ကြီးလာရင် ကားလမ်းတွေမကောင်းတာကြောင့် ဆလွန်းကားဆိုရင် အောက်ပိုင်းတိုက်နေတဲ့ အနေအထားမှာရှိပါတယ်။ လမ်းဆိုးတဲ့အချိန်မှာ မောင်းခဲ့ဖူးတဲ့ ကားမောင်းသူတိုင်း ပေးရမယ်ဆိုတဲ့ဟာကို လက်ခံထားကြပါတယ်။

ယခု ဒီစိတ်အနှောင့်အယှက် ဖြစ်ရတဲ့အကြောင်းရင်းကို ပြန်ကြည့်ရင် ကောက်ခံတဲ့ စနစ်မှားတယ်လို့ ကျွန်တော်အနေနဲ့ မြင်ပါတယ်။ တစ်ချို့နေရာတွေမှာ လမ်းပိတ်ရပ်ပြီး တော့ကို ကောက်ခံတာရှိပါတယ်။ ကားလမ်းတွေပိတ်ထားပြီးတော့ကို ကောက်ခံတဲ့နေရာ တွေရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်မှာတော့ ယဉ်ယဉ်ကျေးကျေးကောက်ခံတယ်လို့ ပြောလို့ရပါတယ်။ ဆိုးဆိုးဝါးဝါးမကြုံခဲ့ပါဘူး။ ကျွန်တော်တို့ ရှမ်း(မြောက်)ကိုယ်စားလှယ်များ ဟာ တိုင်းဒေသကြီးကိုဖြတ်သန်းပြီး လွှတ်တော်အစည်းအဝေးတက်ဖို့ တောင်ကြီးသို့ လာတဲ့ အခါမှာ ကျွန်တော်ကိုယ်တိုင်ကြုံတွေ့ဖူးပါတယ်။ ကျွန်တော့်ကားမှာ ရှမ်းပြည်နယ်လွှတ်တော် တံဆိပ်နဲ့ လမ်းဦးစီးဌာနမှ ပေးထားသည့်လမ်းဖြတ်သန်းခွင့် တံဆိပ်လည်းတပ်ထားတော့ မကောက်ခံဘူးလို့ အထင်နဲ့စောင့်ကြည့်နေတာ၊ အမျိုးသားတစ်ဦးမှကားရှေ့ပိတ်ရပ် လိုက်ပါ တယ်။ လမ်းဦးစီးဌာနတံဆိပ်နဲ့လည်း ပေးရလားလို့မေးတော့ အားလုံးပေးရပါတယ်လို့ ပြောတော့ ဟုတ်ကဲ့ပြောပြီးပေးခဲ့ရပါတယ်။ ကျွန်တော့်ကားမှာ ကပ်ထားသည့် လမ်းဦးစီး ဌာန လမ်းဖြတ်သန်းခွင့် တံဆိပ်သည် အမြန်လမ်းမပေါ်ကလွဲလို့ တစ်နိုင်ငံလုံး ငွေကောက်ခံမှု ကင်းလွတ်ခွင့် ပြုထားသည့် တံဆိပ်ဖြစ်ပါတယ်။

လေလံအောင်ထားသည့် ကုမ္ပဏီမှ ဘယ်သူ့ကိုတော့ မကောက်နဲ့။ ဘယ်ဟာမျိုးကို တော့ ကောက်ပါဆိုပြီး သင်ကြားရှင်းပြထားရှိပုံမရကြောင်း ထင်ရှားပါတယ်။ သူတို့ကို ငွေရအောင်ကောက်ခံဖို့ပဲ တာဝန်ပေးထားပုံရပါတယ်။ ဒါကြောင့် သူတို့အပြစ်လည်း မဟုတ်ဘူး။ ဒါဟာစနစ်ကြောင့်လို့မြင်မိပါတယ်။ တပ်မတော်အစိုးရလက်ထပ်မှာ တပ်မတော် အရာရှိတစ်ယောက်က သွားတဲ့အခါ စနစ်ကြောင့်ပဲ တောင်းတဲ့သူကလည်း ဘယ်သူဘယ်ဝါ ဆိုတာမကြည့်တော့ပါဘူး။ G1 ပါလို့ပြောတာကို G1လည်း ငါးကျပ်ပါပဲလို့ ဟာသအနေနဲ့ ကြားဖူးပါတယ်။ ၂၀၁၈ ခုနှစ်မှာလည်း လွှတ်တော်ကိုယ်စားလှယ်ထဲက ဟာသတစ်ခုပါ။ နမ့်ဆန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကားကို ဘယ်ဓမ္မာရုံကလည်းလို့မေးခံရတယ်လို့ ကြားပါတယ်။ ဒါတွေဟာ စနစ်ကြောင့်ဖြစ်ပါတယ်။

စိတ်အနှောင့်အယှက်ဖြစ်ရတဲ့ အကြောင်းအရင်း ပြန်ကြည့်ရင် ငွေမပေးချင်လို့လည်း မဟုတ်ဘူး၊ မပေးနိုင်လို့လည်း မဟုတ်ဘူး။ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ပြဿနာကြောင့် ဖြစ်တယ်လို့ မြင်မိပါတယ်။ ခံစားချက်ကိုပဲ ကြည့်မယ်ဆိုရင် ဒီအဆိုဟာ ဖျက်သိမ်းသင့်တဲ့ အဆိုတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အကျိုးကို ပြန်ကြည့်မယ်ဆို ကျွန်တော်တို့ ရှမ်း(မြောက်) မြို့ဝင်ဘီးခွန်မှ ကောက်ခံရရှိတဲ့ ငွေပမာဏကို ပြန်ကြည့်ရင် သိန်းပေါင်း (၆၀၀၀)ကျော် ရှိတာတွေ့ရပါတယ်။ ယာဉ်အစီးရေ နည်းတဲ့မြို့များ မနစ်နာပေမဲ့ ကျွန်တော်တို့ မူဆယ်မြို့လို ယာဉ်အစီးရေများတဲ့ မြို့အတွက်ဆို လမ်းပျက်စီးမှုတွေ ဘယ်သူလုပ်ပေးမှာလည်းဆိုတဲ့

မေးခွန်းမေးစရာဖြစ်လာပါတယ်။ တစ်ရက်- ယာဉ်အစီးရေ (၁၃၀၀)စီးမှ (၁၄၀၀)စီး၊ တစ်ခါတစ်လေ (၁၃၅၀)စီးမှ (၁၄၅၀)စီး ခန့် ပုံမှန်ဝင်/ ထွက်ရှိသည့်အတွက် မှတ်တမ်းအရ သိရှိရပါတယ်။ ၂၀၀၇ ခုနှစ်မှာ သတင်းဌာနတစ်ခုက မူဆယ်လမ်းနဲ့ ပတ်သက်ပြီး လာရောက်မေးမြန်းရာတွင် သတင်းဌာနမှ လွန်ခဲ့သောနှစ်များတွင် မူဆယ်လမ်းများ ဆိုးဆိုးဝါးဝါးပျက်စီးတာ မတွေ့ရဘဲ ယခုပျက်စီးနေသည့် အကြောင်းအရင်းမှာ အစိုးရမှ ထောက်ပံ့မှုအားနည်းခြင်း သို့မဟုတ် အုပ်ချုပ်ရေးပိုင်းအားနည်းခြင်း အစရှိသဖြင့် မေးခွန်း ထုတ်လာခဲ့ပါတယ်။ အစိုးရကြောင့်မဟုတ်ပါဘူး။ အရင်က ယာဉ်အစီးရေ တော်တော်နည်း ပါတယ်။ ယခုယာဉ်အစီးရေအဆမတန်များတဲ့အတွက် လမ်းပျက်စီးရတာဖြစ်တဲ့အကြောင်း ကျွန်တော် ပြန်လည်ဖြေကြားခဲ့ပါတယ်။ ယာဉ်အစီးရေများတဲ့ မြို့တွေမှာ မြို့တွင်းလမ်းတွေ ယခုလို ဘီးခွန်ကောက်ခံမှုကို ဖျက်သိမ်းမည်ဆိုပါက မေးခွန်းမေးစရာတွေ ဖြစ်လာပါမယ်။

ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုသည်မှာ ခံစားချက်ကိုရှေ့တန်းတင်ပြီး အဆို ကို ထောက်ခံမည်ဆိုပါက အဆိုအတည်ဖြစ်သွားမှာဖြစ်ပါတယ်။ မူဆယ်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို အခြေခံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ငွေပမာဏကို ကြည့်မယ်ဆိုရင် ကျပ်သိန်း ပေါင်းသောင်းနဲ့ချီပြီး နစ်နာမှုတွေရှိလာမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ဒီအဆိုနဲ့ပတ်သက်ပြီးတော့ သေချာစဉ်းစားပြီးတော့ ဆုံးဖြတ်စေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့ ကောက်ခံသည့်စနစ်ကိုပြုပြင်ပြီးတော့ ဆက်လက်ကောက်ခံသင့်ကြောင်း အကြံပြုချက်ကိုနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ကန့်ကွက်ဆွေးနွေးပြီး၊ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ဝေဖန် ဆွေးနွေးပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက အကြံပြုဆွေးနွေးသွားတာဖြစ်ပါ တယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (င)အရ ဤအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့လာရောက်လေ့လာကြတဲ့ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်တင်သွင်းတဲ့ **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း (မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် ပတ်သက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ အခန်း(၇)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)အရ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ်တွင် ကောက်ခံသည့်အခွန်နှင့် ပုဒ်မ ၂၁ ပုဒ်မခွဲ (ဃ) အရ ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ဖြတ်သန်း၊ သွားလာ၊ ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်းကြပ်ကောက်ခံနိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါ၍ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဘီးခွန်များကောက်ခံလျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်/ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများအနေဖြင့် မြို့တွင်းရှိ မော်တော်ယာဉ်များကို နှစ်စဉ်သတ်မှတ်ထားသော ဘီးခွန်နှုန်းထားများအတိုင်း ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ဘီးခွန်ကဒ်ပြားများထုတ်ပေး၍ စည်းကြပ်ကောက်ခံခြင်း၊ ပြင်ပမှဝင်ရောက်လာသော ယာဉ်များအပေါ်တွင် မြို့ဝင်ဘီးခွန်ကောက်ခံရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ (သို့မဟုတ်) ပြည်သူ့ဆောက်လုပ်ရေးလမ်းပိုင်းများတွင် ( BOT )စနစ်ဖြင့် ဆောင်ရွက်နေသည့် သက်ဆိုင်ရာကုမ္ပဏီများသို့ အရပ်ရပ် အခွင့်အရေးလိုင်စင် စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်စိစစ်ချထားခြင်းများ ဆောင်ရွက်လျက် ရှိပြီး အဆိုပါ လိုင်စင်လုပ်ကိုင်ခွင့်ရရှိသူမှ သတ်မှတ်စည်းကမ်းများနှင့်အညီ ကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန လက်အောက်တွင်ရှိသော မြို့နယ်(၅၀)နှင့် မြို့နယ်ခွဲ(၂၇)မြို့တို့အနက် မြို့နယ်/ မြို့နယ်ခွဲ(၅၅) မြို့တို့တွင် မြို့ဝင်ဘီးကောက်လုပ်ငန်း လိုင်စင်များချထားပေးခြင်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ပြည်ထောင်စု လမ်းမကြီးများပေါ်တွင် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများသို့ သက်တမ်း တိုးစနစ်ဖြင့်လည်းကောင်း၊ ကျန်မြို့နယ်များတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ သို့လည်းကောင်း စိစစ်ချထားဆောင်ရွက်လျက်ရှိရာ BOT စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော Toll Gate များနှင့် ပူးပေါင်းကောက်ခံလျက်ရှိသည့် မြို့ဝင်ဘီးခွန်ကောက်လုပ်ငန်း ( ၂၃ )ခု ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လုပ်ကိုင်နေသည့်လုပ်ငန်း( ၅၀ )ခု၊ ပေါင်း( ၇၃ )ခုရှိပြီး ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေကျပ် ( ၁၇၁၄၀.၉၀ )သိန်း ရရှိပြီးဖြစ်ပါတယ်။

မြို့နယ်/ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများသည် နှစ်စဉ်ကောက်ခံရရှိမည့် အခွန် ရငွေများနှင့် ယင်းရငွေနှင့်ကိုက်ညီသည့် အသုံးစရိတ်များအား ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရပါတယ်။ ယင်းရသုံးခန့်မှန်းခြေငွေစာရင်းများအား ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည် ပြုပြဋ္ဌာန်းပါသည်။ ပြည်နယ်လွှတ်တော် မှအတည်ပြုသည့် အခွန်ရငွေများကို သက်ဆိုင်ရာ မြို့နယ် / မြို့နယ်ခွဲအသီးသီးက ဘဏ္ဍာရေးနှစ်အတွင်း ပြည့်မီအောင် ကောက်ခံ၍ ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရပါတယ်။ ဘဏ္ဍာရန်ပုံငွေခွဲဝေသုံးစွဲရာတွင်လည်း လုပ်ငန်းတစ်ခုချင်းအလိုက် အသေးစိတ်ခန့်မှန်းတွက်ချက်မှုများကို ရသုံးမှန်းခြေငွေစာရင်း တွင် သာမန်အသုံးစရိတ်များအဖြစ် လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ပင်စင်လစာငွေ၊ စက်သုံးဆီ အသုံးစရိတ်၊ ရုံးအသုံးအဆောင်ပစ္စည်း၊ လုပ်အားခ၊ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအစရှိသည်တို့တွင်လည်းကောင်း၊ လမ်း/ တံတား၊ ရေပေးရေးစသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ယာဉ်စက်ယန္တရားဝယ်ယူခြင်းစသည့် လုပ်ငန်းများတွင် ငွေလုံးငွေရင်းအသုံးစရိတ်များအဖြစ်လည်းကောင်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ နှင့်အညီ ခွင့်ပြုချက်အတိုင်း ပြန်လည်ကျခံသုံးစွဲလျက်ရှိပါတယ်။ ထိုသို့ရန်ပုံငွေခွဲဝေသုံးစွဲရာ တွင် ဝင်ငွေနည်းပါးသော မြို့နယ် / မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများသို့ ထောက်ပံ့ပေး ငွေများကိုလည်း ခွဲဝေလျာထားရပါတယ်။

စည်ပင်သာယာရေးဌာနများသည် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ် မှုအောက်တွင်ရှိသဖြင့် ဘဏ္ဍာရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက် ခွဲဝေရရှိခြင်းမဟုတ်ဘဲ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ခွဲဝေ ပေးသော ရန်ပုံငွေများအနက်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရှမ်းပြည်နယ်

အစိုးရအဖွဲ့၏ ရန်ပုံငွေစီမံခန့်ခွဲမှု အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အခြားဌာနဆိုင်ရာများနှင့်အတူ ခွဲဝေရရှိခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စည်ပင်သာယာရေးဌာနများအနေဖြင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မိမိမြို့နယ်အလိုက် ကောက်ခံရရှိသည့် ဝင်ငွေအပေါ် အဓိက မှီခိုအားထားရသည့် အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ အခွန်၊ အခ၊ အကောက်များအား ပိုမိုတိုးတက်ရရှိစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြပါ မြို့ဝင်ဘီးကောက်လိုင်စင်များမှရရှိသည့် ဝင်ငွေကျပ်(၁၇၁၄၀.၉၀) သိန်းသည် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၈ - ၂၀၁၉ခု ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးဝင်ငွေလျာထားချက်ကျပ်(၁၉၇၃၅၉.၆၀)သိန်း၏(၉%)ခန့် ရရှိနေခြင်းဖြစ်ရာ အဆိုပါလိုင်စင်အား ပယ်ဖျက်မည်ဆိုပါက ဌာနဝင်ငွေများစွာ ထိခိုက်နစ်နာမည်ဖြစ်သည့်အပြင် ဥပဒေပြဋ္ဌာန်းချက်များကိုပါ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည့်အခြေအနေဖြစ်ပေါ်လာနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၁၀ /၂၀၁၃)ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သော ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်/ မြို့နယ်ခွဲ (၅၅)မြို့တို့၌ မြို့ဝင်ဘီးကောက်လိုင်စင် (၇၃)ခုအား လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပါ၍ အဆိုအား မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (စ)နဲ့(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တင်သွင်းသော အဆိုတွင် ပါရှိသောအချက်များကို ထောက်ပြ၊ ဝေဖန်၊ အကြံပြုဆွေးနွေးသွားသော ကိုယ်စားလှယ်တော်ကြီးများနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့ကကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားသလို ဒီမိုကရေစီတိုင်းပြည်တစ်ခုကို တည်ထောင်တဲ့အခါမှာ မိမိသက်ဆိုင်ရာမြို့နယ်ရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးဌာနက အခွန်၊ အကောက် အဖြစ်ရပ်တည်ရတာကို အားလုံးလက်ခံထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ အခွန်၊အကောက် ကောက်ခံရတယ်ဆိုတဲ့နေရာမှာ သက်ဆိုင်ရာအခွန်ထမ်းပြည်သူများအား ပြန်လည်ကိုယ်ချင်းစာတရားနဲ့ ကြည့်ပေးဖို့လိုအပ်ပါတယ်။ ပြည်သူတွေဟာရလာတဲ့ ဝင်ငွေကို ဝင်ငွေခွန်၊ သွားလာတဲ့နေရာမှာလည်း သွားလာခွန်၊ စားတဲ့နေရာ

မှာလည်း စားသောက်ခွန်၊ ကုန်သွယ်တဲ့နေရာမှာလည်း ကုန်သွယ်ခွန် အစရှိသဖြင့် ရှိသမျှ အခွန်အရပ်ရပ်ကို ထမ်းဆောင်နေကြရတာဖြစ်ပါတယ်။ ဆိုလိုချင်တဲ့သဘောက ပြည်သူများ အားလုံးသည် အခွန်ထမ်းပြည်သူများဖြစ်သော်လည်းပဲ ဖြစ်သင့်ဖြစ်ထိုက်သော အခွန်များကို ထမ်းဆောင်ရခြင်းသာလျှင် မျှတမည်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ရှေ့ကကိုယ်စားလှယ် တော်ကြီးများဆွေးနွေးသွားကြတဲ့ မြို့နယ်အသီးသီးမှာ မြို့ဝင်ဘီးခွန်များကို ဖျက်သိမ်းလိုက် မယ်ဆိုရင် ဝင်ငွေတွေလျော့နည်းသွားမယ်ဆိုတဲ့ အကြောင်းအရာအပေါ်မှာ အဓိကထားပြီး ဆွေးနွေးသွားတာတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မြို့နယ်ပေါင်း(၅၅)မြို့နယ် ရှိတာဖြစ်ပါတယ်။ မြို့နယ်ပေါင်း (၅၅)မြို့နယ်မှာ ဘီးခွန် ပိုမိုရရှိတဲ့မြို့နယ်ဟာ အနည်းငယ်မျှသာရှိပါတယ်။ ဘီးခွန်မှ ဝင်ငွေအနည်းငယ်သာရရှိပြီး ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်နေတဲ့မြို့နယ်တွေက ပိုမိုများပြားတာ တွေ့ရှိရပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီးတွေ ပေါ်မှာ ကောက်ခံတဲ့ အခါမှာလည်း သက်ဆိုင်တဲ့ National Highway၊ ASEAN Highway လမ်းမများသည် လမ်းဦးစီးဌာနက ပြုပြင်ထိန်းသိမ်းဆောင်ရွက်တဲ့လမ်းများ ဖြစ်နေတဲ့ အတွက် ဒီလမ်းတွေသည် စည်ပင်သာယာရေးဌာနနဲ့ သက်ဆိုင်ခြင်းမရှိဘူးဆိုတာကို တင်ပြ လိုပါတယ်။

ကျွန်တော်တို့ မဲဆန္ဒနယ်ရှင်ပြည်သူများ အားလုံးကို ကိုယ်စားပြုခြင်း၊ မပြုခြင်း ဆိုတာကို ဆွေးနွေးချက်အပေါ်မှာတော့ တောင်သူလယ်သမားများကတော့ ယာဉ်ပိုင်ရှင်များ ကို ကိုယ်စားမပြုပါဘူး။ ကျောင်းဆရာများသည်လည်း ဆရာဝန်များကို ကိုယ်စား မပြု ပါဘူး။သို့သော်လည်းပဲ ကဏ္ဍအသီးသီးမှာ တာဝန်ယူလုပ်ကိုင်နေကြတဲ့ မဲဆန္ဒရှင် ပြည်သူတွေမှာ အခက်အခဲရှိလာရင်တော့ ကိုယ်စားလှယ်များဟာ လွှတ်တော်အတွင်းကနေ ပြီးတော့မှ တင်ပြဆွေးနွေးအဆိုပြု ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်သွင်းတဲ့အခါမှာ မဲဆန္ဒရှင် အကုန်လုံးကို ကိုယ်စားမပြုဘူးဆိုသော်လည်းဘဲ သက်ဆိုင်ရာ လမ်းတွေပေါ်မှာ သွားလာနေတဲ့ ပြည်သူတွေအားလုံးကိုတော့ ကိုယ်စားပြု ပါတယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခု ယာဉ်ပိုင်ရှင်များအနေဖြင့် အခွန် များကို ထမ်းဆောင်ရတဲ့အခါမှာ ဘီးခွန်သည် စည်ပင်သာယာရေးဌာနကနေပြီးတော့မှ ကောက်ခံလို့ရတာမဟုတ်ဘဲနဲ့ မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းတိုးကတည်းက ဘီးခွန် ပေးဆောင်ခဲ့ရပြီးဖြစ်ပါတယ်။ မြို့နယ်မှာဘီးခွန်ထပ်မံပြီး ကောက်ခံတာဟာ နှစ်ဆင့် ကောက်ခံခြင်းလို့ ကျွန်တော်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒါ့အပြင် မြို့နယ်စည်ပင် သာယာရေးဝင်ငွေခွန်တွေကို ပြန်လည်လေ့လာကြည့်တဲ့အခါမှာ ဘီးခွန်ကိုဖျက်သိမ်းလိုက်ရုံနဲ့

ဝင်ငွေတွေအများကြီး လျော့နည်းသွားမှာမဟုတ်ပါဘူး။ သက်ဆိုင်ရာစည်ပင်သာယာရေးမှ လုပ်ပိုင်ခွင့်ပေးအပ်ထားတဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပါ ဘောင်တွေထဲကနေ လုပ်ကိုင်မယ်ဆိုရင် ဝင်ငွေကို အခြားနည်းလမ်းဖြင့် ပိုမို ရှာဖွေပေးနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့အဆိုမှာပါရှိတဲ့ ရည်ရွယ်ချက်သည် လမ်းပေါ်တွင်သွားလာနေသော မဲဆန္ဒရှင်ပြည်သူ အားလုံးကို ကိုယ်စားပြုပြီးတော့မှ တင်သွင်းထားသည့် အဆိုဖြစ်သည့်အတွက် အဆိုကိုအတည်ပြုပေးပါရန်နှင့် လွှတ်တော်၏ အဆုံးအဖြတ်အတိုင်းသာ လက်ခံမည်ဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို အတည်ပြုပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာတဲ့အတွက် အဆိုနဲ့စပ်လျဉ်းပြီးတော့မှ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြုပြီး လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ စက်ကိုင်တဲ့အဖွဲ့က အဆင်သင့်ဖြစ်ရင်ပြောပေးပါ။ ကျွန်တော်က ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ကြေညာမှသာ စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလိုပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်တင်သွင်းသောအဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါက အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲ (၂၁)မဲ၊ ကြားနေမဲ(၄)မဲ၊ ကန့်ကွက်မဲ (၈၆)မဲ၊ မဲမပေးတာ (၁)မဲ ဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုကို လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ဒေါ်မေရီရှို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက် ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီရှိုက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆို ဖြစ်ပါတယ်။ ယခု ဒေါ်မေရီရှိုက အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေရီရှို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှို ဖြစ်ပါတယ်။

ကျွန်မအနေဖြင့် "**နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်း အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက် အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ**

**လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း ”** အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။

အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်များမှာ ပြည်ထောင်စု၊ပြည်နယ် ရန်ပုံငွေတို့ဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး ပိုမိုကောင်းမွန်စေခြင်း၊ ပြည်သူ့ဘဏ္ဍာအလေအလွင့်နည်းပါးစေခြင်း၊ အဂတိလိုက်စားမှုကို လျော့နည်းစေ ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ အဓိကတာဝန်(၃)ရပ်ထဲမှ တစ်ရပ်ဖြစ်သည့် အပြန်အလှန် ထိန်းကျောင်းခြင်းကို ပိုမိုထိရောက်စေခြင်း၊ အစိုးရနှင့်လွှတ်တော်အကြား ပိုမိုပွင့်လင်း မြင်သာမှုရှိစေရန်အတွက် ရည်ရွယ်တင်သွင်းခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဌာနအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့် ပြည်နယ်/ ခရိုင်/ မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီများကို ဖွဲ့စည်းထားပါတယ်။ လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ လုပ်ငန်းများ၏ (၂၅%)ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%)အား ပထမအကြိမ်အဖြစ်သော် လည်းကောင်း၊ လုပ်ငန်း၏ (၅၀%)ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%)အား ဒုတိယအကြိမ်ဖြစ်လည်းကောင်း၊ လုပ်ငန်း၏(၇၅%) ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%)အား တတိယအကြိမ်အဖြစ်လည်းကောင်း၊ လုပ်ငန်း၏ (၁၀၀%) ပြီးစီးပါက လုပ်ငန်းတန်ဖိုး၏ (၂၅%)အား စတုတ္ထအကြိမ်အဖြစ်လည်းကောင်း အသီးသီးပေးချေပါတယ်။ လုပ်ငန်းပြီးစီးမှုအလိုက် ငွေတောင်းခံသည့်အခါတိုင်း လုပ်ငန်း အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့၏ စစ်ဆေးမှုကို ခံယူပြီး အဆိုပါအဖွဲ့များ၏ ထောက်ခံ ချက်ရှိမှသာငွေထုတ်ယူခွင့်ရရှိပါတယ်။ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဖွဲ့စည်းထားရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ဥက္ကဋ္ဌဖြစ်ပါတယ်။ ထို့ကြောင့် မြို့နယ်များတွင် လုပ်ငန်းလက်ခံရရှိသူသည် လုပ်ငန်းအရည် အသွေးသတ်မှတ်ချက်တွေကို အဓိကအလေးမထားကြဘဲ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်သာ ပြေလည်အောင်ပေါင်းကြသည်ကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြေပြင်အခြေအနေတွင် အမှန်တကယ်တွေ့ကြုံနေရသည့်လုပ်ငန်း တစ်ခုကို တင်ပြရမည်ဆိုပါက ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် ဖယ်ခုံမြို့နယ်၊ ရီနွဲ့ကျေးရွာ အုပ်စုတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံး ငွေရင်း ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဖေညီနောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက် လျက်ရှိသော လအိ- စိန်မော့ ကျေးရွာချင်းဆက်ကျောက်ချောလမ်း(၃)မိုင် ခင်းခြင်းလုပ်ငန်း တွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီခြင်းမရှိသည့်အပြင် (၁၀-၅-၂၀၁၈) ရက်နေ့အထိ လုပ်ငန်း

ပြီးစီးမှုမရှိဘဲ လုပ်ငန်းဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရှိရ ပါတယ်။ လုပ်ငန်းအပ်နှံ သဘောတူစာချုပ်မှာပါရှိသည့်အချက်အလက်များတွင် (၃၀-၃-၂၀၁၈) ရက်နေ့ လုပ်ငန်းအပြီး အစီးဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ထို့ကြောင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၃၁-၅-၂၀၁၈)ရက်နေ့တွင်အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ကြယ်ပွင့် ပြမေးခွန်းမေးမြန်းခဲ့ရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ပြန်လည်ဖြေကြားရာတွင် သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့၏ လုပ်ငန်းပြီးစီးမှုတင်ပြချက်ဖြင့် (၂၉-၃-၂၀၁၈)ရက်နေ့တွင် စတုတ္ထအကြိမ်ပြီးစီးမှု (၁၀၀%) ကို သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ ထောက်ခံတင်ပြစာဖြင့် ထုတ်ပေးခဲ့ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ အဆိုပါ လအိ- စိန်မော့ကျောက်ချော လမ်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အပြီးလုပ်ဆောင်ရမည်ဖြစ်သော်လည်း ယခု အချိန်အထိ ပြန်လည်ပြုပြင်၍ မပြီးသေးပါ။ အလားတူ အဆင့်လိုက်လုပ်ငန်းအရည်အသွေး ပြည့်မီခြင်းမရှိဘဲ အရစ်ကျငွေထုတ်သွားသည့် လုပ်ငန်းအများအပြားရှိသည်ကိုလည်း တွေ့ရှိရ ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူလူထုများကို ကိုယ်စားပြုရသလို အပြန်အလှန်ထိန်းကျောင်းရသည့် တာဝန်လည်းရှိပါတယ်။ ဤအဆိုကို တင်သွင်းရခြင်းမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ အပြန်အလှန် ထိန်းကျောင်းခြင်းကို ပိုမိုထိရောက်စေသောကြောင့် **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ် ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ် အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ် များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါ တယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက် လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ

အပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်ရှင်။

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ ဤအဆိုကို ထောက်ခံရသလဲဆိုရင် မြို့နယ်တိုင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်တဲ့အခါ လုပ်ငန်းပြီးစီးတဲ့နောက်ပိုင်းမှာ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်တွေကသာ တာဝန်ယူပြီးတော့မှ ဖြေရှင်းရတာအားလုံး အသိပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီအတွက် မိုင်းကိုင်မြို့သို့ကွင်းဆင်းရာတွင် ကုမ္ပဏီကနေ ပစ္စည်းဖိုးမရှင်းပေးတာတွေ၊ အဆောက်အဦတွေ ပြီးစီးမှုမရှိတာတွေ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ သိန္နီမြို့နယ်မှာလည်း အဲ့လိုပါပဲရှင်။ လုပ်ငန်းသာပြီးစီးသွားတယ်။ ဒေသခံ ပြည်သူတွေက လုပ်အားခမရတာ၊ ပစ္စည်းဖိုးမရတာတွေ ရှိတဲ့အတွက်ကြောင့် လွှတ်တော်ထဲမှာ ကြယ်ပွင့်ပြမေးခွန်းမေးမှသာ ကုမ္ပဏီကပေးစရာရှိတဲ့ အခကြေးငွေတွေကို ပြန်လည်ပေးအပ်ခဲ့တဲ့ သာဓကများရှိပါတယ်။ သို့ဖြစ်ပါ၍ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့၏ **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မေရီချို့ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံ

ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်မေရီချို့ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့က တင်သွင်းတဲ့ အဆိုကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (တတိယနေ့)မှတ်တမ်း
# ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်
# ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်
# [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ( ၇၈.၂၈% )ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃-၂-၂၀၁၉) ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးညီနပ်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၂) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၃) ဦးဘေရင်နယ် (ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၄) ဦးဇုတ်ဒေါင်၊ ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၅) ဦးဂူဆာ၊ လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၆) ဦးအာဇေလ၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၇) ဦးခွန်းအေးမောင်၊ ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၈) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၉) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၀)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၉)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် သူမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ မေးခွန်းများ ကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပဏာမ ဦးစွာ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါ တယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ကျောက်မဲမြို့နယ်မှာရှိတဲ့ မိုင်းလုံမြို့နယ် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်အတွင်းမှာရှိတဲ့ မိုင်းလုံမြို့သည် ကျောက်မဲမြို့နယ်နဲ့ (၅၆)မိုင်ခန့်ကွာဝေးပြီး မိုးကုတ်မြို့မှဆိုလျှင် (၂၁)မိုင်ခန့်ကွာဝေးပါတယ်။ မိုင်းလုံမြို့အတွက် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် ပြည်ထောင်စုဘတ်ဂျက်မှ 11 KV မိုးကုတ်ဘက်မှ (၁၀)မိုင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘတ်ဂျက်အနေနဲ့ မိုင်းလုံမြို့အတွင်းမှာရှိနေတဲ့ (၄၀၀)ဗို့လိုင်း၊ ထရန်စဖော်မာ (၆)လုံးအပါအဝင်ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ ကြားထဲမှာဆိုရင် (၁၁)မိုင်ကွာ ဟနေပါသေးတယ်။ ကျွန်တော််အနေနဲ့ မေးမြန်းလိုတာကတော့ မိုးကုတ်မြို့နှင့် မိုင်းလုံမြို့ ဟာဆိုလျှင် (၂၁)မိုင်ကွာဝေးနေပါတယ်။ မည်သည့်အချိန်ကာလမှာ မိုင်းလုံမြို့သူ/ မြို့သား များအတွက် လျှပ်စစ်အသုံးပြုနိုင်မည်ကို သိရှိလိုသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တကွ တရား သူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ

အားလုံး၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းလုံမြို့အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မိုးကုတ်ဓာတ်အားခွဲရုံမှ မိုင်းလုံမြို့သို့ ၃၃ကေဗွီလိုင်း(၂၅)မိုင်နှင့် မိုင်းလုံမြို့ တွင် 33/11 KV, 5MVA ဓာတ်အားခွဲရုံ(၁)ရုံတည်ဆောက်ရန် လျာထားခဲ့ပြီး ဘဏ္ဍာငွေ ရရှိမှုအရ ပထမအဆင့်အနေဖြင့် ၃၃ကေဗွီ လိုင်း (၁၀)မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုပါ ၃၃ ကေဗွီလိုင်း (၁၀)မိုင် တည်ဆောက်ခြင်းအတွက် အသုံးပြုမည့်ပစ္စည်းများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း(ရုံးချုပ်)တွင် တင်ဒါခေါ်ယူပြီးဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

မိုင်းလုံမြို့၊ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက် ဓာတ်အားရရှိရေးအတွက် ၁၁ကေဗွီလိုင်း (၄.၅)မိုင်၊ ၁၁/ဝ.၄ကေဗွီ ၂၀ဝကေဗွီအေ ခွဲရုံ(၂)ရုံ၊ ၁၁/ဝ.၄ကေဗွီ ၁၀ဝခွဲရုံ(၄)ရုံနှင့် ၄၀ဝဗို့ ဓာတ်အားလိုင်း(၆)မိုင် တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူထားပြီးဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းလုံမြို့အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ကေဗွီ ဓာတ်အားလိုင်း ပထမအဆင့်(၁၀)မိုင်အား ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် လည်းကောင်း၊ ၁၁ကေဗွီဓာတ်အားလိုင်း(၄.၅)မိုင်၊ ၁၁/ဝ.၄ကေဗွီ ၂၀ဝကေဗွီအေ ခွဲရုံ(၂)ရုံ၊ ၁၁/ဝ.၄ ကေဗွီ ၁၀ဝခွဲရုံ(၄)ရုံနှင့် ၄၀ဝဗို့ဓာတ်အားလိုင်း(၆)မိုင် တည်ဆောက်ခြင်းလုပ်ငန်း များအား ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့်လည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရန်ကျန်ရှိသည့် ၃၃ ကေဗွီ ဓာတ်အား လိုင်း (၁၅) မိုင်နှင့် ၃၃/ ၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအား မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနတို့နှင့် ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော််အနေနဲ့ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ဂနိုင်ကြားကျေးရွာမှာ အခြေခံပညာမူလတန်းကျောင်း KG ဆောင်ကို ကိုယ်ထူကိုယ်ထ တည်ဆောက်ထားပါတယ်။ ဒါ့အပြင် ကျောက်တန်းကျေးရွာ မူလတန်းကျောင်းမှာလည်း ပေ(၆၀× ၃၀)ကျောင်းဆောင်ကို ကိုယ်ထူကိုယ်ထတည်ဆောက်ထားလျက်ရှိပါတယ်။ ယခုအခါ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ ကျောင်းဆောင်တွေက ဆက်လက်ဆောက်လုပ်ရန် ခက်ခဲနေတာဖြစ်သည့်အတွက် ဂနိုင်ကြားကျေးရွာ KG ဆောင်နှင့် ကျောက်တန်းကျေးရွာ မူလတန်းကျောင်းဆောင်ရဲ့ ပြုပြင်ထိန်းသိမ်းစရိတ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/ မရှိတို့အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ရဲ့ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု၊ ဂနိုင်ကြားကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် KG ကျောင်းဆောင်နှင့် ကျောက်တန်းကျေးရွာ မူလတန်းကျောင်းဆောင်များတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်များ လိုအပ်လျက်ရှိပါ သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ဂနိုင်ကြားကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းသည် ကျောင်းပိုင်မြေ (၂.၂၁)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ (၁၀၅)လည်းရှိပါတယ်။ ပင်မဆောင်(၆၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင် (၅)ခန်း ရှိပါတယ်။ ကျောင်းသားဦးရေမှာ KG (၄)ဦး၊ ပထမတန်း (၁၁)ဦး၊ ဒုတိယတန်း ၁၃ဦး၊ တတိယတန်း (၁၅)ဦး၊ စတုတ္ထတန်း (၃)ဦး၊ စုစုပေါင်း (၄၆)ဦး၊ တန်းခွဲ(၅)ခု ရှိပါတယ်။ ဂနိုင်ကြားကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ်လျက်ရှိသော စာသင်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၆၀x၃၀)ပေ တစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အမှုတွဲများတောင်းခံပြီး အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးပါမယ်။

ရပ်စောက်မြို့နယ်၊ ကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းပိုင်မြေ(၂.၈၅)ဧကရှိပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)လည်းရှိပါတယ်။ ပင်မ ဆောင်(၆၀x၃၀x၁၂)ပေ သွပ်မိုး၊ အုတ်ညှပ်၊ တစ်ထပ်ဆောင် (၅)ခန်း ရှိပါတယ်။ ကျောင်းသား ဦးရေမှာ KG ၁၃ဦး၊ ပထမတန်း ၁၆ဦး၊ ဒုတိယတန်း ၁၂ဦး၊ တတိယတန်း ၁၇ဦး၊ စတုတ္ထတန်း ၁၂ဦး၊ စုစုပေါင်း(၇၀)ဦး၊ တန်းခွဲ(၅)ခုရှိပါတယ်။ ၂၀၁၉ ခုနှစ်က ဆောက်လုပ်ခဲ့သော (၆၀x၃၀x၁၂)ပေ စာသင်ဆောင်အား ပြုပြင်ရန် ပြည်နယ်ပညာရေးမှူး ရုံး၊ တောင်ကြီးမြို့၏(၂၀-၁-၂၀၁၉)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၃-က)/ ၃၅၆/ အဆအ (၂၀၁၉)ဖြင့် အမှုတွဲတောင်းခံထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဆက်လက်ပြီး ကျွန်တော့် အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအတွင်း ကျေးရွာ(၇)ရွာ၊ ကောင်းဘို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၄)ရွာ၊ မြင်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၄)ရွာ၊ အလယ်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၃)ရွာ၊ လွယ်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၁)ရွာတို့နှင့် အုတ်ကျင်းရတနာ မဂ္ဂင်တရားရိပ်သာတို့ ဖြစ်ပါတယ်။

ဖော်ပြပါ ကျေးရွာများသည် လျှပ်စစ်မီးရရှိဖို့အတွက် 11 KV ဓာတ်အားလိုင်းနဲ့ အလွန်နီးကပ်တဲ့ကျေးရွာတို့ ဖြစ်ကြပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေကနေ ကူညီ

ဆောင်ရွက်ပေးမယ်ဆိုရင် ကျေးလက်နေပြည်သူတို့ကလည်း ၎င်းတို့တတ်နိုင်တဲ့ အင်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်တဲ့အကြောင်း ညှိနှိုင်းသဘောတူထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါတင်ပြသွားသော ကျေးရွာများအားလုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီးရရှိနိုင်ရန် လျာထားဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရွဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံ ဖြစ်ပါတယ်။ ကျွန်တော်ွအနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်မေးမြန်းထားတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ လျော်ကုန်းကျေးရွာ၊ ကောင်းဘို့ကျေးရွာအုပ်စုအတွင်းရှိ ပန်းပုံကျေးရွာ၊ ကန်သာကျေးရွာ၊ အလယ်ချောင်ကျေးရွာအုပ်စုအတွင်းရှိ ဖလံမြောင်ကျေးရွာ၊ ချောင်းဦးတိုကျေးရွာနှင့် ထင်းရှူးပြားကျေးရွာ၊ စုစုပေါင်း ကျေးရွာ(၆)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)၊ ၁၁ကေဗွီ ဓာတ်အားလိုင်း (၅)မိုင်အတွင်း ဓာတ်အားရရှိရေးတွင် ထည့်သွင်းလျာထားတင်ပြထားပြီးဖြစ်ပါတယ်။

ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ကန်တော်ဦး(ပလောင်ရွာ)၊ ဂနိုင်ကြားကျေးရွာ၊ ထီးခမ်းကျေးရွာ၊ လုံဒိုးကျေးရွာ၊ ညောင်သုံးပင်ကျေးရွာ၊ ထီးစံကုန်းကျေးရွာ ကောင်းဘို့ကျေးရွာအုပ်စုအတွင်းရှိ ရွာမ(ပလောင်ရွာ)၊ ယမ်းတွင်း(ပလောင်ရွာ)၊ မြင်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဆင်သေကျေးရွာ၊ ဗမာတိုးကျေးရွာ၊ ပုန်းကျေးရွာနှင့် တီတောက်ကုန်းကျေးရွာ၊ လွယ်ကိုးကျေးရွာအုပ်စုအတွင်းရှိ နောင်ဖန်ရွာနှင့် အုတ်ကျင်း ရတနာမဂ္ဂင်တရားရိပ်သာ၊ စုစုပေါင်း ကျေးရွာ(၁၄)ရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ

ဌာနတို့နှင့်ညှိနှိုင်းပြီး ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်း၌ရှိသော ကြာအင်း- မြောင်းတော်- သနပ်တောင်- ဝန်စိုလမ်းပိုင်းသည် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတွင် လွှတ်တော်မေးခွန်းအရသော်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ဦးစားပေးထည့်သွင်းထားခြင်းကြောင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၇)မိုင်ရှိသည့်အနက် ကတ္တရာလမ်းဖောက်လုပ်ရန် (၁)မိုင် (၂)ဖာလုံခန့် ဘဏ္ဍာရန်ပုံငွေရရှိခဲ့ပါတယ်။ ယခုအခါတွင် အဆိုပါလမ်းပိုင်းဖော်ဆောင်ရာမှာ ကျေးရွာနေပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား မည်သည့်အပိုင်းမှ စတင်ဖောက်လုပ်သင့်သည်ကို သဘောထားများ များစွာကွဲလွဲလျက်ရှိပါတယ်။ ၎င်းလမ်းပိုင်းတွင် အဓိကဆိုးရွားစွာပျက်စီးလျက်ရှိသော ဝန်စိုရွာဘက်မှ စတင်ဖောက်လုပ်သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဆန္ဒပြုအပ်ပါတယ်။

ကျေးလက်နေပြည်သူများ၏ဆန္ဒသည်လည်း မိမိဆန္ဒနှင့်ထပ်တူအကောင်အထည်ဖော်ဆောင်ရွက်ချင်ကြကြောင်း ဝန်စို၊ ဆင်ကျုံး၊ မြေနီကုန်း၊ ရှားပင်ရေ (သဖန်းအိုင်)ကျေးရွာနေပြည်သူအများစုမှ လက်မှတ်ရေးထိုးတင်ပြလာကြပါတယ်။ အဆိုပါကျေးရွာနေ ပြည်သူများသည် ၎င်းလမ်းပိုင်းဖောက်လုပ်မည့်နေ့ကို နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားနေကြရပါတယ်။ ကြာအင်းရွာအဝင်မှ ဖောက်လုပ်စေချင်သည့် ပုဂ္ဂိုလ်များမှာ ကျေးလက်နေပြည်သူများမဟုတ်ဘဲ ခြံလုပ်ငန်းလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုမှုဖြစ်ကြောင်း မြေပြင်ကွင်းဆင်းလေ့လာလျှင် သိရှိနိုင်ပါတယ်။ ကြာအင်းလမ်းပိုင်းသည် ဝန်စိုကျေးရွာဘက်လမ်းပိုင်းနှင့် နှိုင်းယှဉ်လျှင် မပြောပလောက်အောင် ပျက်စီးခြင်းမဟုတ်ဘဲ ကျောက်ချောလမ်းအသွင်သဏ္ဍာန်သွားလာ၍ အသုံးပြုရနိုင်သည်ကိုတွေ့ရှိရပါတယ်။ ပြည်သူတင်မြှောက်သည့် ပြည်သူကိုယ်စားပြုသော အစိုးရလက်ထက်တွင် ကျေးလက်နေပြည်သူများ၏ဆန္ဒနှင့်ဘဝကို ကိုယ်ချင်းစာ၍ ၎င်းတို့၏ဆန္ဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဟု မိမိအနေဖြင့် မျှော်လင့်မိပါတယ်။ ဝန်စိုကျေးရွာဘက်မှ စတင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားနှင့် ကျန်းမာရေးကိစ္စများ၊ ပညာသင်ကြား

ပေးနေကြသော ပညာရေးဝန်ထမ်းများ၏ သွားလာမှုများ၊ ကုန်စည်ထုတ်လုပ်စီးဆင်းမှုများသည် ချက်ချင်းလက်ငင်း အကျိုးကျေးဇူးပြုနိုင်မည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များနှင့် သာမန်ကျေးလက်နေပြည်သူတို့၏ ဘဝနှင့်နှိုင်းယှဉ်လျှင် ကျေးလက်နေတောင်သူလယ်သမားပြည်သူတို့၏ဆန္ဒကို ဦးစားပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲများလမ်းညွှန်သည်ကိုလည်း မကြာခဏကြားသိနေရပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများကိုယ်စား အောက်ပါမေးခွန်းကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်-

ကြာအင်း- မြောင်းတော်- သနပ်တောင်- ဝန်စိုလမ်းပိုင်း၏ (၇)မိုင်ရှိသည့်အနက် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် (၁)မိုင် (၂)ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းအား ကျေးလက်နေတောင်သူလယ်သမားများ၏ ဆန္ဒနှင့်အညီ ဝန်စိုကျေးရွာဘက်မှ စတင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်မေးမြန်းထားတဲ့ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်း- မြောင်းတော်- သနပ်တောင်- ဝန်စိုလမ်းပိုင်း(၇)မိုင်ရှိသည့်အနက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် (၁)မိုင်(၂)ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းအား ဝန်စိုကျေးရွာဘက်မှ စတင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်း- မြောင်းတော်- သနပ်တောင်- ဝန်စိုလမ်းသည် လမ်းဦးစီးဌာနပိုင် ရပ်စောက်- ပင်းတယသွားလမ်းနှင့် ချိတ်ဆက်သော စုစုပေါင်းလမ်းအရှည် (၇/ ၀)မိုင်ရှိသည့် Class A အမျိုးအစား လမ်းတစ်လမ်းဖြစ်ပြီး ပင်းတယမြို့နယ်အတွင်းရှိ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဆောင်ရွက်ထားရှိသော ဖောင်းပြား- မိုင်းအင် ကတ္တရာလမ်းနှင့်ဆက်သွယ်သည့် မြို့နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်ပါတယ်။

ကြာအင်း- မြောင်းတော်- သနပ်တောင်- ဂနံစိုလမ်းပိုင်းတွင် ကြာအင်းရွာမှ မြောင်းတော်ရွာထိ (၂/ ၃)မိုင် အပိုင်းသည် သတ်မှတ်လမ်းအကျယ်ရရှိပြီးဖြစ်သည့်အပြင် အမာခံလမ်းအဆင့်ဖြစ်သောကြောင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မြောင်းတော်ရွာမှ အုတ်ဖိုရွာထိ လမ်းပိုင်း(၁/၇)မိုင်သည် သတ်မှတ်လမ်းအကျယ်ရရှိနိုင်သော်လည်း လမ်းမျက်နှာပြင် ပြန်လည်ပြုပြင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ အုတ်ဖိုရွာမှ သနပ်တောင်ရွာအထိ (၁/၄)မိုင်အပိုင်းသည် လက်ရှိလမ်းအကျယ်(၁၅)ပေခန့်သာ ရှိပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လိုပါက သတ်မှတ်လမ်းအကျယ်ရရှိစေရန်အတွက် မြေသားလမ်း ထပ်မံဖောက်လုပ်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

သနပ်တောင်ရွာမှ ဂနံစိုရွာထိ (၁/၂)မိုင် လမ်းပိုင်းသည်လည်း လမ်းမျက်နှာပြင် ပြန်လည်ပြုပြင်ရန်နှင့် (၀/၁.၅)မိုင်ခန့်မှာ မြေသားလမ်းထပ်မံဖောက်လုပ်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိလမ်း အခြေအနေအရသော်လည်းကောင်း၊ ဌာနသတ်မှတ်ချက်အရသော်လည်းကောင်း၊ အကျိုးပြုကျေးရွာ အနေအထားအရသော်လည်းကောင်း၊ အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက အသင့်တော်ဆုံးအပိုင်းသည် ကြာအင်းရွာမှ မြောင်းတော်ရွာ ကြားလမ်းပိုင်းသာ ဖြစ်ပါတယ်။ ကြာအင်းရွာမှ မြောင်းတော်ရွာ လမ်းပိုင်းအား စတင်ဆောင်ရွက်ခြင်းဖြင့် အဆိုပါ လမ်းပိုင်းတစ်လျှောက်တွင်ရှိသော ကြာအင်းရွာ၊ သပြေကုန်း(ဂေါ်ရခါး)ရွာ၊ မြောင်းတော်(မြောက်)၊ မြောင်းတော်(တောင်)ရွာ၊ အုတ်ဖိုရွာ၊ တီတောက်ကုန်းရွာ၊ သနပ်တောင်ရွာနှင့် ဂနံစိုရွာထိ ကျေးရွာပေါင်း (၈)ရွာ၊ အိမ်ခြေ (၃၇၇) အိမ်၊ လူဦးရေ (၁၉၇၂) ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်သောကြောင့် ကြာအင်းရွာမှ စတင်အဆင့်မြှင့်တင် ဖောက်လုပ်ဆောင်ရွက်ခြင်းသည်သာ အသင့်လျော်ဆုံးနှင့် နည်းလမ်းအမှန်ကန်ဆုံးဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းပန်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ ဂျာမနီနိုင်ငံ KFW အဖွဲ့မှ ဆောင်ရွက်နေတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကိစ္စဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ရင်းနှီးမြုပ်နှံမှုဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ချေးငွေများရယူခြင်းကိစ္စများအတွက် သတ်မှတ်ထားသော ကဏ္ဍများတွင်ရရှိလာသော ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများကို ရည်ရွယ်၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

ဂျာမနီနိုင်ငံ KFW အဖွဲ့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခရိုင် (၃)ခုအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းကဏ္ဍများကိုလည်း ညှိနှိုင်းဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်မီးလင်းရေးစီမံကိန်းအတွက် KFW အဖွဲ့က ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီး စီမံကိန်းကာလသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ ဖြစ်ကြောင်းသိရှိရ ပါတယ်။ ဒါပေမဲ့ ပြည်သူများကမျှော်လင့်နေတဲ့ ဒီစီမံကိန်းကြီးဟာ ယခုထက်ထိ ကျွန်တော် တို့ဒေသမှာ အကောင်အထည်ဖော်ဆောင်ရွက်နေတာ မတွေ့ရသေးပါဘူး။

ဒါကြောင့် ဂျာမနီနိုင်ငံ KFW အဖွဲ့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများကို မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်၊ လေ့လာသူများအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံဖြစ်ပါတယ်။ ယခု မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန် မေးမြန်းထားသော ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျာမနီနိုင်ငံ KFW ချေးငွေဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်မှ ပစ္စည်းဝယ်ယူနိုင်ရေးအတွက် အချက်အလက်များ စုစည်းဆောင်ရွက်လျက်ရှိရာ ခန့်မှန်းအနေဖြင့် ၂၀၁၉ခုနှစ်၊ ဇူလိုင်လမှစတင်

အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် လေ့လာသူများအားလုံး စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ပထမဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ စာရင်းစစ်ရုံးနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့မိုင်းကိုင်မှာရှိတဲ့ စာရင်းစစ်ရုံးဟာ ရုံးဝန်ထမ်းများ မရှိခဲ့သည်မှာ ကြာပြီဖြစ်ပါ တယ်။ အစောင့်လည်းမရှိပါဘူး။ Power point သုံးခွင့်ပြုပါခင်ဗျား။ စာရင်းစစ်ရုံးမှာလည်း ခြံများ၊ အပင်များပေါက်ပြီး သန့်ရှင်းရေးမလုပ်ဘူးဆိုရင် မီးဘေးအန္တရာယ်လည်း ကြောက်ရ ပါတယ်။ ပြုစုထိန်းသိမ်းတဲ့သူမရှိသည့်အတွက် ဟောင်းနွမ်းပျက်စီးနေတာကို တွေ့ရပါတယ်။ ရဲစခန်းနဲ့မနီးဘူးဆိုလျှင် ဘိန်းစားများ၊ ဒုစရိုက်သမားများ ခိုနားရာနေရာဖြစ်မှာ သေချာ ပါတယ်။ စာရင်းစစ်ဝန်ထမ်းများ မိုင်းကိုင်မှာ မရှိသည့်အတွက် စစ်ဆေးစရာရှိမှ လဲချားကနေ မိုင်းကိုင်ကိုလာကြပါတယ်။ အဲ့ဒီအတွက် မိုင်းကိုင်မှာရှိတဲ့ ဌာနများက ပျာယာခတ်နေကြပါပြီ။ လွှတ်တော်ရန်ပုံငွေနဲ့ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို သတ်မှတ်ထားတဲ့ စံနှုန်းအတိုင်း မပြည့်မီ ရင်ပိုက်ဆံမပေးလို့မရပါဘူး။ ဒါဟာ ထုံးတမ်းစဉ်လာတစ်ခုလို ဖြစ်နေပါပြီ။ လွှတ်တော် ရန်ပုံငွေနဲ့ပြုလုပ်တဲ့ လုပ်ငန်းတွေက စီမံကိန်းလုပ်ငန်းကြီးတွေနဲ့ မတူပါဘူး။ မဖြစ်မနေ ဆောင်ရွက်ရတဲ့ လုပ်ငန်းသေးသေးလေး တွေဖြစ်ပါတယ်။ တချို့လုပ်ငန်းတွေဆို သိန်း(၂၀)၊ သိန်း(၃၀)ပဲရပါတယ်။ ဒီပိုက်ဆံတွေနဲ့ လမ်း(၁)မိုင်၊ (၂)မိုင်ကို ပြည်သူထည့်ဝင်ငွေတွေနဲ့ မဖြစ်ဖြစ်အောင် ဆောင်ရွက်နေရပါတယ်။ ဒါကို သတ်မှတ်ချက်စံနှုန်းများနဲ့ မကိုက်ညီဘူး ဆိုပြီး စာရင်းစစ်ရဲ့စရိတ်စကတွေကို ပုံပေးနေရရင် ပြည်သူတွေ အလွန်နစ်နာပါတယ်။ စာရင်းစစ်များ မိုင်းကိုင်မှာရှိနေမည်ဆိုလျှင် မိုင်းကိုင်ပြည်သူများ စရိတ်စက သက်သာလိမ့် မယ်လို့ ကျွန်တော်ထင်ပါတယ်။ စာရင်းစစ်ရုံးမှာလည်း ခြံများ၊ အပင်များမပိတ်နေတော့ဘဲ ရှင်းရှင်းလင်းလင်းသပ်သပ်ရပ်ရပ် ဖြစ်သွားမှာ သေချာပါတယ်။ မြို့အင်္ဂါရပ်နဲ့လည်း ညီသွားပြီး မြို့ကျက်သရေလည်းရှိသွားမှာ ဖြစ်ပါတယ်။ ထို့ကြောင့် မိုင်းကိုင်မြို့နယ်စာရင်း

စစ်ရုံးသည် အဆောက်အဦသာရှိပြီး ဝန်ထမ်းများမရှိသဖြင့် စာရင်းစစ်ဝန်ထမ်းများ ခန့်ထား ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါသဖြင့် ပြည်သူများ၏ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝနှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံမေးမြန်းထားတဲ့ မိုင်းကိုင်မြို့နယ်ရှိ စာရင်းစစ်ရုံးတွင် ရုံးအဆောက်အဦသာရှိပြီး ဝန်ထမ်းမရှိပါသဖြင့် စာရင်း စစ်ရုံးဝန်ထမ်းများ ခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

(၃၁.၁.၂၀၁၉)ရက်နေ့အထိ မိုင်းကိုင်မြို့နယ် စစ်ဆေးရမည့် ဌာနအဖွဲ့အစည်း (၂၁)ခု သာရှိပြီး ယင်းဌာနအဖွဲ့အစည်း၏ လုပ်ငန်းနှင့် စာရင်းများကို လဲချားမြို့နယ်စာရင်းစစ်ရုံးက လက်ရှိစစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် လက်အောက်ရှိ ဒေသစာရင်းစစ်ရုံး(၄၉)ရုံး၏ လက်ရှိဖွဲ့စည်းပုံခွင့်ပြုအင်အား စုစုပေါင်း(၁၂၁၄)ဦးတွင် ဖွဲ့စည်းပုံ၏ သုံးပုံနှစ်ပုံဖြစ်သည့် (၈၀၈)ဦး ခန့်ထားခွင့်ပြုသော်လည်း လက်ရှိတွင် (၃၁.၁.၂၀၁၉)ရက်နေ့ အထိ (၆၃၂)ဦးသာ ခန့်ထားပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံဝန်ထမ်းအင်အား အပြည့်ခန့်ခွင့်ရှိပါက ပြည်နယ်အတွင်း ဒေသ စာရင်းစစ်ရုံးများ ဖွင့်လှစ်နိုင်ရေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြဆောင်ရွက် မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများ အားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်

ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနံပါတ် (၁)ကတော့ ကွတ်ခိုင်မြို့နယ်ရှိ ကျေးရွာအုပ်စု (၃)ခုဖြစ်သော ဟိုမော- ဟိုပုံကျေးရွာအုပ်စု၊ ဟိုမော- လော့ခွမ်ကျေးရွာအုပ်စု၊ ဟိုမော- မန်နိမ်းကျေးရွာအုပ်စုရှိ အိမ်ထောင်စု (၅၄၆)စု၊ လူဦးရေ (၄၀၁၁)ဦးနှင့် နမ့်ငွန်ကျေးရွာအုပ်စုရှိ အိမ်ထောင်စု (၂၉၄)စု၊ လူဦးရေ (၁၉၁၂)ဦး၊ ကျေးရွာအုပ်စု (၄)အုပ်စုရှိ စုစုပေါင်းလူဦးရေ (၅၉၂၃)ဦးကို အကျိုးပြုနိုင်မည့် မန်နိမ့်ကျေးရွာနှင့် မော်ဆောင်းကျေးရွာကြား ကျေးရွာချင်းဆက် မြေသားလမ်း (၄)မိုင်ကို ယခု ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာသူ/ ကျေးရွာသားများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနံပါတ်(၂)ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကွတ်ခိုင်မြို့နယ်၊ ကာလိုင်ကျေးရွာအုပ်စု၊ ကာလိုင်ကျေးရွာနှင့် ဟိုနောင်ကျေးရွာအုပ်စု၊ ပန်လော့ ကျေးရွာကြားရှိလမ်းသည် အရှည် (၃)မိုင်ရှိသည့်အနက် (၆)ဖာလုံကို မူဆယ်ခရိုင်ကျေးလက် လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ ကျန် (၂)မိုင်(၂)ဖာလုံကို လာမည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ် ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးရန် သိရှိလိုပါသောကြောင့် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။

နောက်ဆုံး ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ မူဆယ်- လားရှိုး- မန္တလေး သွားပြည်ထောင်စုလမ်းမကြီးမှ ကာလိုင်ကျေးရွာသို့သွားသည့် ကတ္တရာလမ်းမှ ဟိုနောင် ကျေးရွာအုပ်စု ဟိုနောင်ကျေးရွာသို့သွားသော မြေသားလမ်း(၁.၂၅)မိုင်ကို လာမည့် ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ်သို့ တိုးမြှင့်ပြုလုပ် ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာနေပြည်သူများ ကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၁၊ ၂၊ ၃)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းမေးမြန်းထားတဲ့ ကွတ်ခိုင်မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံ ပြည်သူများကို အကျိုးပြုနိုင်မည့် မန်နိမ်း- မော်ဆောင်းလမ်း၊ ကာလိုင်- ပန်လေ့လမ်းနဲ့ ရပ်ကွက်(၅)၊ ဟိုနော်လမ်း၊ လမ်း(၃)လမ်းတို့နှင့်ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ ထည့်သွင်းလျာထားပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းအတွက် ဦးစွာ တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ ဟိုမော- လေ့ခွမ်ကျေးရွာ အုပ်စု ဟိုမော- မန်နိမ်းကျေးရွာအုပ်စုနှင့် နမ့်ငွန်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကို အကျိုးပြုနိုင်မည့် မန်နိမ်းကျေးရွာနှင့် မော်ဆောင်းကျေးရွာကြား ကျေးရွာချင်းဆက်လမ်း (၄) မိုင်သည် ကျေးရွာ(၄)ရွာ၊ အိမ်ခြေ (၅၇၃) အိမ်၊ လူဦးရေ (၃၆၁၇)ဦး အကျိုးပြုပြီး လက်ရှိလမ်းအမျိုးအစားမှာ မြေသားလမ်းဖြစ်ပြီး လူသွားလမ်းအဆင့်သာရှိပါတယ်။

မြို့နယ်များတွင် ကျေးလက်လမ်းတံတားများ ဖောက်လုပ်ခြင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနတို့မှ နယ်မြေပိုင်းခြားသတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၎င်းလမ်းမှာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဇရိယာတွင် ပါဝင်သော်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သို့ လွှဲပြောင်းသည့် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးဘဲ ရန်ပုံငွေတင်ပြတောင်းခံထားခြင်း လည်း မရှိသေးပါ။

ကွတ်ခိုင်မြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဆောင်ရွက်ရန် ပိုင်းခြား သတ်မှတ်ထားသော နယ်မြေအတွင်း လမ်းအဆင့်အတန်းနှင့် ဦးစားပေးသတ်မှတ်ချက် အလိုက် ပြုစုထားသောလမ်းများ မှတ်ပုံတင်စာရင်းတွင် အဆိုပါလမ်းအား ဖြည့်စွက် ထည့်သွင်းခြင်း၊ (၁၃) နှစ် စီမံကိန်းတွင် ထည့်သွင်း လျာထားခြင်းများ ဆောင်ရွက်ပြီးနောက် ၎င်းဘဏ္ဍာနှစ်တွင် ကွတ်ခိုင်မြို့နယ်၊ စီမံကိန်းလျာထားရာ၌ ထည့်သွင်းတင်ပြလာပါက ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထည့်သွင်းတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ ကာလိုင်ကျေးရွာအုပ်စု၊ ကာလိုင်ကျေးရွာနှင့် ဟိုနောင်ကျေးရွာအုပ်စု၊

ပန်လော့ကျေးရွာကြားရှိ ကာလိုင်- ပန်လောလမ်း (၃/၀)မိုင်မှာ လမ်းအဆင့်အတန်း Class A၊ ဦးစားပေး အဆင့်(၃)ဖြစ်ပြီး ကျေးရွာ (၂) ရွာ၊ အိမ်ခြေ (၂၁၄) အိမ်၊ လူဦးရေ (၈၅၆) ဦး အကျိုးပြုသောလမ်း ဖြစ်ပါတယ်။ လက်ရှိလမ်းအမျိုးအစားမှာ မြေသားလမ်းဖြစ်ပါတယ်။

(၁၃)နှစ်စီမံကိန်းအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၆)ဖာလုံအား မြေလမ်းမှ ကတ္တရာလမ်းအဖြစ် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်း (၂) မိုင် (၂) ဖာလုံကို ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု မူလငွေလုံးငွေရင်းလျာထား ချက်တွင် မြေလမ်းမှကတ္တရာလမ်းအဖြစ် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မူဆယ်- လားရှိုး- မန္တလေးသွား ပြည်ထောင်စုလမ်းမကြီးမှ တစ်ဆင့် ကာလိုင်ကျေးရွာသို့သွားသည့် ကတ္တရာလမ်းမှ ဟိုနောင်အုပ်စု ဟိုနောင်ကျေးရွာ သွားသော မြေသားလမ်းမှာ ရပ်ကွက် (၅) လွယ်ဆိုင် - ပန်ဆေး - ဟိုနောင်လမ်း (၆/၄)မိုင် ဖြစ်ပြီး လမ်းအဆင့်အတန်း Class A၊ ဦးစားပေးအဆင့်(၃)ဖြစ်ပါတယ်။ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၂၅၆)ရွာ၊ လူဦးရေ(၁၂၈၀)ဦးအကျိုးပြုပြီး လက်ရှိလမ်းအမျိုးအစားမှာ မြေသား လမ်း ဖြစ်ပါတယ်။

(၁၃)နှစ် စီမံကိန်းအရ အဆိုပါလမ်း (၆/၄)မိုင်အား ၂၀၂၁ -၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် တွင် မြေမှအမာခံလမ်းအဖြစ် အကောင်ထည်ဖော်ဆောင်ရွက်ရန် ထည့်သွင်းလျာထားပြီး ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့်မြေသားလမ်း (၁.၂၅) မိုင်အား ကျောက်ချော လမ်းအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ကွတ်ခိုင်မြို့နယ်၏ မြို့နယ်စီမံကိန်း ရေးဆွဲအကောင် အထည်ဖော်ရေးကော်မတီက ဦးစားပေးလိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြ လာပါက သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။

ကျွန်တော်ကတော့ ကလေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) တို့ကို ဆက်သွယ်ထားသော သံလွင်မြစ်ကူး တာကော်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေ သောယာဉ်များကိုငွေကြေးကောက်ခံနေခြင်းကိစ္စနှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်မှာ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအရ လွှတ်တော် ကိုယ်စားလှယ်များရဲ့ တာဝန်များဖြစ်တဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ ရရှိခံစား နိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းစသည့်တို့ ပါဝင်ပြီး လွှတ်တော်သို့ မေးခွန်းမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း ကဏ္ဍများတွင်လည်း လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် များနှင့်အညီ ပြည်သူများအတွက် အကျိုးရှိစေမဲ့ အကြောင်းအရာများဖြစ်ပေါ်စေပြီး မေးခွန်းနှင့်ပတ်သက် လို့ ခိုင်လုံတဲ့ အထောက်အထားအချက်များနှင့်လည်း ကိုက်ညီမှ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အစိုးရ အဖွဲ့မှ ပြန်လည်ဖြေကြားသည့်နေရာမှာလည်း ဖြေကြားတဲ့မေးခွန်းနဲ့အဖြေကို အနီးစပ်ဆုံး ဖြစ်အောင် ဖြေကြားပေးပါလို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားလိုတာ ဖြစ်ပါတယ်။ ပြည်သူကရွေးချယ်ခဲ့တဲ့ ပြည်သူ့အစိုးရ သက်တမ်း(၃)နှစ်တာကာလအတွင်းမှာ ပြည်နယ် အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း သိသာထင်ရှားတဲ့ အပြောင်းအလဲအဖြစ် တွေ့မြင်ရမှာဖြစ်သလို ယခုအခါ သက်ဆိုင်ရာ ပြည်နယ်အစိုးရ၏ အသုံးစရိတ်များကို ကြည့်မယ်ဆိုလို့ရှိရင် လမ်းပြုပြင် ဖောက်လုပ်ရေးအတွက် အဓိကထား သုံးစွဲနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ် ရန်ပုံငွေများဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်/ ခရိုင်ချင်းဆက်လမ်းများကိုလည်း သတ်မှတ်ကာလအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ကျေးရွာချင်း ဆက်လမ်း၊ မြို့နယ်/ ခရိုင်ချင်းဆက် ကွန်ရက်များဟာလည်း သတ်မှတ်ကာလအတွင်းမှာ အကောင်အထည်ဖော်ပြီး ချိတ်ဆက်မိတော့မဲ့ အခြေအနေလည်း တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒါနဲ့ တစ်ဆက်တည်းပဲ တင်ပြပါ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) အဓိက သံလွင်မြစ်ကူးတံတားမှာ အဆိုပါလမ်းများပေါ်မှာ ယာဉ်စီးခ၊ အသုံးပြုခများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ကောက်ခံခြင်းမရှိတော့တာကိုလည်း တွေ့ရှိရပါတယ်။ သို့သော် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အဓိက ဆက်သွယ်ထားတဲ့ တံတားကြီးဖြစ်ပြီး လမ်းအနေနဲ့ဆိုရင် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် ဆက်သွယ် ထားတဲ့ အဓိကလမ်းမကြီး ဖြစ်ပါတယ်။ ဒီလမ်းမကြီးပေါ်ရှိ တံတားပေါ်မှာ နေ့စဉ်ဖြတ်သန်း

သွားလာနေ တဲ့ယာဉ်အစီးရေဟာ ထောင်ကျော်ဂဏန်းရှိတာကို သိရှိရပါတယ်။ သို့ပါသော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် တံတားသုံး ဖြတ်သန်းခကို ကောက်ခံချင်းမရှိတော့ပေမဲ့လည်း ယာဉ်စီးခများသည် တံတားပေါ်မှာ ဖြတ်သန်းသွားလာနေတဲ့ ယာဉ်အမျိုးမျိုးပေါ်မှာ ကောက်ခံနေတာကို ပြည်သူများမှ အထောက်အထားအစုံအလင်နဲ့ တင်ပြလာတာပဲ ဖြစ်ပါတယ်။ တာကော်တံတားကို ဖြတ်သန်းသွားမယ်ဆိုရင် တာချီလိတ်ကနေ ရှမ်း(အရှေ့)မှ ရှမ်း(တောင်)ကိုလာမယ်ဆိုရင် တာကော်တံတားအဝင်မှာ ဂိတ်(၃)ခုရှိမှာ ဖြစ်ပါတယ်။ ရှမ်း(တောင်)မှ ရှမ်း(အရှေ့)သို့ သွားမယ်ဆိုရင် တာကော်တံတားအဝင်မှာ အဖွဲ့(၁၃)ဖွဲ့ ရှိပါတယ်။ စုစုပေါင်းအဖွဲ့ အားလုံးအဖွဲ့(၁၄)ဖွဲ့ ရှိတာဖြစ်ပါတယ်။ (၁၀)ဘီးယာဉ်နဲ့ (၁၂)ဘီးယာဉ်တို့အတွက် (၁)စီးလျှင်ပေးဆောင်ရသည့် အခွန်အခဟာ ငွေကျပ်(၂၅၀၀၀)ခန့်မှန်းရှိပါတယ်။ (၈)ဘီးယာဉ် (၁)စီးလျှင် ငွေကျပ် (၂၀၀၀၀) ခန့်မှန်းခြေရှိပါတယ်။ ခရီးသည်တင်ယာဉ်ဆိုရင် ငွေကျပ်(၁၅၀၀၀) ပေးဆောင်ကြရပါတယ်။ ဒါကြောင့် နေ့စဉ်နဲ့အမျှ ဖြတ်သန်းသွားလာ နေသော ယာဉ်အစီးရေ (၁၀၀၀)ကျော်နဲ့ ကားအစီးတိုင်း၊ အစီးတိုင်းကို ပေးချေရတဲ့ အခကြေးငွေတွေဟာ တစ်ရက်တစ်ရက်လျှင် ဘယ်လောက်ရှိမယ်ဆိုတာ အားလုံးပဲ ခန့်မှန်းမိမယ်လို့လည်း ထင်မိပါတယ်။ ဒါကြောင့် ဒီတံတားဟာ ဌာနကလည်း တရားဝင်မကောက်ခံတော့ဘူး။ တံတားပေါ်မှာ သွားလာနေတဲ့ မော်တော်ယာဉ် တိုင်း ပေးဆောင်နေရတာဖြစ်လို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သေချာလေး စိစစ်ရန် လိုမယ်လို့လည်း ထင်မြင်မိပါတယ်။ ဒီတံတားပေါ်မှာ အချိန်ပိုင်းနဲ့ သွားလာတဲ့ အခါလည်း ရှိပါတယ်။

ဒါဟာ နယ်မြေလုံခြုံရေးအတွက်ကြောင့် ဖြစ်နိုင်တာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မနက်(၆)နာရီ မှ ည(၆)နာရီချိန်မှာ တံတားကို ဖြတ်သန်းသွားလာခွင့် မရတဲ့အနေအထား ဖြစ်ပါတယ်။ တံတားသွားလာခွင့် ပိတ်လိုက်တဲ့အခါမှာ ရှမ်း(အရှေ့)က လာတဲ့ပြည်သူတွေရော၊ ရှမ်း(တောင်)ကသွားတဲ့ ပြည်သူတွေဟာ တံတားရဲ့ ပတ်ဝန်းကျင်မှာ အခြေချနေကြရတော့ ဒီနေရာဟာ အစတုန်းကပြောသလို တံတားကို အခကြေးငွေပေးမှ ဖြတ်ရမဲ့သဘော ဖြစ်ပါတယ်။ အချိန်ပိုင်းနဲ့ သွားတဲ့အခါမှာလည်း လက်ရှိပေးချေနေရတဲ့အခကြေးငွေတွေဟာ ယခင်အစိုးရသက်တမ်းကတည်းက ပေးချေခဲ့ရတာ ဖြစ်ပါတယ်။ ပြည်သူများမှ နေ့စဉ် ခရီးသွားလာရာတွင် ယခုလို အချိန်ပိုင်းသတ်မှတ်လိုက်သည့်အတွက် လူမှုရေးကိစ္စများတွင် ဒုက္ခရောက်ကြရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခု ပွင့်လင်းမြင်သာလာတဲ့ ခေတ်နဲ့အညီ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရအနေဖြင့် လွှတ်တော်ကို အားကိုးတကြီးဖြင့် သူတို့ပေးဆောင်နေရတာ ဘယ်အတွက် ကောက်ခံနေတဲ့ အခွန်အခတွေလည်း ဒါတွေကို သိရှိလိုတာကတစ်ကြောင်း၊ အချိန်ကာလအားဖြင့် သတ်မှတ်

ထားတာ တွေကိုလည်း ယခုထိဘာလို့ ဒီအတိုင်းသွားနေတာလဲဆိုတာနဲ့ ပတ်သက်ပြီး အောက်ပါကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်-

(က) တာကော်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော ယာဉ်များကို မည်သည့်ဌာနမှ ငွေကြေးကောက်ခံနေပြီး မည်သည့်အတွက် ကောက်ခံနေပါသနည်း။

( ခ) အဆိုပါကောက်ခံနေမှုများကို ပြည်နယ်အစိုးရအဖွဲ့မှ တရားဝင် ခွင့်ပြုထားခြင်း ရှိ/ မရှိ။

( ဂ) ငွေကြေးကောက်ခံနေပါက ပြည်နယ်အစိုးရမှ အခွန်မည်မျှရရှိသနည်း။

(ဃ) အချိန်ကန့်သတ်ဖြင့်သွားလာခွင့်ပြုနေခြင်းသည် အဘယ်ကြောင့်နည်း စသည်ဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှမေးမြန်းလာတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ဆက်သွယ်ထားသော သံလွင်မြစ်ကူးတာကော်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော ယာဉ်များကို ငွေကြေးကောက်ခံနေကြောင်း အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) တာကော်တံတားပေါ်တွင် ဖြတ်သန်းသွားသော ယာဉ်များကို မည်သည့်ဌာနများမှ ငွေကြေးကောက်ခံနေပြီး မည်သည့်အတွက် ကောက်ခံနေကြောင်း။

( ခ) အဆိုပါကောက်ခံမှုများကို ပြည်နယ်အစိုးရမှ တရားဝင်ခွင့်ပြုထားခြင်းရှိ/ မရှိ။

( ဂ) ငွေကြေးကောက်ခံပါက ပြည်နယ်အစိုးရမှ အခွန်မည်မျှ ရရှိသနည်း။

(ဃ) အချိန်အကန့်အသတ်ဖြင့် သွားလာခွင့်ပြုနေသည်မှာ အဘယ်ကြောင့်နည်းဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဗိုလ်မှူးကြီးလှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်း(က)နှင့် စပ်လျဉ်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးမှူးရုံး၊ သစ်တောဦးစီးဌာနနှင့် ကွန်ဟိန်းစစ်ဗျူဟာ(အခြေချ)တံတား လုံခြုံရေးတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား မူးယစ်ဆေးဝါးများ၊ လက်နက်/ ခဲယမ်းများ၊

လူကုန်ကူးမှုများ၊ တရားမဝင်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတု ပစ္စည်းများ၊ အခြားသော ရာဇဝတ်မှုများ ကျူးလွန်ထားသူ၊ ကျူးလွန်ရန် အားထုတ်နေသူတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီတားဆီးဟန့်တား ဖမ်းဆီးနိုင်ရန် အတွက် စနစ်တကျရှာဖွေ စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်စေလျက်ရှိပါတယ်။ ထိုကဲ့သို့ ရှာဖွေစစ်ဆေးမှုများကြောင့် တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါး အမြောက်အများ ဖမ်းဆီးရမိခြင်းများ၊ လက်နက်/ ခဲယမ်းဖမ်းဆီးရမိခြင်းများနှင့် အခြား သောရာဇဝတ်မှုများကိုလည်း အဟန့်အတားဖြစ်စေခဲ့ပြီး ရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးတစ်စုံ တစ်ရာကောက်ခံရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။

မေးခွန်း( ခ)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ် ထားသော မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်ရှိ သံလွင်မြစ်ကူး တာကော် တံတားသည် ယခင်ကလေလံစနစ်ဖြင့် တံတားအသုံးပြုခ ကောက်ခံခွင့်ပြု ထားသော တံတားဖြစ်ပြီး အစိုးရသစ်၏ ပြည်သူများအား ပွင့်လင်းမြင်သာစွာ ဖြေလျှော့ သည့် အစီအစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ (၃၁- ၃- ၂၀၁၆ )ရက်နေ့ (၀၀:၀၁) အချိန်မှစ၍ တံတားအသုံးပြုခ ကောက်ခံခွင့်ရုပ်သိမ်းခဲ့ပြီး အခမဲ့ဖြတ်သန်းသွားလာ ခွင့်ပြု ထားသော တံတားဖြစ်ပါတယ်။ တံတားသက်တမ်းမှာ နှစ်ပေါင်း(၄၀)ကျော် ကြာမြင့်ပြီ ဖြစ်သောကြောင့် အလေးချိန် တန်(၃၀)သာခံနိုင်၍ တံတားရေရှည် အသုံးပြုနိုင်ရေး တန်ပို ယာဉ်များသွားလာမှုကို တားဆီးရန်အတွက် Weight Pad တပ်ဆင်၍ တန်ပိုယာဉ်ထိန်းသိမ်း ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်စေလျက်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တရားဝင် ငွေကြေးတစ်စုံ တစ်ရာကောက်ခံရန် ခွင့်ပြုထားခြင်းမရှိပါသဖြင့် အခွန်ငွေရရှိခြင်းလည်း မရှိပါ။

မေးခွန်း( ဂ)နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ် ထားသော သံလွင်မြစ်ကူးတာကော်တံတားပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသော မော်တော် ယာဉ်၊ မော်တော်ဆိုင်ကယ်များအား တပ်ဖွဲ့/ ဌာနဆိုင်ရာများမှ ငွေကြေးကောက်ခံမှုများ မပြုလုပ်စေရေး အထူးဂရုပြုကြပ်မတ်သွားရန် ဌာနဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြား ထားရှိပါကြောင်းနှင့် ငွေကြေးကောက်ခံမှုများ ပြုလုပ်ပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ အပြစ်ပေးအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

မေးခွန်း(ဃ)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ် ထားသော လမ်းမကြီးပေါ်တွင် တည်ရှိသော သံလွင်မြစ်ကူးတံတား၏သက်တမ်းမှာနှစ်ပေါင်း (၄၀)ကျော် ကြာမြင့်ပြီဖြစ်ပါ၍ တံတားရေရှည်ခိုင်မာရေးအတွက်လည်းကောင်း၊ မသမာသူ များ ဖောက်ခွဲဖျက်ဆီးရန် ပြုလုပ်လာနိုင်ခြင်း၊ သောင်းကျန်းသူအဖွဲ့အစည်းများမှ သွားလာမှု

ခက်ခဲစေရန်အတွက် တံတားအား ဖျက်ဆီးလာနိုင်သည့်အတွက် (အရေးပေါ်ကိစ္စမှလွဲ၍) မော်တော်ယာဉ်များကို ဖြတ်သန်းသွားလာခွင့် နံနက်(၀၆၀၀)အချိန်မှ(၁၈၀၀)အချိန်ထိ အချိန်သတ်မှတ်ပေးကာ ဖြတ်သန်းသွားလာစေရန် ကန့်သတ်ထားခြင်း ဖြစ်ပါတယ်။ အလင်းရောင်ရှိသည့် နံနက်(၀၆၀၀) အချိန်တွင် ဖြတ်သန်းသွားလာသော ယာဉ်များအား ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စနစ်တကျ စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်ပြီးမှသာ ဖြတ်သန်းသွားလာခွင့်ပြုလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီနေ့အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)(၁၁-၂-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ်(၁)ဦးက အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသုံးသပ် အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားတိုင်း၏ အသက်သွေးကြောသည် တစ်ကိုယ်လုံးကို လိုအပ်သလို ဖြန့်ဖြူးစီးဆင်းမှသာလျှင် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ လုပ်ငန်းများ လှုပ်ရှားဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

ထို့အတူ ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူ( ၅ ) သန်းတို့၏ လူနေမှုအဆင့်အတန်း တိုးတက်ဖွံ့ဖြိုးလာစေရန် အစစအရာရာ လိုအပ်ချက်များကို နိုင်ငံသား(ပြည်သူ့) ဘတ်ဂျက်သည် အသက်သွေးကြောသဖွယ် အကျိုးပြုစီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်သည် နယ်မြေကျယ်ပြန့်သဖြင့် လိုအပ်ချက်အရ ရှမ်း(တောင်)၊ ရှမ်း(မြောက်)နှင့် ရှမ်း(အရှေ့)ဆိုပြီး ခွဲခြားသတ်မှတ်ထားသော်လည်း တိုင်းရင်းသားပြည်သူများအားလုံးတို့သည် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး ခွဲခြားမှုမရှိစေဘဲ တစ်သားတည်း ပွင့်လင်းမြင်သာစွာဖြင့် အခွင့်အလမ်း တန်းတူညီမျှ အကျိုးခံစားခွင့် ရရှိရန် စီမံခန့်ခွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

သို့သော်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သည့် အောက်ပါဌာန/ အဖွဲ့အစည်းတို့၏ လုပ်ငန်းများ စိစစ်လေ့လာခဲ့ပါသည်-

(၁) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊

(၂) ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊

(၃) လျှပ်စစ်ဓာတ်အားခ ဖြန့်ဖြူးရေးလုပ်ငန်း၊

(၄) လမ်းဦးစီးဌာန၊

အဆိုပါ ဌာန / အဖွဲ့အစည်းများ၏ လုပ်ငန်းခွင့်ပြုဆောင်ရွက်သွားရန် လျာထားမှုများသည် ရှမ်း(တောင်)အား အခွင့်အလမ်း ပိုမိုဦးစားပေးထားသည်ကို တွေ့ရှိရပါသဖြင့် ပြန်လည်စိစစ်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဌာနကြီး (၄)ခုရဲ့ စာရင်း၊ ဇယားများကို တင်ပြခွင့်ပြုပါ။ ဥပမာ- ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တင်ပြထားချက်အရ ဖြည့်စွက်ငွေမှာ ကျပ်သန်းပေါင်း (၄၆၉.၄၄) သန်း တွေ့ရှိရပြီး လုပ်ငန်းပေါင်း (၂၂)ခုရှိပါတယ်။ (၂၂)ခုထဲမှာဆိုရင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် (၂၀)ခု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် (၂)ခု ထည့်သွင်းလျာထားတာကို လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက်မပါပါဘူး။

ထို့နည်းတူ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရုံးကနေပြီး ကျခံသုံးစွဲမဲ့ လျာထားချက်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)က လုပ်ငန်း(၁၃)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း (၁၁၅.၁၀)သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကလုပ်ငန်း (၉)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း (၆၆.၇၇၅၀)သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က လုပ်ငန်း (၂)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း (၁၈.၀၂)သန်း၊ "ပအိုဝ်း"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လုပ်ငန်း(၈)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း(၅၆.၅၆)သန်း၊ "ဓနု"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လုပ်ငန်း(၂)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း(၄၄.၅၄၁၀)သန်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းက လုပ်ငန်း(၁)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း (၁၆.၆၄)သန်း၊ "ကိုးကန့်"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လုပ်ငန်း(၃)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း(၄၁.၇၀)သန်း၊ "ပလောင်"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လုပ်ငန်း(၂)ခု၊ ကျသင့်ငွေ ကျပ်သန်းပေါင်း(၄၂.၅၁၅၀)သန်း၊ စုစုပေါင်းလုပ်ငန်းက (၄၀)၊ ခွင့်ပြုငွေ ကျပ်သန်းပေါင်း(၄၀၁.၈၅၁)သန်း ဖြစ်ပါတယ်။ ထို့အတူ လျှပ်စစ်လုပ်ငန်းကို ခြုံငုံပြီး တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ လုပ်ငန်းအများစုထဲတွင် စုစုပေါင်းအလုပ်က (၁၁၁)ခု၊ စုစုပေါင်းတန်ဖိုးက ကျပ်သန်းပေါင်း (၄၉၇၈.၁၇၄)သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လုပ်ငန်းအရေအတွက် (၉)ခု၊ ကျပ်သန်းပေါင်း(၃၇၇.၈၁၉)သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လုပ်ငန်းအရေအတွက် (၁၄)ခု၊ ကျပ်သန်းပေါင်း(၉၁၉.၃၇၃)သန်း၊ စုစုပေါင်း(၁၃၄)၊ စုစုပေါင်းပြည်နယ်တစ်ခုလုံး ကျပ်သန်းပေါင်း (၆၂၇၅.၃၆၆)သန်း ဖြစ်ပါတယ်။

လမ်းလုပ်ငန်းကိုအချုပ်အားဖြင့် တင်ပြရမည်ဆို လျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၁၇၀၃.၁၁၅)သန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျပ်သန်းပေါင်း (၁၀၀၅)သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျပ်သန်းပေါင်း (၁၂၉၅.၅) သန်း၊ စုစုပေါင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်းပေါင်း(၄၀၀၃.၆၁၅)သန်း ဖြစ်ပါတယ်။ ဒါတွေကို ပြန်ပြီးလေ့လာသုံးသပ်မယ်ဆိုရင် တန်းတူညီမျှတစ်သားတည်း မရှိဘူးဆိုတဲ့ အနေ အထားကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကလည်း ဘတ်ဂျက်နဲ့ ပတ်သက် ပြီး စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားသည့်အတွက် (၃)နှစ်လုံးလုံး လေ့လာသုံးသပ်စိစစ် ခဲ့ဖူးပါတယ်။ ဒါပေမဲ့လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ အစဉ်အလာအရကို ဦးစားပေး နေရတဲ့ အနေအထားလေးတွေကို လေ့လာတွေ့ရှိရပါတယ်။ ဘာကြောင့်ဒီလိုဖြစ်သလဲ ဆိုတာကို လေ့လာသုံးသပ်ရမည်ဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့သည် အစစအရာရာ တိုးတက်ပြည့်စုံတဲ့ဒေသကြီး၊ ခရီးသွားလုပ်ငန်း စသည့်အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးနေတာဖြစ်သည့်အတွက် ရှမ်းပြည်နယ်ရဲ့ အချက်အခြာ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ ဒေသဖြစ်သည်နှင့်အညီ အခွန်အခစသည်ဖြင့် အများဆုံး

ကောက်ခံရရှိသည့် ဒေသဖြစ်တဲ့အတွက် ပိုမိုဖြစ်ထွန်းစေချင်သည့်ဆန္ဒ၊ သဘောထားတွေနဲ့ အခြေခံဖြစ်တဲ့ လမ်း၊ မီး စသည်ဖြင့် ပိုပြီးတော့ထည့်သွင်းဆောင်ရွက်သွားမည်ဆိုလျှင် ပိုမို ဖွံ့ဖြိုးတိုးတက်လာတဲ့အနေအထားကိုသုံးသပ်ပြီးတော့ ဦးစားပေးနေမလားဆိုပြီး တစ်ခါ တစ်လေတွေးမိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးကို တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူ ပြုတဲ့ ဒေသကြီးဆိုတော့အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမဲ့လည်း ရှမ်းပြည်နယ် ကကျယ်ပြန့်သည့်အတွက် နယ်မြေအခြေအနေအရ တော၊ တောင်၊ ရေ၊ မြေရှိပြီး တစ်ပိုင် တစ်နိုင်စားဝတ်နေရေး လုပ်ဆောင်နေရတဲ့ အခြားတိုင်းရင်းသားများ အများကြီးရှိကြ ပါတယ်။ ဒီလိုတိုင်းရင်းသားတွေအများကြီးကျန်နေပါသေးတယ်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ လူမှုဘဝမြှင့်တင်ရေးဆိုတာ ဘာမှမရှိပါဘူး။ ဒါကြောင့် ကျန်နေတဲ့ ဒေသများကိုလည်း ငဲ့စောင်းပြီးကြည့်မယ်ဆိုရင် အင်မတန်မှ သနားစရာ ကောင်းပြီးဝမ်းနည်းစရာလည်းကောင်းပါတယ်။ ဒါကလည်း ဘယ်လိုပဲဖြစ်ဖြစ် ပြည်ထောင်စု ဝန်ကြီးကလည်း ဖြည့်စွက်ပြီးပံ့ပိုးပေးတဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဟာ အစစနိမ့်ပါးနေပြီး ကျန်ရှိနေတဲ့ ရှမ်းပြည်နယ် ပြည်သူများကိုလည်း ငဲ့စောင်းပြီး ဆောင်ရွက်ပေးမယ်ဆိုရင် မကောင်းဘူးလားဆိုတာကို ကျွန်တော်စိတ်ထဲမှာတွေးမိပါတယ်။ ဒါလေးတွေကို အဘက် ဘက်က ပြည်နယ်တစ်ခုလုံးကို တန်းတူညီမျှ ပွင့်လင်းမြင်သာစွာဖြင့် တစ်သားတည်း တိုးတက်ဖွံ့ဖြိုးမယ်ဆိုရင် အားလုံးဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ပေးဖို့ လိုအပ်လိမ့်မည်လို့ ကျွန်တော်ဆွေးနွေး တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပြန်လည်စိစစ် အကြံပြုတင်ပေးရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောင်လာမည့် ပြည်သူ့ဘတ်ဂျက်ရေးဆွဲရာ တွင် ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒ(၄)ချက်၊ ရည်မှန်းချက်(၆)ချက်နှင့်အညီ ပွင့်လင်းမြင်သာ စွာဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန် လိုအပ်သလို လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲ လုံးဝ ကင်းရှင်းပြီး ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူ ကိုဗဟိုပြု၍ အားလုံးပါဝင်ရေးကို ဦးထိပ်ထားပြီး ဆောင်ရွက်နိုင်ပါရန် အကြံပြုတိုက်တွန်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်း၏ ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုစားလှယ်များအားလုံး မင်္ဂလာပါ

ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများရဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများနှင့်ပတ်သက်၍ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက အကြံပြုဆွေးနွေးပေးတဲ့အတွက်လည်း များစွာကျေးဇူးတင်ပါတယ်။ ဖြည့်စွက်ရန်ပုံငွေဆိုတာ အချက်(၂)ချက်ပေါ်မှာမူတည်ပြီး ဆုံးဖြတ်ပါတယ်။ ပထမအနေနဲ့ လုပ်ငန်းဆက်ကိုဦးစားပေးရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က အရေးပေါ်ပေါ်လာတဲ့ မဖြစ်မနေလုပ်ဆောင်ရမဲ့ အခြေအနေတွေကို ထည့်သွင်းစဉ်းစားတဲ့အချက်လည်းရှိပါတယ်။ တတိယအချက်ကတော့ လျာထားတဲ့အကြမ်းတောင်းဆိုထားခြင်း ဘဏ္ဍာရေးကော်မရှင်ကို တောင်းဆိုထားတဲ့ ငွေပဲဖြစ်ပါတယ်။ အခွန်ဝေစုကနေရထားတာက ကျပ်သန်းပေါင်း (၂၂၇.၅၀၈)၊ ပြည်ထောင်စုကနေ RE စာရင်းတွင်ခြားနားချက်အရ ဘဏ္ဍာရန်ပုံငွေရငွေ တိုးတက်ရရှိရန်ခန့်မှန်းငွေက ကျပ်သန်းပေါင်း(၄၂၅၁.၀၈၅)၊ ရှမ်းပြည်နယ်က အခွန်ဝေစုရငွေ စုစုပေါင်း (၄.၄)ဘီလီယံပဲရှိပါတယ်။ အခုတောင်းဆိုထားတာက (၁၇)ဘီလီယံကျော်ပါတယ်။ ပြီးခဲ့တဲ့နှစ် အခွန်ရငွေများကို လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်နည်းနည်း ရှင်းပြပါမယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၇-၂၀၁၈ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းမှာ ရငွေက ပြည်နယ်အချုပ်အနေနဲ့ (၂၃)ဘီလီယံ ဖြည့်စွက်မှာ ရခဲ့ပါတယ်။ (၂၃)ဘီလီယံရခဲ့တဲ့အတွက် တိုးလာတယ်လိုဆိုရပါမယ်။ ဘာကြောင့်တိုးလာသည်လည်းဆိုတော့ အစိုးရအဖွဲ့ကနေတိုး လာတဲ့ငွေကတော့ မြေအသုံးချမှုမှာ (၂)ဘီလီယံ၊ ဆိုင်ကယ်စီမံချက်ကရရှိတာက (၁.၁၇၅) ဘီလီယံ၊ ပြည်ထောင်စုမှခွဲဝေပေးတဲ့ အခွန်ဝေစုရငွေမှာ (၁၇.၃၈၈)ဘီလီယံ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှရတဲ့အခွန်၊ သာမန်မှ သားသတ်လုပ်ငန်းကရတဲ့အခွန်၊ အခွန်ရ ပေါက်မှရတဲ့အခွန်က (၁.၉)ဘီလီယံဖြစ်ပါတယ်။ စုစုပေါင်းဆိုရင် (၂၃)ဘီလီယံကို ဒီဖြည့်စွက် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ တင်လိုက်တဲ့အခါ ဘဏ္ဍာရေးကော်မရှင်က စိစစ်ဖြတ်တောက်ပြီးတော့ ကျွန်တော်တို့ ပြည်နယ်ကရရှိတဲ့အခွန် ဝေစုထဲမှ (၃)ဘီလီယံပါသွားပြီး (၂၀)ဘီလီယံဖိုးပဲ ပြီးခဲ့တဲ့နှစ်ကလုပ်ခဲ့ရတာဖြစ်ပါတယ်။ ယခုနှစ် အခွန်စုစုပေါင်းရငွေက (၄.၄) ဘီလီယံပဲရှိပါ တယ်။ ဒါပေမဲ့ ကျွန်တော်တို့တင်တောင်း ထားတဲ့ပိုက်ဆံက (၁၇.၄၅၁)ဘီလီယံ ဖြစ်ပါတယ်။ အကယ်၍သာ ဘဏ္ဍာရေးကော်မရှင်က ရငွေ(၄.၄)ဘီလီယံပဲသုံးပါဆိုလျှင် အခုဌာနဆိုင်ရာ အသီးသီးကနေပြီး ဖြည့်စွက်တောင်းခံထားတဲ့ လုပ်ငန်းတွေအားလုံးက ဖြတ်တောက် စိစစ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဘဏ္ဍာရေးကော်မရှင်ရဲ့ ခွင့်ပြုချက်ပေါ်မူတည်ပြီး ဆောင်ရွက် ရမှာဖြစ်ပါတယ်။ ဖြည့်စွက်တောင်းငွေ အကြမ်းပဲဖြစ်ပါတယ်။ တောင်းထားတဲ့ ဌာနဆိုင်ရာ တောင်းငွေကအတည်မဖြစ်သေးပါဘူး။ ဒါကြောင့် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ ရှမ်းပြည်တစ်ပြည်လုံးကို အစိုးရက Equability မျှတပြီးဖွံ့ဖြိုးတိုး

တက်ဖို့အတွက် ရည်မှန်းချက်ပန်းတိုင် ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်( အရှေ့ပိုင်း) ဆိုတာမျိုးမဟုတ်ဘဲ ၂၀၁၈-၂၀၁၉ ခု၊ မူလ လျာထားငွေ လုပ်ငန်းဆက်တွေအပေါ်မှာ ဆက်လက်ပြီးတော့ လုပ်ရတဲ့လုပ်ငန်းတွေဖြစ်တဲ့ အတွက် မဖြစ်မနေ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသန္တရဥပဒေမှာ မူလအတည်ပြုထားတဲ့ လုပ်ငန်းဆက်တွေကို ဦးစားပေးတာဖြစ်ပါတယ်။ ဥပမာ- ဒေါ်လာဈေးတက်သွားတဲ့အတွက် ကတ္တရာဈေးတက်သွားပါတယ်။ ဒီလိုဈေးတက်သွားတဲ့အတွက် လမ်းမိုင်တွေတိုးသွားတယ်။ တံတားတွေကခဏဖယ်ထားရတယ်။ မဖြစ်မနေပြန်ထည့်ရမဲ့ လုပ်ငန်းဆက်တွေများတဲ့ အတွက် လမ်းလုပ်ငန်း၊ ကျေးလက်လုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေက ဒီထဲမှာပါသွားခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တစ်ခုတည်းသုံးတယ်ဆိုပြီး ရည်ရွယ်ချက်မျိုး ရှမ်းပြည်နယ်အစိုးရမှာ မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များသိအောင် ကျွန်တော်တို့အနေနဲ့ လေးလေးစားစား ရှင်းလင်းတင်ပြအပ်ပါတယ်။ နောက်တစ်ချက်က ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ မြို့နယ်ပေါင်း (၂၁)မြို့နယ်ရှိတဲ့ အတွက် အများဆုံးဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ (၁၀)မြို့နယ်ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ (၁၉)မြို့နယ်ရှိပါတယ်။ (၅)မြို့နယ်ကတော့ အစိုးရကဝင်ခွင့်မရတဲ့ မြို့နယ် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမတွေအပေါ်မှာ ညီညီမျှမျှနဲ့ Equabilityရော Equability devolopment အစစအရာရာဖြစ်အောင် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကြိုးစားဆောင်ရွက် လျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ပန်းတိုင်ကလည်း ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ဖို့အတွက် လျှောက်လှမ်းနေဆဲဖြစ်သည့်အတွက် အစိုးရအနေနဲ့ ဒီလိုသဘော ထားမျိုးမရှိကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း လေးလေးစားစားနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။

ယခုကျွန်တော်အနေနဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ်အတွက် ကျပ်သန်းပေါင်း (၁၄၉၂.၆၀၅)သန်း၊ ငွေလုံးငွေရင်းအတွက် ကျပ်သန်းပေါင်း(၁၅၉၅၈.၉၆၂)သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း (၁၇၄၅၁.၅၆၇)သန်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီက ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ။** အားလုံးပဲမင်္ဂလာပါရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအပေါ် ရှမ်းပြည်နယ်လွှတ်တော်ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကိုယ်စား အတွင်းရေးမှူးဖြစ်သူ ကျွန်မ ဒေါ်နန်းစမ်းစမ်းအေးမှ အစီရင်ခံစာ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၁၁.၂.၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအပေါ် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၈.၂.၂၀၁၉)ရက်နေ့နှင့် (၁၂.၂.၂၀၁၉) ရက်နေ့တို့တွင် ဌာန(၂၆)ခုတို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ( ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၆။) ကို ရှမ်းပြည်နယ်လွှတ်တော်မှ (၂၁-၉-၂၀၁၈) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ကော်မတီအစည်းအဝေး လေ့လာတွေ့ရှိချက်အရ ၂၀၁၈-၂၀၁၉ ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းမှာ ပြည်ထောင်စုမှ အခွန်ဝေစုပိုမိုရငွေ ကျပ် ၂၂၇.၅၀၈ သန်း၊ ပြည်နယ်၏ အခွန်အကောက်ရငွေမှ ပိုမိုရရှိငွေ ကျပ် ၂၄၅.၈၈၁ သန်း၊ ပြည်နယ်၏ အခြားသာမန် ရငွေမှပိုမိုရရှိငွေ ကျပ် ၃၈၉၉.၀၈၁ သန်း၊ ပြည်နယ်၏ ငွေလုံးငွေရင်းရငွေမှ ပိုမိုရရှိငွေ ကျပ် ၁၀၆.၁၂၃ သန်း၊ စုစုပေါင်း ကျပ် ၄၄၇၈.၅၉၃ သန်း ပိုမိုရရှိခဲ့တာကို တွေ့ရှိရပါတယ်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် ဌာန(၁၉) ခု ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေစာရင်းအောက်ပါဝင်သည့် ဌာန(၇)ခုအပါအဝင် စုစုပေါင်းဌာန (၂၆)ခုမှ သာမန်အသုံးစရိတ် ကျပ် ၁၄၉၂.၆၀၅ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၅၉၅၈.၉၆၂ သန်း၊ စုစုပေါင်း ကျပ် ၁၇၄၅၁.၅၆၇ သန်း တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများ

ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ဓာတ်ဆီ/ စက်ဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်နှင့် ပင်စင်စသည့် ခေါင်းစဉ်များအတွက် တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် တည်ဆောက်ရေး၊ စက်ပစ္စည်း/ ပရိဘောဂ၊ ဒေသဖွံ့ဖြိုးရေးနှင့် အခြားစသည့် ငွေစာရင်းခေါင်းစဉ်များအတွက် တောင်းခံထားသည်ကို တွေ့ရှိရပါသည်။ အဓိကအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့(၉)ဖွဲ့အတွက် စုစုပေါင်းငွေလုံးငွေရင်း အသုံးစရိတ်၏ ၈၉.၅၇% တောင်းခံထားသည်ကို တွေ့ရှိရပါတယ်။

၎င်းအဖွဲ့(၉)ဖွဲ့မှာ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ ညောင်ရွှေပြတိုက်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေး အဖွဲ့တို့ဖြစ်သည်ကို တွေ့ရှိရပါတယ်။ ကော်မတီအစည်းအဝေးကျင်းပစဉ် (၂)ရက်တာကာလအတွင်း သက်ဆိုင်ရာဌာနထံသို့ လိုအပ်သောအချက်အလက်များတောင်းခံခြင်း၊ ပြန်လည်ဖြည့်စွက်စေခြင်း၊ လိုအပ်သောလုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီစိစစ်ချက်အရ ပြောင်းလဲတင်ပြလာသော လုပ်ငန်းများမှာဖော်ပြပါ Power point အတိုင်းမြင်တွေ့ရမှာ ဖြစ်ပါတယ်။ တစ်ဖန်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက မေးမြန်းနေကြတဲ့ စိတ်ထဲမတင်မကျဖြစ်နေကြတဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဆိုင်ကယ်သယ်ယူခ တစ်စီးလျှင် ကျပ်(၁)သိန်း ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၏ရငွေမှာ ပြည်နယ်ချုပ်အနေဖြင့် ၄.၅ ဘီလီယံတိုးခဲ့သည်ကို တွေ့ရှိရပြီး ပြည်နယ်အတွက် ပြည်ထောင်စုမှ ထောက်ပံ့ ပေးမည့်ငွေမှာ ကျပ် ၂၂၄ ဘီလီယံ ဖြစ်သည်ကို တွေ့ရှိရပါတယ်။

ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် စိစစ်ရာတွင် Estimate အသေးစိတ်မပါရှိခြင်း၊ PAE ဈေးနှုန်းကွာဟမှုရှိခြင်း၊ ဌာနဆိုင်ရာများမှ ဝယ်ယူမည့်ပစ္စည်းများ၏ စာရင်းအသေးစိတ်နှင့် Model Number များမပါရှိခြင်း၊ ဝန်ထမ်းဦးရေနှင့် လစာစာရင်းများတိုးလာသော်လည်း စာရင်းအသေးစိတ်မပါရှိခြင်း၊ ဒေသအလိုက် စီမံကိန်း ညွှန်းကိန်းများနှင့်အညီ အညီအမျှ ဘတ်ဂျက်ခွဲဝေပေးမှုမရှိခြင်း၊ အချို့ဌာနဆိုင်ရာများသည် အသေးစိတ်အချက်အလက်များကို အချိန်မီပေးပို့နိုင်မှုမရှိခြင်းနှင့် အလုပ်သမားဦးရေမှာ လိုအပ်သည်ထက်များနေခြင်းများကို စိစစ်တွေ့ရှိရပါတယ်။

## အကြံပြုချက်

မည်သည့်ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်ချက်မဆို Estimate အသေးစိတ်ပူးတွဲတင်ပြပေးရန်၊ PAE ဈေးနှုန်းကွာဟမှုနည်းစေရန် အစိုးရအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ဌာနဆိုင်ရာများမှ ဝယ်ယူမည့်ပစ္စည်းများ၏ စာရင်းအသေးစိတ်နှင့် Model Number များပါရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်) တို့တွင် စီမံကိန်းညွှန်းကိန်းများနှင့်အညီ အညီအမျှ ဘတ်ဂျက်ခွဲဝေချထားပေးရန်၊ အချို့ဌာနဆိုင်ရာများမှ အသေးစိတ်အချက်အလက်များကို အချိန်မီပေးပို့နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဌာနဆိုင်ရာများအပေါ်တွင် စာဖြင့်တောင်းဆိုခြင်းမဟုတ်ဘဲ လွှတ်တော်၏ကတိကဝတ်အရ မှတ်ချက်တွင် ထည့်သွင်းရေးသားရန်၊ တင်ဒါအောင်ကုမ္ပဏီများမှ ဆောက်လုပ်သည့် အဆောက်အဦ အရည်အသွေးအပေါ် သုံးသပ်၍ သင့်လျော်သော အဆင့်အတန်းများ သတ်မှတ်ပေးပြီး ထုတ်ပြန်ဆောင်ရွက်ရန်၊ အဆောက်အဦအရည်အသွေးအာမခံချက်ကို (၅)နှစ်အထိ သတ်မှတ်ဆောင်ရွက်စေရန်၊ QC ကွင်းဆင်းစစ်ဆေးချိန်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ ဌာနများ၏ မြေပြင်ကွင်းဆင်း ဆောင်ရွက်ချက်များအပေါ် မူတည်၍ စက်သုံးဆီများကို စိစစ်အသုံးပြုစေရန်နှင့် သုံးစွဲရန် မသင့်လျော်သည့်မော်တော်ယာဉ်များအား အပ်နှံပြီးစက်သုံးဆီ အသုံးပြုမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် အကြံပြု တင်ပြအပ်ပါတယ်။

## တင်ပြချက်

အဆိုပါ ရှမ်း(မြောက်)၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့) ဘတ်ဂျက်ခွဲဝေမှု မညီမျှပုံကို ထပ်ဆင့်တင်ပြရခြင်း အကြောင်းရင်းမှာ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနမှာ လုပ်ငန်းအရေအတွက် (၁၁၁)ခု၊ ရှမ်း(မြောက်)မှာ လုပ်ငန်းအရေအတွက် (၉)ခု၊ ရှမ်း(အရှေ့)မှာ (၁၄)ခု၊ တစ်ဖန် အားကစားနှင့်ကာယပညာဦးစီးဌာန တောင်းခံထားသည့် လုပ်ငန်း(၁၇)ခု အနက် တောင်ကြီးဘောလုံးကွင်းနှင့်ဆက်စပ်၍ လုပ်ငန်းပေါင်း(၁၁)ခု၊ အခြားမြို့နယ်များအတွက်(၆)ခု ဆိုတာကိုတွေ့ရပါတယ်။ တင်ပြချက်အနေနဲ့ လာမည့် BE ဘတ်ဂျက်အတွက် ဘတ်ဂျက်များခွဲဝေရာမှာ ရှမ်း(မြောက်)၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့) အချိုးကျကျအညီအမျှခွဲဝေပေးရန် ထပ်ဆင့်(ထပ်ဆင့်)တင်ပြအပ်ပါတယ်။ BE ဘတ်ဂျက်များကိုစိစစ်ရာမှာ ကော်မတီမှ အသေးစိတ်စိစစ်သွားမှာဖြစ်ပြီး လိုအပ်ပါက ဖြတ်တောက်လုပ်ငန်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းကိုလည်း တစ်ပါတည်းတင်ပြ အပ်ပါတယ်။

ယခု တင်ပြပါ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား ကော်မတီမှ စိစစ်ခြင်း၊ လိုအပ်သည့် အချက်အလက်များ တောင်းခံခြင်း၊ ပြန်လည်ဖြည့်စွက်ခြင်း၊ လိုအပ်သောလုပ်ငန်းများ ပြောင်းလဲခြင်းများ ဆောင်ရွက်ပြီးတဲ့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ဖြည့်စွက်ခွင့်ပြုငွေများမှာ ဌာနများအတွက် မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များ ဖြစ်သည်ဟု ယူဆပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရာခိုင်နှုန်းများစွာပါဝင်သည့် အတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ် ကျပ် သန်းပေါင်း ၁၄၉၂.၆၀၅ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၁၅၉၅၈.၉၆၂ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၇၄၅၁.၅၆၇ သန်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်းနှင့် အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးက ရှင်းလင်းတင်ပြသွားသလို ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီကလည်း အစီရင်ခံစာတင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က ဥပဒေ(မူကြမ်း)တစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဥပဒေ(မူကြမ်း)မှာ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း) ဖြစ်ပါတယ်။ ယခု ဦးစိုင်းထွန်းညဏ်က ဥပဒေ(မူကြမ်း) တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း) နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဆီကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်လုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တွင် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးသည်ကို လေ့လာတွေ့ရှိရပါတယ်။ အခြားသစ်တောနဲ့ပတ်သက်သည့်ဥပဒေမှာလည်း ယေဘုယျဆန်တဲ့ဥပဒေဖြစ်နေသည့်အတွက် အမှန်တကယ်အောက်ခြေမှာလက်တွေ့အသုံးချသည့်နေရာမှာ ထိန်းသိမ်းကာကွယ်နိုင်ခြင်းမရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ကျေးရွာများတွင် သဘာဝရေထွက်တော၊ ရေထိန်းတောကနေထွက်ရှိလာတဲ့ အင်း၊ စမ်းရေများကိုအဓိကမှီခိုပြီး သုံးစွဲရတာဖြစ်ပါတယ်။ ယခုလက်ရှိအချိန်လူဦးရေတိုးလာ၍သော်လည်းကောင်း၊ စီးပွားရေးတိုးချဲ့မှုသော်လည်းကောင်း သဘာဝရေထွက်တော၊ ရေထိန်းတောသည် နှစ်စဉ်စတေးခံနေရပါတယ်။ ရေထွက်တောနှင့်ပတ်သက်ပြီး ကျေးရွာနဲ့ရေထွက်တောကြားတွင် အခြားသောအစိုးရမှစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေလွတ်၊ မြေလပ်ပုံစံမျိုးလည်း ပေါ်ပေါက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ အမှန်တကယ် ကျေးရွာများတွင် သဘာဝရေထွက်တောဧရိယာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ချင်သော်ငြားလည်း မြေပြင်တွင် လုပ်ငန်းရှင်များသော်လည်းကောင်း၊ အခြားစီးပွားရေးလုပ်ငန်းရှင်များသော်လည်းကောင်း၊ ပုံစံ(၁၀၅)၊ ပုံစံ(၇)၊ ဂရန်စသည်တို့ကို သက်ဆိုင်ရာ အစိုးရဆီမှထုတ်ယူပြီး သဘာဝရေထွက်တောကို

များစွာထိခိုက်စေနိုင်တဲ့ လုပ်ဆောင်ချက်များ၊ မြေဖို့ခြင်းများ၊ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ခြင်းကြောင့် သဘာဝရေထွက်တောနှင့် ရေထိန်းတောကို များစွာစတေး ခံနေရတာကို လေ့လာတွေ့ရှိရပါတယ်။ အဓိကအားဖြင့် ဥပမာ- မိုးနဲတွင် ဒီကိုစ္စကို အကြီးအကျယ် လွှတ်တော်ထဲကိုရောက်နေပါပြီ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝရေထွက်တော၊ ရေထိန်းတောအပါအဝင် ၎င်းပတ်ဝန်းကျင်တွင်ရှိနေသော ရေထွက်ခြင်းကို အထောက်အပံ့ ပြုနေတဲ့ သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းကာကွယ်ဖို့လိုအပ်ပါတယ်။ လူသားတို့ရဲ့ ရာသီသီးနှံ၊ နှစ်တိုသီးနှံ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ လူနေအိမ်အဆောက်အဦများ တိုးချဲ့ခြင်းနှင့် စီးပွားရေးလုပ်ဆောင်ချက်များ၊ လူသားတို့ပယောဂများကြောင့် သဘာဝရေထွက်တော ရေအရင်းအမြစ်ဟာဆိုရင် ဖျက်စီးခြင်းမှ ကာကွယ်ဖို့ လိုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သတ္တဝါတို့ရဲ့ အနာဂတ်အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတောအရင်းအမြစ်များ ထိန်းသိမ်းပြီး ရာသီဥတုပြောင်းလဲမှု အနာဂတ်ရေရှားပါးမှု ပြဿနာများကို ကြိုတင်ကာကွယ်ရန်အတွက် ရည်ရွယ်ရင်း ဒီဥပဒေကိုရေးဆွဲ တင်သွင်း ရခြင်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၆ (ခ) (၂)အရ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ဥပဒေမူ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါ သလားခင်ဗျား။

ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းညာဏ်ရဲ့ ဥပဒေ(မူကြမ်း)ကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၃၆(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြား

ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါကဆွေးနွေးမည့်အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ (၁၃-၃-၂၀၁၉)ရက်နေ့ အရောက် ပေးပို့ကြပါရန် အသိပေးပြောကြားလိုပါတယ်။

**ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ၏ "နှစ်စဉ်ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက် ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ထောက်ခံချက်အပြင်သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ မိုင်းရှူး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် လာရောက်လေ့လာကြသူ လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမိမိမဲဆန္ဒနယ်တွင် အဖြစ်အပျက်များနှင့် အနည်းငယ်နှိုင်းယှဉ်တင်ပြရမည်ဆိုရင် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေအပြင် ဖွံ့ဖြိုးရေးရန်ပုံ

ငွေ သိန်း(၁၀၀၀)နှင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး လုပ်ငန်းများမစတင်မီ တင်ဒါဆွဲစဉ်ကာလမှာပဲ ကွင်းဆင်းစစ်ဆေးပြီးစီးကြောင်း ထောက်ခံစာအတွက် ထောက်ခံ လက်မှတ်ရယူကြပါတယ်။ အဲ့ဒီနောက် လုပ်ငန်းဆောင်ရွက်စဉ်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီး ချိန်အထိ ဘာမှမသိရှိရဘဲ လွှဲပြောင်းပြီးမှသာလျှင် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူ ကွင်းဆင်းစစ်ဆေးခြင်း ပြုလုပ်ပါတယ်။ အဲ့ဒီအခါမှာ လုပ်ငန်းနဲ့ပတ်သက်ပြီး အရည်အသွေး မပြည့်မီတာတွေ၊ စံချိန်စံနှုန်း မပြည့်တာတွေ၊ သတ်မှတ်ထားတဲ့ (Estimate) အတိုင်း ဆောင်ရွက်ထားခြင်းမရှိတာတွေကို မြင်တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေဖြင့် တင်ပြရမည် ဆိုပါက မိမိမဲဆန္ဒနယ်က ကျန်းမာရေးဌာနခွဲအဆောက်အဦတစ်ခုသည် နိုင်ငံတော်ဘဏ္ဍာငွေ သိန်းပေါင်း(၆၃၀)နှင့် ကျခံတည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။ ဆောက်လုပ်ပြီးစီးပြီး မည်သည့်အချိန်တွင် လုပ်ငန်းအပ်နှံသည်ကို ပြည်သူလူထုမှ မသိကြသည့်အတွက် ပြည်ထောင်စု အဆင့်ထိ တင်ပြမေးမြန်းခဲ့ရာမှ ဘယ်နေ့၊ ဘယ်ရက်က ဘယ်လိုအပ်နှံပြီးဖြစ်ကြောင်း ပြန်လည် ဖြေကြားစာရောက်လာပါတယ်။ ဆေးပေးခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် အရည် အသွေးမပြည့်ဝခြင်း၊ တံခါးများဖွင့်ပိတ်မရခြင်း၊ (SLAB) လောင်းထားသည့်မှာ အလွန်ပါး လှခြင်း၊ ရေအိမ်မှ ဆားဗစ်ကျင်းသို့ သွယ်တန်းထားသော ကွန်ကျူးပိုက်များ ရေပြင်ညီထက် ပိုမြင့်နေသဖြင့် ရေမဆင်းခြင်းစသည့် ပြီးပြီးရော ဖြစ်သလိုလုပ်သွားခဲ့သည့် အရည်အသွေး မပြည့်ဝမှုများစွာကို တွေ့ရှိခဲ့ရပါတယ်။

ဒါ့အပြင် အဲ့ဒီဆေးပေးခန်းကို တာဝန်ယူတည်ဆောက်ခဲ့သည့် ကုမ္ပဏီမှလည်း ဆေးပေးခန်းတည်ဆောက်ရန်အတွက် လိုအပ်သော သဲ၊ ချီပင်ကျောက်များ အပါအဝင် စက်ကိရိယာများအတွက် အသုံးပြုသော ဓာတ်ဆီ၊ ဒီဇယ်များကအစ အခြားတိုလီမုတ်စပစ္စည်း များအဆုံးကို ထုတ်လုပ်ရောင်းချသူ ဒေသခံပြည်သူများထံမှ အကြွေးစနစ်ဖြင့် ဝယ်ယူ တည်ဆောက်ခဲ့ပါတယ်။ ယခုအချိန်ထိ ကုမ္ပဏီမှ ပေးချေရန် အကြွေးသိန်း(၃၀)ကျော် ကျန်ရှိနေ သေးကြောင်းနှင့် ကုမ္ပဏီတာဝန်ခံမှ အဆင်ပြေပါက လာပေးမည်ဟုဆိုကာ ဆက်သွယ်ရန် ဖုန်းနံပါတ်တစ်လုံးပေးခဲ့ပြီး ထွက်သွားခဲ့ရာ ယခုအချိန်ထိ သတင်းအစအနမရ ဖြစ်နေပါ ကြောင်း ပြည်သူများမှတိုင်တန်းလာမှ သိရှိရပါတယ်။

ပညာရေးအဆောက်အဦတစ်ခုအနေဖြင့် အ.ထ.က ကျောင်းဆောင်တစ်ဆောင်ဟာ ၂၀၁၇ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့ပြီး သက်တမ်း(၂)နှစ်ကာလအတွင်းမှာ ပြတင်းတံခါး ကျည်းခွေများသည် မည်သည့်သစ်သားဖြင့်ပြုလုပ်ထားသည်မသိ၊ လက်သည်းဖြင့် ဖဲ့ထုတ်ရင် တောင် အမှုန့်ဖြစ်သွားတဲ့အခြေအနေဖြစ်နေသည်ကို တွေ့ရပါတယ်။ အဲ့ဒါအပြင် မှန်ချပ်များ

ပါးလျခြင်း၊ အဆောက်အဦတည်ဆောက်ရာတွင် သဲနှုန်းများပြီး ဘိလပ်မြေနည်းခြင်း စသည့် စံချိန်စံညွှန်းပြည့်မီအောင် မပြုလုပ်ခဲ့သည့်အတွက် အဆောက်အဦဟာ အချိန်ကာလတစ်ခု မတိုင်မီ အက်ကွဲပျက်စီးနေခြင်းများကို တွေ့ရှိရပါတယ်။ ယခုအချိန်တွင် ကျောင်းအုပ်ဆရာမ ကြီးမှ ရနိုင်သမျှနည်းလမ်းများဖြင့် ရန်ပုံငွေရှာကြံပြီး ကျည်းခွေဘောင်များ အသစ်လဲလှယ် တပ်ဆင်ခြင်း၊ အက်ကွဲကြောင်းများ ပြန်လည်ဖာထေးခြင်းများ လုပ်ဆောင်နေရပါတယ်။

နောက်တစ်ခု ဒေသဖွံ့ဖြိုးရေး(CSR) ရန်ပုံငွေဖြင့် တည်ဆောက်သွယ်တန်းခဲ့သော လျှပ်စစ်မီးသည် ကျပ်သိန်း(၅၀၀၀)ကုန်ကျပြီး ဌာနမှတာဝန်ယူဆောက်လုပ်တယ်လို့ပဲ သိရပါ တယ်။ စတင်သွယ်တန်းစဉ်မှစဖြစ်ခဲ့သည့် ပြဿနာများသည် ယခုအချိန်ထိ ပြီးစီးနိုင်ခြင်း မရှိသေးပါဘူး။ ဝန်နှင့်အားမမျှသော (Transformer) များကြောင့် မီးရသော်ငြားလည်း မီးအား မနိုင်သည့်အတွက် လျှပ်စစ်မီးနှင့်ပတ်သက်ပါက ပြည်သူများ၏ နေ့စဉ်ဘဝပြဿနာများနှင့် တွေ့ကြုံနေရဆဲဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာစွာ လာရောက်ရှင်းပြ ပေးရန် ပြည်သူများမှ တောင်းဆိုထားပါတယ်။

လွှတ်တော် ကျပ်သိန်း(၁၀၀၀)နှင့် လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေမှာလည်း လွှတ်တော် ကိုယ်စားလှယ်တွေက လုပ်ငန်းကို စိစစ်ရွေးချယ်ပေးရတဲ့ အခန်းကဏ္ဍမှာပဲ ပါဝင်ရပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့် ကုမ္ပဏီတို့လက်ဝါးရိုက် လုပ်ဆောင်သွားမှုကြောင့် အရည် အသွေးမပြည့်မီသော လုပ်ငန်းများဖြစ်ခဲ့ပါတယ်။ မနှစ်က ဖွံ့ဖြိုးရေးရန်ပုံငွေထဲမှ ကျပ်သိန်း (၅၀)နဲ့ ချပေးခဲ့တဲ့ ရေကာတာအသေးစားတစ်ခုဟာ တစ်နှစ်ပင်မပြည့်မီကာလမှာပဲ ပြိုကျပျက် စီးခဲ့ပါတယ်။ အခု ကျွန်တော် တင်ပြသွားတာတွေဟာ ပကတိမြေပြင်က အဖြစ်အပျက်အမှန် တွေဖြစ်ပြီး အခြားမဲဆန္ဒနယ်နဲ့ အလားတူပြဿနာများ ဖြစ်ပေါ်လျက်ရှိတာကိုလည်း ကြားသိရ ပါတယ်။ ဒါတွေကို အစိုးရအနေဖြင့် ထိထိရောက်ရောက် အရေးယူ ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးတာကို တွေ့ရပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေး ဆိုတဲ့ အဖွဲ့နဲ့ လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တွေဟာ (Quality Control)ကို ဘယ်လိုစံနှုန်းတွေနဲ့ စစ်ဆေးတာလဲ ဆိုတာတော့မသိရှိရပါဘူး။

နိဂုံးချုပ်အနေဖြင့် တင်ပြရရင် အဆိုရှင်တင်သွင်းပြောကြားသွားသလိုပဲ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးပိုင်းကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ နိုင်ငံ၏ဘဏ္ဍာငွေ အလဟဿမဖြစ် စေရေး၊ ထိရောက်ပြီးအရည်အသွေးပြည့်ဝသော လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ပြည်သူ အတွက် အမှန်တကယ် အကျိုးရှိသော အောင်မြင်ဖြစ်ထွန်းသော လုပ်ငန်းများဆောင်ရွက်နိုင် စေရေးတို့ကို ရှေးရှုလျက် အပြန်အလှန်ထိန်းကျောင်းခြင်း သဘောကိုဆောင်သော ကိစ္စရပ်ဖြစ် သည့်အတွက် အဆိုရှင်တင်သွင်းသော “နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်

ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကိုလေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဒေါ်မေရီရှို့၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းအဆိုနှင့်ခပ်ဆင်ဆင်မေးခွန်း တစ်ခု ပုံမှန်အစည်းအဝေးမှာ ကျွန်တော်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဖြစ်တဲ့ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်က ပြည်ထောင်စု ညွှန်ကြားစာမှာ ကုမ္ပဏီများငွေထုတ်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များ၏ လက်မှတ် မလိုဘူး။ Q.C အဖွဲ့၏ ထောက်ခံချက်နဲ့ပဲ ငွေထုတ်နိုင်တယ်လို့ ဖြေကြားဖူးပါတယ်။ အလားတူ (၁၁.၂.၂၀၁၉) ရက်နေ့ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင်လည်း ကျွန်တော်က ကြယ်ပွင့်ပြ မေးခွန်း တစ်ခုဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံချက်ရယူခြင်းမရှိသည့်အခါ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်မည်နည်းဟူသော မေးခွန်းကို မေးမြန်းခဲ့ရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်ထောင်စုနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများမှာ ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်သဖြင့် ပြည်ထောင်စုအစိုးရ၏ အစီအစဉ်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ အစိုးရဘတ်ဂျက်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြစ်စေ၊ ပြည်နယ်ဘတ်ဂျက်ဖြစ်စေ ဆောင်ရွက်ရာတွင် အလေအလွင့်အနည်းပါးဆုံးဖြစ်ရန်၊ စံချိန်စံနှုန်းပြည့်မီရန်၊

ပြဿနာမဖြစ်ပွားစေရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များမှ ကြိုတင်စိစစ်သင့်သည်ဟု ယူဆပါတယ်။

ပြည်နယ်အစိုးရကဖွဲ့စည်းပေးတဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့ Q.C ဆိုတာ အားလုံးဌာနဆိုင်ရာဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ သူတို့မှာ ဌာနဆိုင်ရာလုပ်ငန်းများလည်း ရှိတော့ မအားမလပ်တာများပါတယ်။ ပြီးတော့ ကျွန်တော်တို့မြို့နယ်ဟာ (Conflict Area) နယ်မြေဖြစ်တဲ့အတွက် ဌာနဆိုင်ရာဝန်ထမ်းများဟာ အထက်အမိန့်မရရင် ကျေးရွာတွေဆင်းလို့ မရပါဘူး။ ကွင်းမဆင်းနိုင်တဲ့အတွက် ကုမ္ပဏီများ၏လုပ်ငန်းများ၊ အမှန်တကယ် ပြီး/ မပြီးကို မသိနိုင်ပါဘူး။

ငွေထုတ်တဲ့အစီအစဉ်အရ လုပ်ငန်း၂၅% ပြီးတိုင်း ကျသင့်ငွေ ၂၅% ကို ထုတ်ရမယ်ဆို တော့၊ တချို့လုပ်ငန်းတွေဟာ လုံးဝမပြီးသေးဘဲ ငွေတော့ ၁၀၀% ထုတ်ပြီးသွားပြီလို့ သိရပါတယ်။

နောက်မှ အရည်အသွေးမပြည့်မီခြင်း၊ လူထုတွေမကျေနပ်ခြင်းများကြောင့် ကွင်းဆင်းရာ တွင် လုပ်ငန်းအမှန်တကယ် မပြီးသေးကြောင်းတွေ့ရှိရပါတယ်။ အလားတူဖြစ်ရပ်မျိုး အခြားမြို့ နယ် များတွင်လည်း ဖြစ်ပေါ်လျက်ရှိကြောင်းကို တွေ့ရှိရပါတယ်။

မိမိတို့မြို့နယ်တွင် ဖြစ်ပေါ်ခဲ့သည့် သာဓကတစ်ခုကို တင်ပြရလျှင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနဘတ်ဂျက်ဖြင့် ဟဲခမ်း- အုမ်းစွပ်- ကွမ်ဟယ်လမ်းပိုင်း (၁)မိုင် (၅)ဖာလုံကို ကျောက်ချောလမ်းပြုလုပ်ရန် ငွေကျပ်(၁၂၂.၅)သန်းဖြင့် နမ့်ဆန်မြို့ အခြေစိုက် မျိုးမြန်မာပြည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရာတွင် လုပ်ငန်းပြီးမြောက် မှုမရှိခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းကြောင့် ဒေသခံရဟန်းသံဃာတော်များ၊ ပြည်သူလူထုများမှ ဝိုင်းဝန်းတင်ပြခဲ့ပါတယ်။

၎င်းကိစ္စများကို (၂၉.၆.၂၀၁၈)ရက်နေ့တွင် ကျွန်တော်နှင့်အတူ Third Party အဖွဲ့တို့ လိုက်လံစစ်ဆေးရာတွင် စံချိန်စံညွှန်းမပြည့်မီဘဲ အမှန်တကယ် ပျက်စီးနေကြောင်း တွေ့ရှိရ ပါတယ်။ Q.C အဖွဲ့ကို မေးမြန်းကြည့်ရာတွင် ၁၀၀% ပြီးစီးလို့ ငွေလည်း ၁၀၀% ထုတ်ပြီးသွားပြီလို့ သိရပါတယ်။ ငွေထုတ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီး၊ နတလမှလည်း လက်မှတ်ထိုးပြီးဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော် ပြည်နယ်အစိုးရ ထံ စာဖြင့်တင်ပြထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အနည်းငယ်အသုံးပြုခွင့် ပြုပါခင်ဗျား။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသော Quality Control အဖွဲ့သည် အလုပ်မဖြစ်သည်ကို မျက်မြင်ပဲဖြစ်ပါတယ်။

ဒီလိုဖြစ်တဲ့အတွက် နိုင်ငံတော်ဘတ်ဂျက်လည်း အလဟဿဖြစ်ပါတယ်။ လူထုလည်း အမှန်တကယ်မခံစားရပါဘူး။ ဇီးသီးသည်ဖန်းမောက်တယ်ဆိုတာ ဒါကိုပြောတာပါ။ ဒါကိုကြည့်ခြင်းအားဖြင့် နေရာတိုင်းတွင် စာအုပ်ကြီးအတိုင်း လုပ်လို့မရဘူးဆိုတာ ထင်ရှားပါတယ်။ အမှန်တကယ် မြေပြင်အနေအထားနဲ့ စာအုပ်ထဲကပါသည့်အတိုင်း တလွဲစီဖြစ်နေတယ်ဆိုတာ ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ပြင်ပတွင် ဥက္ကဋ္ဌကြီးထံတာဝန်ခံပြီး ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ခြင်း၊ အပြန်အလှန်ထိန်းညှိခြင်းဆိုသည့် တာဝန်ကြီး(၃)ရပ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ ချပေးသည့် လုပ်ငန်းများ ပြီးစီးမှု ရှိ/ မရှိ၊ ဘတ်ဂျက်လေလွင့်မှုများ ရှိ/ မရှိ၊ စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ/ မရှိဆိုသည့် စောင့်ကြည့်ခြင်းလုပ်ငန်းများကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ကျေပွန်စွာ ထမ်းရွက်လျက်ရှိပါတယ်။

သို့သော် အထက်ကချပေးသည့် စည်းကမ်းစာအုပ်နှင့် မြေပြင်တွင် အမှန်တကယ် လွန်စွာကွာဟနေသည်ကို တွေ့ရပါတယ်။ မြေပြင်ရဲ့အမှန်တကယ်အနေအထားကို လွှတ်တော် ကိုယ်စားလှယ်များသာ အသိဆုံးဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဖက်ဒရယ် ဒီမိုကရေစီစနစ်ကိုချီတက်ရာတွင် ဗဟိုချုပ်ကိုင်မှုစနစ် (Centralization)ကို ဖြေလျော့ပြီး (Decentralization)အဖြစ် ကူးပြောင်းချိန်တန်ပြီလို့ ယူဆမိပါတယ်။

ဒါကြောင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို၏အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်

ကိုယ်စားလှယ်များအားလုံး၊ တက်ရောက်လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်တိုင်း၊ လုပ်ဆောင်တိုင်း အချို့လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဌာနမှအသိပေးလျှင် သိရှိကြပေမဲ့ ဌာနမှ အသိမပေးလျှင် မသိရှိနိုင်ကြပါ။ ဌာနမှအသိပေး၍ သိရှိခဲ့ပါက အရည်အသွေးပြည့်မီအောင် စိစစ်ရေးနှင့် ဘဏ္ဍာရန်ပုံငွေများ အလေအလွင့်မရှိစေရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြပါလိမ့်မည်။

အကယ်၍ လွှတ်တော်ကိုယ်စားလှယ်များ မသိရှိခဲ့ပါက ဌာနနှင့်ကုမ္ပဏီများအနေဖြင့် မသမာသောနည်းနှင့် အဂတိလိုက်စားသည့် အခြေအနေများဖြစ်ခဲ့ပြီး နောင်တွင်လည်းဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မ၏ဒေသ မိုးမိတ်မြို့နယ်တွင်ဖြစ်ခဲ့သော ဖြစ်စဉ်တစ်ခုကိုကိုးကား၍ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးညီညီက တစ်ရက်တွင် အရည်အသွေးမပြည့်သည့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦနှင့် ပတ်သက်ပြီး ကူညီဆောင်ရွက်ပေးရန် ပြောကြားလာခဲ့ပါတယ်။ လွယ်ယားအုပ်စု၏ ကျန်းမာရေးဌာနအဆောက်အဦဖြစ်ပြီးလျှင် လွယ်ယားကျေးရွာအုပ်စုသည် မိုးမိတ်မြို့နှင့် (၃၉)မိုင်ကွာဝေးကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ၂၅ဂဂခန့် အမြင့်တွင် တည်ရှိပါတယ်။

လွယ်ယားအုပ်စုတွင် လွယ်ယားရွာတုန်ဟုန်းခမ်းရွာ၊ မန်ခမ်းရွာ၊ မန်ကြိန်းရွာစသည့် ရွာတို့ပါဝင်ပြီး လူဦးရေမှာ ၁ဂဂဂ ဦးခန့်ရှိရာ ကချင်တိုင်းရင်းသားများ နေထိုင်ကြပါတယ်။

လွယ်ယားကျေးရွာအုပ်စု၏ ကျန်းမာရေးဌာန အဆောက်အဦဆောက်လုပ်ခွင့်ကို ၂ဝ၁၆-၂ဝ၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေ ငွေလုံးငွေရင်းဖြင့် ကျပ်သန်း (၆၂)သန်းရရှိခဲ့ပါတယ်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှာ ဂလက်စီစတား (လားရှိုး) ဖြစ်ပါတယ်။ အဆောက်အဦဖြစ်မြောက်ရေးအတွက် လွယ်ယားကျေးရွာအုပ်စု အုပ်ချုပ်ရေး

မှူးအပါအဝင် ကျန်းမာရေးဝန်ထမ်းနှင့် ဖွဲ့စည်းပေးကာ ကုမ္ပဏီက (၃.၁.၂၀၁၇)ရက်နေ့တွင် လုပ်ငန်းစတင် အကောင်အထည်ဖော်ခဲ့ပါတယ်။

သို့သော် အခက်အခဲအမျိုးမျိုးကြောင့် လုပ်ငန်းသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသော်လည်း မပြီးစီးနိုင်ခဲ့ပါဘူးရှင်။ ဆိုးဝါးလှတာကတော့ အရည်အသွေးမမီ၊ စံချိန်စံညွှန်းနှင့် မကိုက်ညီသည့် ထိုအဆောက်အဦကို ဆောက်လုပ်သည့်ကုမ္ပဏီအားအရည်အသွေးပြည့်မီအောင် လိုအပ်ချက်များ ပြန်လည်လုပ်ဆောင်ပေးရန် တွန်းအားမပေးတာပါပဲ။ မြို့နယ်တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌက မြို့နယ်ဆရာဝန်ကြီးကို နောက်ဆုံးကျန်ရှိသည့် ငွေ ၂၅% ထုတ်နိုင်ရေးလက်မှတ်ထိုးခိုင်းသည့် ဖိအားပေးမှုဖြစ်ပါတယ်။

ကုမ္ပဏီကို စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး ပြန်လည်ပြုလုပ်ရမည့်နေရာများကို ပြန်လည်ပြုပြင်ပေးရန်နှင့် လုပ်ကိုင်ဆောင်ရွက်ပြီးစီးမှု အခြေအနေမှတ်တမ်း ဓာတ်ပုံနှင့်တကွ ကျေးလက်ကျန်းမာရေးအဆောက်အဦဖြစ်မြောက်ရေးကော်မတီ၏ သဘောထားပါမှသာ ကျန်ငွေထုတ်ယူသင့်ပါကြောင်း ဆွေးနွေးတိုက်တွန်းခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူကို ကိုယ်စားပြုကာ မှန်ကန်စွာရပ်တည်ပြီး ပြည်သူအကျိုးရှိရန် ရည်ရွယ်၍ ဆောင်ရွက်နေကြသူများသာဖြစ်ပါတယ်။ ကုမ္ပဏီနှင့်ဌာနအကြား မရိုးသားမှုများ မဖြစ်ပေါ်လာစေရေးအတွက် လုပ်ငန်းအဆင့်ဆင့်ကို သိရှိရန်လိုအပ်ပါတယ်။ Q.C စစ်မည်ဆိုပါကလည်း သက်ဆိုင်ရာဌာနများက အကြောင်းကြားရန်လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုကာ သတိပေးခြင်းနှင့် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့အကြောင်းကြားရန် လိုအပ်ပါတယ်။

သက်ဆိုင်ရာဌာနများအနေဖြင့် Q.C စစ်ပြီးလျှင် ပြီးစီးမှုအခြေအနေကို ကြည့်ရှုသုံးသပ်ကာ သက်ဆိုင်ရာဌာနမှ ထောက်ခံချက်ပေးခြင်း၊ မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့နှင့် အဆင့်ဆင့်သော တည်ဆောက်ရေးကော်မတီအဖွဲ့တို့မှ ထပ်ဆင့်ထောက်ခံခြင်းတို့ဖြင့် ကုမ္ပဏီများကို ငွေထုတ်စေခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့် လုပ်ဆောင်ကြရပါတယ်။ ဤတွင် မလွန်ဆန်နိုင်သည့် အကြောင်းအရာများကြောင့်လည်းကောင်း၊ ငြင်းပယ်၍ မရနိုင်သည့် အကြောင်းတရားများကြောင့်လည်းကောင်း အချို့ဌာနများက လက်မှတ်ထိုးပေးလိုက်ရသည့် ဖြစ်စဉ်များရှိနေသည်မှာ အမှန်ပင်ဖြစ်ပါတယ်။

၎င်းဖြစ်စဉ်နည်းတူ ဆင်တူဖြစ်စဉ်များ ကျွန်မတို့၏ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတို့၌ ဖြစ်ပေါ်မှုမရှိစေရေးနှင့် ထိန်းကျောင်းသင့်သည်ဟု ရည်ရွယ်လျက် ဒေါ်မေရီရှို့

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီး စီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံ ချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက် ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုအား အကြံပြုထောက်ခံဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းမင်းသိန်း က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းသိန်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြု ခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းဆိုတဲ့ တာဝန်တွေကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကိုယ်စားပြုခြင်းတာဝန်ဖြစ်တဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို သက်ဆိုင် ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင် ရွက်ပေးရတာဖြစ်ပါတယ်။ အဲ့သလိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးပြည့်မီအောင်၊ ပြည်သူ့ဘဏ္ဍာများအလေအလွင့်မရှိအောင် စောင့်ကြည့် ထိန်းညှိခြင်း တာဝန်ဖြင့်လည်း လုပ်ကိုင်ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် တစ်ခုအတွင်းဖြစ်ပေါ်ခဲ့သည့် အကြောင်းအရာတစ်ခုအား ဥပမာထားပြီး တင်ပြဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ မိမိအရှေ့တွင် ဆွေးနွေးသွားသည့် ကိုယ်စားလှယ်ကြီးများ၏ ဥပမာ အကြောင်းအရာများ တူညီနေတာကိုတွေ့ရှိခဲ့ရပြီး ကျွန်တော်ကတော့ မတူညီသည့် အကြောင်းအရာများကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

မြို့နယ်တစ်ခု၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးဌာနခွဲတစ်ခု၏ အဆောက်အဦဆောက်လုပ်ရာတွင် မြို့နယ်၏အခြေအနေအရ ဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့် မြို့နယ်ကို တာဝန်ယူဆောက်လုပ်ခဲ့သော ကုမ္ပဏီအား လုပ်ငန်းပြီးစီးစစ်ဆေးမှုကို သက်ဆိုင်ရာ တာဝန်ရှိသူများမှစစ်ဆေးခြင်းမပြုဘဲ၊ လုပ်ငန်းပြီးစီးကြောင်း မြို့နယ်ဆရာဝန်ကြီးမှသာ လက်မှတ်ထိုးပေးခဲ့ပါတယ်။ ဆရာဝန်ကြီးမှလည်း မလွဲသာမရှောင်သာသော အကြောင်းများ ကြောင့် ထိုးပေးခဲ့ရသည်ဟု လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၎င်းအဆောက်အဦအား တာဝန်ရှိသူများ

သွားရောက်စစ်ဆေးသည့်အခါ အရည်အသွေးမပြည့်မီဘဲ ပြီးစီးခြင်းမရှိတာကို တွေ့ရှိရ၍ ဥပဒေအရ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် ကုမ္ပဏီအနေဖြင့် ဒေသခံများအတွက် အခက်အခဲမဖြစ်ပေါ်သော်လည်း ဆရာဝန်အား အရေးယူလျှင် မြို့နယ်တွင် ဆရာဝန်ဆုံးရှုံးရပြီး အသစ်ဆရာဝန်တစ်ယောက်ရောက်ဖို့မှာ ခက်ခဲလှပါတယ်။ ဖွံ့ဖြိုးမှု အားနည်းနေသော မြို့နယ်များမှာ ကျန်းမာရေးအခက်အခဲများ၊ မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေသခံများမှ မိမိတို့ထည့်ဝင်ငွေများဖြင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ခဲ့ရတာတွေကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် မလိုလားအပ်သော ကျန်းမာရေးပြဿနာများ၊ ဒေသအတွက်လိုအပ်ချက်များ၊ အခက်အခဲအခြေအနေများမဖြစ်ပေါ်လာစေရန် လိုအပ်သောကြောင့် ဒေသခံပြည်သူများမှာ ၎င်းအဆောက်အဦအား အရည်အသွေးပြည့်မီစေရန်၊ ပြည့်စုံစေရန် မိမိတို့၏ထည့်ဝင်ငွေများဖြင့် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရသည့် သာဓကများလည်းရှိပါတယ်။

သို့ပါသောကြောင့် အလားတူဖြစ်ရပ်များ နောင်အခါမဖြစ်ပေါ်စေရေး၊ ပြည်သူ့ဘဏ္ဍာများအလေအလွင့်မရှိအောင် ဆောင်ရွက်ရေးတို့အတွက် ဒေါ်မေရီချို့၊ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တင်သွင်းသော **“နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသော **“နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ် အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်**

**အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို မိမိအနေဖြင့် အဆိုပါစကားလုံးအနေအထားအရ အကြံပြုသုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် ရှိသည့်အနက် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကို တာဝန်ခံရသလို သက်ဆိုင်ရာဝန်ကြီးချုပ်များမှာလည်း နိုင်ငံတော်သမ္မတကို တာဝန်ခံရပါတယ်။ ယနေ့တင်သွင်းသည့်အဆိုတွင်လည်း ရှေ့တွင်ကိုယ်စားလှယ်များ ရှင်းပြသွားသည့်အတိုင်း မြေပြင်အနေအထားနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရမှ သိရှိသည့်အနေအထားများမှာ အင်မတန်မှ ကွဲပြားနေသည်ကိုလည်း ဆွေးနွေးသွားသည့် အချက်များမှ သိရှိနိုင်ပါတယ်။ ဥပမာ တင်ဒါခေါ်ယူသည့်ပွဲများကို လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားသည့်အခါတွင် သက်ဆိုင်ရာတင်ဒါမှာပါဝင်သည့် ဝန်ကြီးများမှ ကုမ္ပဏီများသည် တင်ဒါအောင်မြင်ပါက လွှတ်တော်ကိုယ်စားလှယ်များထံ BP,BQ ဒီဇိုင်းများကို ပေးရမည်ဟု လမ်းညွှန်ထားသော်လည်း လိုက်နာမှုမရှိသည်မှာ သိသာပေါ်လွင်နေပြီးဖြစ်ပါတယ်။ ထိုနည်းတူပင် သက်ဆိုင်ရာဝန်ကြီးလက်အောက်ရှိ ဌာနဆိုင်ရာများသည်လည်း ပူးပေါင်းပါဝင်မှုအားနည်းနေသည်ကို တွေ့ရှိရပါတယ်။ တင်ဒါအောင်သည့် ကုမ္ပဏီတစ်ခုသည် သက်ဆိုင်ရာမြို့နယ်တွင် လုပ်ငန်းလည်ပတ်မည်ဆိုပါက သက်ဆိုင်ရာအဓိကတာဝန်ရှိတဲ့ မြို့နယ်အခြေခံပုဂ္ဂိုလ်များ အသိဆုံးဖြစ်ပါတယ်။ ကုမ္ပဏီများမှာလည်း ဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်း လိုက်နာရမည်ကိုသိရှိသော်လည်း လိုက်နာခြင်းမရှိပါဘူး။ မိမိတို့ လွှတ်တော်မှ မေးခွန်းများမေးမြန်းတိုင်း လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း ဖြေကြားသွားသည့်အတိုင်း လာမည့်ဘဏ္ဍာနှစ်တွင် တင်ဒါရကုမ္ပဏီများကို လွှတ်တော်ကိုယ်စားလှယ်များထံ စာချုပ်မိတ္တူပေးပို့မည်ဟု ပြောကြားခြင်းများလည်းရှိပါတယ်။ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များမှ လွှတ်တော်ကိုယ်စားလှယ်များထံ လာရောက်ပေးပို့ရမည်ဟု မိမိတို့အနေဖြင့်နားလည်ထားပါတယ်။ တင်ဒါအောင်ကုမ္ပဏီများ မိမိတို့မြို့နယ်အတွင်း ရောက်ရှိလာပြီးမှ မည်သူ့ကိုပေးရမှန်းမသိဖြစ်ရပါတယ်။ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များမှ တင်ဒါကုမ္ပဏီများကို တိကျသည့်လမ်းညွှန်မှုပေးရန် မိမိအနေဖြင့် အကြံပြုလိုပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ (၁/၂၀၁၇) ညွှန်ကြားချက်အတိုင်းကြည့်မည်ဆိုပါက လိုက်နာရမည့်တင်ဒါလုပ်ထုံးလုပ်နည်းများ၊ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျင့်သုံးရမည့်လုပ်ငန်းလမ်းညွှန်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကို ကြည့်မည်ဆိုပါက အစိုးရအဖွဲ့မှ တာဝန်ယူ/ တာဝန်ခံဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ ထိုနည်းတူပင် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါမျိုးတွင် အဆိုအတိုင်း လွှတ်တော်ကိုယ်စားလှယ်သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရမည့် အပိုင်းကို ပြန်စဉ်းစားကြည့်မည်ဆိုပါက

တာဝန်ယူ/ တာဝန်ခံမှုကြားတွင် သက်ရောက်သွားမှာ ဖြစ်ပါတယ်။ သမ္မတရုံးညွှန်ကြားချက်များတွင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဌာနမှတာဝန်ရှိသည့် ကိုယ်စားလှယ်များ နှင့်သာကော်မတီတွင် ထည့်သွင်းရေးဆွဲရမည်ဟု လုပ်ထုံးလုပ်နည်းတွင် ပါရှိပြီးဖြစ်ပါတယ်။ ငွေအပ်သူနှင့် ငွေလက်ခံသည့် အပိုင်းတွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ သွားရမှာဖြစ်ပါတယ်။ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်မှုအားနည်းချက်ကြောင့်သာ အဆင်မပြေမှုများဖြစ်ပေါ်နေခြင်း ဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံရာတွင် ၂၅%ပြီးစီးပြီး ၂၅% ထုတ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်မှ လက်မှတ်ထိုး ပါကတာဝန်ယူမှု၊ တာဝန်ခံမှုတွင် ပါဝင်သွားမည်လားဆိုတာကို လွှတ်တော်ကိုယ်စားလှယ် များမှစဉ်းစားရန်လိုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာအစိုးရအဖွဲ့မှ မေးခွန်းများမေးမြန်းချိန်တိုင်း လုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ငန်းအရည်အသွေးမပြည့်မီပါက အချိန်မရွေးတိုင်ကြားပါ။ ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကို အချိန်မရွေးခေါ်ယူပါ။ ကျွန်တော်တို့ ကွင်းဆင်းပါ့မယ်။ Third Party နှင့် စာချုပ်ချုပ်သည့်အပိုင်းက တစ်ပိုင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ နယ်မြေကျယ်ဝန်းမှုအရ နယ်မြေစိုးမိုးမှုအရပါ အဆင်ပြေသည့် အပိုင်းရှိသလို၊ အဆင်မပြေသည့် အပိုင်းများလည်းရှိသည်ကို သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ကို သိစေလိုပါတယ်။ ဒါကြောင့် မိမိအနေဖြင့် လုပ်ငန်းပြီးစီးမှုအလိုက် မဟုတ်ဘဲ လုပ်ငန်းပြီးစီးပြီး နောက်ဆုံးငွေထုတ်သည့် အချိန်တွင် လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန် ဆိုသည့်အသုံးအနှုန်းဖြင့် ပြင်ဆင်ပြီး အဆိုကို ဆက်လက်ပြီးသွားမည်ဆိုပါက အားလုံးအတွက် အဆင်ပြေနိုင်မည်ကို ယုံကြည်မိပါကြောင်းပြောကြားရင်း ဒေါ်မေရီရှို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသည့် **“နှစ်စဉ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးမှ တင်ပြဆွေးနွေးရာမှာ ထောက်ခံဆွေးနွေးခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ အကြံပြုသုံးသပ်ခြင်းအပါအဝင် တွေ့ရှိရပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (င)အရ သက်ဆိုင်ရာ ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ **"နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသော သက်ဆိုင်ရာ ခရိုင်/ မြို့နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ နှစ်ပတ်လျှင် တစ်ကြိမ်၊ Third Party(MES) အဖွဲ့မှ မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီနှင့်အတူ တစ်ပတ်လျှင်တစ်ကြိမ်၊ လုပ်ငန်းများဆောင်ရွက်စဉ်အတွင်း အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် အရည်အသွေးစစ်ဆေးရန် အပ်နှံထားသော MICEG အဖွဲ့မှလည်း လုပ်ငန်းများ၏ တိုးတက်မှုမှတ်တမ်းများကို ပုံမှန်စစ်ဆေးလျက်ရှိပါတယ်။

Third Party (MES) အဖွဲ့နှင့် MICEG အဖွဲ့တို့မှ တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးရာတွင် တွေ့ရှိချက်များ၊ အကြံပြုချက်များ၊ လုပ်ငန်းပြီးစီးမှုအခြေအနေများအား ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ နှစ်ပတ်လျှင်တစ်ကြိမ် ပေးပို့လျက်ရှိပါတယ်။ ပေးပို့လာသည့်အချက်များအား သက်ဆိုင်ရာ ခရိုင်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင်များမှ ကွင်းဆင်းစစ်ဆေးမှုများ

ပြုလုပ်၍ တွေ့ရှိချက်အစီရင်ခံစာအား တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့ထံ လစဉ်ပေးပို့လျက်ရှိပါတယ်။ လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေထုတ်ယူခွင့်တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံမှသာလျှင် လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူခွင့်ကို ပြည်နယ်အရည်အသွေးစစ်ဆေးရေးကော်မတီမှ ခွင့်ပြုပေးလျက်ရှိပါတယ်-

(၁) ခရိုင်/ မြို့နယ် အရည်အသွေးစစ်ဆေးရေးကော်မတီ၏ စစ်ဆေးမှုမှတ်တမ်း (Third Party ပူးတွဲ တင်ပြ)၊

(၂) လုပ်ငန်းနှင့် သက်ဆိုင်သည့် ဌာန(လုပ်ငန်းပိုင်ရှင်)မှ ဌာနတွင် တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ ထောက်ခံချက်၊

(၃) Third Party (သို့မဟုတ်) MICEG ၏ လုပ်ငန်းပြီးစီးမှု ထောက်ခံချက်၊

(၄) လုပ်ငန်းနှင့် သက်ဆိုင်သည့်ဌာန(လုပ်ငန်းပိုင်ရှင်) အကြီးအကဲသို့ လုပ်ငန်းဆောင်ရွက်သူမှ တင်ပြသည့် လုပ်ငန်းပြီးစီးမှုအလိုက် ငွေတောင်းခံလွှာ၊

(၅) လုပ်ငန်းစာချုပ်မိတ္တူ၊

(၆) လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများဆိုပြီး အချက်(၆)ချက်ပါမှသာလျှင် ပြည်နယ်အရည်အသွေးစစ်ဆေးရေးကော်မတီမှ အရစ်ကျငွေထုတ်ယူခွင့်ပြုပါတယ်။

လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူခွင့်တင်ပြရာတွင် အားသာချက်များရှိသလို အစိုးရ၏ ရုံးလုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများနှင့် မကိုက်ညီသည့် အားနည်းချက်များလည်းရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားမှတ်ချက် ရယူခြင်းကြောင့် အားသာချက်များမှာ နိုင်ငံတော်ဘဏ္ဍာငွေအား အလေအလွင့်မရှိဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ အလေအလွင့်နည်းပါးစေရန် ထိန်းကျောင်းပေးနိုင်ခြင်း၊ လုပ်ငန်းတည်ဆောက်ရေးကာလအတွင်းဖြစ်၍ လုပ်ငန်းလိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများအား လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ညှိနှိုင်းဖြေရှင်းပေးနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ်တွင် စံချိန်စံညွှန်းများနှင့်အညီ ဒေသခံအဖွဲ့အစည်းများ၏ စိစစ်ဆောင်ရွက်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၏ အကျိုးအား မြင်သာထင်သာ ရှိစေခြင်းစသည့် အားသာချက်များ ရှိနိုင်မည်ဖြစ်ပါတယ်။

သို့သော်လည်း အားနည်းချက်အနေဖြင့် ငွေထုတ်ယူခွင့်တင်ပြမှုသည် လုပ်ငန်းပြီးစီးမှု အချိန်ကာလနှင့် သက်ဆိုင်ပါတယ်။ လုပ်ငန်းဆောင်ရွက်သူမှ လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူခွင့် တင်ပြလာသည့်အချိန်တွင် တာဝန်ဝတ္တရား များပြားလှသော လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် သဘောထားမှတ်ချက်ပေးနိုင်ရေး လုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးရမည်ဖြစ်ပါ၍ အချိန်ပေးရန် လိုအပ်ပါတယ်။ လွှတ်တော်တာဝန်များ အားလပ်သည့်အချိန်မှသာလျှင် သွားရောက်စစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လွှတ်တော်တာဝန်များ ထမ်းဆောင်နေသည့်အချိန်ဖြစ်ပါက အချိန်နှောင့်နှေး ကြန့်ကြာမှုများ ရှိလာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မူလလုပ်ငန်းတာဝန်များအပြင် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များအပေါ်တွင် သဘောထားမှတ်ချက်ပေးရန်မှာလည်း အခက်အခဲဖြစ်ပေါ်နိုင်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအတွက် ကွင်းဆင်းစစ်ဆေးရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတွင်လည်း ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတအမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ထားခြင်းများ မရှိသေးပါဘူး။ တင်ဒါလုပ်ငန်း လုပ်ထုံးလုပ်နည်း (၁/၂၀၁၇)နှင့်လည်း ကိုက်ညီခြင်းမရှိပါဘူး။ တင်ဒါလုပ်ထုံးလုပ်နည်းနှင့် ပတ်သက်ပြီး (SOP) Standard Operating Procedure ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီး/ပြည်နယ် တစ်ပြေးညီတည်းဖြစ်စေရန် ရေးဆွဲနေသည့်ကာလဖြစ်ပါတယ်။ အစိုးရလုပ်ငန်းများဖြစ်သည့် Paper Processing နှင့် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်တင်ပြသလို တာဝန်ယူမှု တာဝန်ခံမှုများနှင့် အစိုးရဌာနများကလုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လုပ်ဆောင်နေရသည့် လုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်လာခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်သည့် လုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ခြင်းဆိုသည့် လုပ်ငန်းတာဝန်များ ပျောက်ဆုံးသွားမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများ၏ အကျင့်ပျက်ချစားမှု၊ တာဝန်ယူမှု တာဝန်ခံမှုမရှိမှုများကို (PE/ DE) ဖြင့် စစ်ဆေးခွင့်ရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များလက်မှတ်ထိုးထားသောကြောင့် ပြည်သူတစ်ဦးက တိုင်ကြားမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များက အမှုတွဲတွင်ပါဝင်နိုင်သောကြောင့် လွှတ်တော်မှတစ်ဆင့် ရှုပ်ထွေးနိုင်သည့် ပြဿနာများစွာကို ဖြေရှင်းရမည်ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် အပြန်အလှန် ထိန်းကျောင်းတည့်မတ်ရမှာဖြစ်ပါတယ်။ မဏ္ဍိုင်တစ်ရပ်နှင့် တစ်ရပ်အကြား အပြန်အလှန်ထိန်းကျောင်းရမည့်အစား အပြန်အလှန်ဝင်ရောက်စွက်ဖက်မှုများ မဖြစ်ပေါ်စေဖို့လည်း အရေးကြီးပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ မြေပြင်တွင် လက်ရှိတွေ့ရှိခဲ့သည့် အခက်အခဲပြဿနာများ၊ အတွေ့အကြုံများကို ပြည်နယ်အစိုးရကို လွှတ်တော်မှ တစ်ဆင့် တင်ပြပေးသည့်အတွက် များစွာကျေးဇူးတင်မိပါတယ်။ မိမိအနေဖြင့် အကြံပြုလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းတွေ့ရှိချက်များ အရည်အသွေးမပြည့်မီမှုများ၊ အချိန်မီပြီးစီးခြင်းမရှိပါက-

(၁) လွှတ်တော်တွင် တင်ပြပြီးဆောင်ရွက်ခြင်း။

(၂) သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တိုင်ကြားခြင်းများ ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ တိုင်ကြားရာတွင်လည်း ပြည်နယ်အစိုးရအနေဖြင့် ထိထိရောက်ရောက် အရေးယူပေးရမှာလည်း ပြည်နယ်အစိုးရ၏ တာဝန်ယူမှု၊ တာဝန်ခံမှုလုပ်ငန်း တာဝန်များလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ် ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့်ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် ၎င်းအဆိုကို မှတ်တမ်းတင်ထားရှိပေးရန် တင်ပြပါတယ်။ အကယ်၍ (SOP)ရေးဆွဲပြီး ပြည်ထောင်စုအစိုးရကို ပြည်နယ်အစိုးရမှ တင်ပြထည့်သွင်းခွင့်ရရှိပါက နောင်တစ်ချိန်တွင် ဒီမှတ်တမ်းတင်အဆိုကို ပြန်လည်ဆွေးနွေးနိုင်ပါတယ်။ ယခုလက်ရှိအနေဖြင့် မိမိတင်ပြသည့်အတိုင်း မှတ်တမ်းအဖြစ် ထားရှိပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်နယ်လွှတ်တော်သို့ လေးစားစွာ တိုက်တွန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုကို မှတ်တမ်းအဖြစ်သာထားသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ယခု ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(စ)(ဆ) အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်မေရီချို၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ကျွန်မ အဆိုနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးပေးကြသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျေးဇူးတင်ပါတယ်လို့ ဦးစွာနှုတ်ခွန်းဆက်သပြောကြားအပ်ပါတယ်။ ကျွန်မအနေဖြင့် ဒီအဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ ရောက်ရှိကြသော လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများက ယုံကြည်အားကိုးရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်ကြီးများ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထက် ပြည်သူလူထုများနှင့် ပိုမိုရင်းနှီးဆက်ဆံရတာ ဖြစ်ပါတယ်။ မိမိတို့ရပ်ရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ လိုအပ်လျှင်သော်လည်းကောင်း၊ အရည်အသွေးမပြည့်မီသော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ထံသို့ ပထမဦးဆုံးတွေ့ဆုံပြီး တိုင်ပင်ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ် သက်တမ်းသည်လည်း (၃)နှစ်ကျော်ရှိပြီဖြစ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ပြန်ကြည့်မည်ဆိုပါက အချို့အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်သည့်နေရာသို့ ရောက်ရှိခြင်းမရှိ သည်ကို တွေ့ရှိရပါတယ်။ အချို့လုပ်ငန်းများသည်လည်း ပြီးစီးမှုမရှိဘဲ(၁၀၀)ရာခိုင်နှုန်းအပြီး ငွေထုတ်ပြီးသည်ကို တွေ့ရှိရပါတယ်။

ဤအဆိုတင်သွင်းရခြင်းမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများသတ်မှတ်အရည်အသွေး ပြည့်မီစွာပြီးစီးရေးနှင့် အဂတိကင်းစင်ရေးကို ရည်ရွယ်သည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူပါမယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို လွှတ်တော်ရဲ့ ဆန္ဒခံယူပြီး အတည်ပြုပေးနိုင်ဖို့အတွက် တင်ပြလာပါတယ်။ ယခု အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ် ပါတယ်။ ဒီနေရာမှာ ဆန္ဒမဲပေးဖို့အတွက် စက်ခလုတ်ကို အသုံးပြုပြီး လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဆန္ဒမဲပေးနိုင်ကြပါပြီလို့ ကြေညာမှသာ စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလိုပါတယ်။ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

မှ ဒေါ်မေရီချို့တင်သွင်းသောအဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲများပါကအဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံမဲ (၅၇)မဲ၊ ကြားနေမဲ(၂)မဲ၊ ကန့်ကွက်မဲ (၅၁)မဲ၊ မဲမပေးတာမရှိဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုသည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု(Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment)စသည့် လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးက အဆိုတစ်ရပ်ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment) နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းအောင်ကျော်ဦးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment) နှင့် လူမှုအကျိုး သက်ရောက်မှု (Social Impact Assessment) စသည့် လုပ်ငန်းစဉ်များ စနစ်တကျလေ့လာ ဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်သည် မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်ပေါကြွယ်ဝသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပါတယ်။ ပြည်နယ်ကြီးတစ်ခု ဖြစ်သည့်အားလျော်စွာ လက်ရှိလည်ပတ်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ဆဲ စီမံကိန်းလုပ်ငန်းများ၊ လျာထားချက် စီမံကိန်းလုပ်ငန်းများကို အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို မြင်တွေ့သိရှိရပါတယ်။ ဥပမာအားဖြင့် သတ္တုတူးဖော်ခြင်းစီမံကိန်းလုပ်ငန်းများ၊ စက်ရုံစီမံကိန်းလုပ်ငန်းများနှင့် ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများအပါအဝင် ဖြစ်ပါတယ်။

သို့ပါသော်လည်း အချို့သော စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာ ပတ်ဝန်းကျင်အကျိုးပြုမှုလုပ်ငန်းစဉ်များ (Environment Impact Assessment Process) နှင့် လူမှုအကျိုးသက်ရောက်မှု လုပ်ငန်းစဉ်များ (Social Impact Assessment Process) ၏ လုပ်ငန်းစဉ်များအတိုင်း လေ့လာဆန်းစစ်ချက်များ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ အားလုံးပူးပေါင်းပါဝင်မှု အလွန်အားနည်းကြောင်း လေ့လာတွေ့ရှိရပါတယ်။ အကျိုးဆက်အားဖြင့် စီမံကိန်းလုပ်ငန်းများအပေါ် ပြည်သူလူထုများ၏ ကန့်ကွက်မှု၊ ဆန့်ကျင်ဆန္ဒပြမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းများဖြစ်ကြောင်း လေ့လာသုံးသပ်မိပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိသည့် လေ့လာဆန်းစစ်ချက်များ ကနဦး စီမံကိန်းလုပ်ငန်း မစတင်မီ မဖြစ်မနေပြုလုပ်ရန် အထူးပင်လိုအပ်လှပါတယ်။ သို့မှသာ အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းအပေါ်မှာ ပြည်သူလူထု၏ ယုံကြည်မှုရရှိပြီး ဘဝလုံခြုံမှုအတွက်လည်း အာမခံချက်ရှိမှာဖြစ်ပါတယ်။ ပြည်သူများ၏ ယုံကြည်စိတ်ချရသည့် ပြည်သူများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်သူ့အစိုးရ

အဖြစ်လည်း ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ လေ့လာဆန်းစစ်ချက်များ ပြုလုပ်မှသာ လုပ်ငန်း အကောင်အထည်ဖော်ရာတွင်လည်း အဆင်ပြေချောမွေ့မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ **“ရှမ်းပြည်နယ်တွင်းရှိ သယံဇာတများထုတ်ယူသော စီမံကိန်းလုပ်ငန်း များနှင့် အခြားမည့်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုး သက်ရောက်မှု (Environment Impact Assessment Process)နှင့် လူမှုအကျိုး သက်ရောက်မှုလုပ်ငန်းစဉ်များ (Social Impact Assessment Process) စသည့်လုပ်ငန်း စဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှု ရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့၏ လူနှင့်သဘာဝ ပတ်ဝန်းကျင်သည် အမှီသဟဲပြုပြီး အညမညဖြစ်ခြင်းသည် မိမိတို့ဖတ်ခဲ့သည့်စာများ၊ လူနေမှုစနစ်တွေကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ ပတ်ဝန်းကျင်ပျက်စီးပါက လူတွေ ဒုက္ခရောက်နိုင်ပါတယ်။ လူကြောင့်လည်း သဘာဝပတ်ဝန်းကျင် ပျက်စီးရာတွင် လူပဲဒုက္ခ ရောက်နိုင်ပါတယ်။ အခြားနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာ ပျက်စီးမှုများသည် လူကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကို သိရှိနားလည်ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများ ဖွဲ့စည်းထားခြင်းလည်းရှိပါတယ်။ ရှမ်း ပြည်နယ်လွှတ်တော်တွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင်လည်း သဘာဝကြောင့် လူထုများဒုက္ခခံရခြင်းများလည်း ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ မိုင်းကိုင်မြို့နယ်အတွင်း ကျောက်မီးသွေးတူးဖော်ခြင်း

လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် လူထုများဒုက္ခခံစားရပြီး ဆန္ဒပြမှုများကို သိရှိပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ သဘာဝသယံဇာတထုတ်ယူသည့် စီမံကိန်းမှသာမက အခြားမည်သည့်စီမံကိန်းကိုမဆို ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းသည့် **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်း လုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု(Social Impact Assessment)စသည့်လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့်အနေဖြင့် လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းအောင်ကျော်ဦး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၄ နည်းဥပဒေခွဲ(ဂ)အရ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းအောင်ကျော်ဦးရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက တင်သွင်းတဲ့ အဆိုကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့်

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(ကြာသပတေးနေ့) နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (စတုတ္ထနေ့ )မှတ်တမ်း

# ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

# ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

# [ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေး ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၂.၁၄%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်

ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၁၄-၂-၂၀၁၉ ရက် (စတုတ္ထနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် ( ၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၃)ဦးရှိပြီး ယနေ့ ခွင့်ပန် ကြားသူ (၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၅)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစား စွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ(၂၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲ(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်းကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်( ၅ )ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးသွားမှာကတော့ သူဖုန်းစားနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ကလေးငယ်များကို သူဖုန်းစားကြီးတွေက အသုံးချခြင်းမှာ သူဖုန်းစားမျိုးဆက်များကို ပြန့်ပွားရာရောက်စေပါတယ်။ သူဖုန်းစားမျိုးဆက်ပြန့်ပွားလာခြင်းဟာ နိုင်ငံတော်အတွက် လည်းမကောင်းပါဘူး။ ဒါကြောင့် သူဖုန်းစားတွေရဲ့ဘဝကို ကယ်တင်ဖို့ လိုအပ်ပါတယ်။

သူတို့ရဲ့ဘဝ၊ သူတို့ကလေးတွေရဲ့ စားဝတ်နေရေးအတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကူညီပေးကြဖို့လိုပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀) ကျော်က ကျွန်တော်တို့နိုင်ငံတွင် အဂတိတို့၊ လာဘ်ပေးလာဘ်ယူတို့၊ ချစားမှုတို့ကို မတိုက်ဖျက်နိုင်ဘဲ ကြီးထွားလာခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ သူဖုန်းစားများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာမယ်ဆိုရင် နိုင်ငံအတွက် အကျိုးမရှိဘဲ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေတဲ့အတွက် ပပျောက်အောင်ကြိုးစားကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သတိထားမိအောင် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါအတိုင်း မေးခွန်းမေးမြန်းအပ်ပါတယ်-

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၏ လူစည်ကားသည့်နေရာများတွင် သူဖုန်းစားများသည် အသက်(၁၀)နှစ်အောက် ကလေးငယ်များနှင့်အတူ ငွေတောင်းခံနေသည်ကို တွေ့မြင်ရပါတယ်။ အဆိုပါကလေးငယ်များသည် အမျိုးသမီးများဖြစ်သည့်အတွက် ၎င်းတို့၏ ဘဝလုံခြုံရေးအတွက် အရေးကြီးသကဲ့သို့ ပညာကို ဆက်လက်သင်ကြားနိုင်ခြင်းမရှိပါက သူဖုန်းစားဘဝက လွတ်မြောက်နိုင်မည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ သူဖုန်းစားများနှင့် ၎င်းတို့၏ကလေးငယ်များ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်နှင့် မသန်စွမ်းများ ငွေတောင်းခံခြင်းများမရှိစေရန်အတွက် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်ပြီး ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၏ လူစည်ကားရာ နေရာများတွင် သူဖုန်းစားများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းများ လူနေမှုဘဝ တိုးတက် မြင့်မားလာစေရန်နှင့် ငွေတောင်းခံခြင်းများမရှိစေရန်အတွက် မည်သို့ကူညီစီမံ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါသည် ဟူသောမေးခွန်းကို ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မြို့တော်၊ တောင်ကြီးမြို့၏ လူစည်ကားရာနေရာများတွင် သူဖုန်းစားများ၊

အသက်(၁၀)နှစ်အောက် ကလေးငယ်များ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် သီးခြားစီမံဆောင်ရွက်နိုင်မှု မရှိသေးသော်လည်း ငွေတောင်းစားခြင်းများ လုပ်ဆောင်သည်ကိုသိရှိရပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၁၀/၂၀၁၃)၊ ပုဒ်မ၁၇(ဃ)နှင့်အညီ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့်ပူးပေါင်း၍ ၎င်းတို့နေထိုင်ရာဒေသသို့ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်းတို့ကို ကူညီဆောင်ရွက်လျက်ရှိပါတယ်။

မသန်စွမ်းသူများ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန်နှင့် ငွေတောင်းခံခြင်းများ မရှိစေရန်အတွက် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပါပြဋ္ဌာန်းချက်တွင် မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး အခန်း(၉)၊ အပိုဒ်(၃၂)ဖော်ပြချက်အရ မိဘမဲ့၊ ခိုကိုးရာမဲ့မသန်စွမ်းသူများ နေထိုင်ရပ်တည်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။ မသန်စွမ်းသူများအား ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအသင်းအဖွဲ့များကို ရန်ပုံငွေမှ ထောက်ပံ့ပေးရမည်။ အပိုဒ်(၃၃)(က)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ မသန်စွမ်းသူများအသင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ ပုဂ္ဂလိကစေတနာရှင်များနှင့် ညှိနှိုင်းပြီး မသန်စွမ်းသူများအတွက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည့်မူဝါဒများ၊ စီမံချက်များချမှတ်ထား လျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့ တွင် မသန်စွမ်းသူများအတွက် သင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်သွားရန် စီစဉ် ထားရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပထမဦးစွာ ဆုတောင်းမေတ္တာပို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် ဖြစ်ပါတယ်။ ကျွန်တော်ံ့အနေနဲ့ ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်ရေး စီမံကိန်းလုပ်ငန်းများတွင် သီးခြားရန်ပုံငွေ (၄)ရပ် အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်သည့်အချိန်မှစ၍ ပိတ်သိမ်းသည်အထိ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ကုစားရေးအတွက် သီးခြားရန်ပုံငွေ (၄)ရပ် ထည့်သွင်းဆောင်ရွက်ရသည်ဟု သိရှိရပါတယ်။

အဆိုပါ သီးခြားရန်ပုံငွေ (၄)ရပ်ကို သီးခြားငွေစာရင်း အကောင့်များဖြင့် အစိုးရထိန်းချုပ်မှုအောက်တွင် ထည့်သွင်းရတာဖြစ်ပြီး အဆိုပါ သီးခြားရန်ပုံငွေ (၄)ရပ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ သတ္တုမိုင်း ပိတ်သိမ်းမှုရန်ပုံငွေ၊ ပြန်လည်ကုစားရန်ပုံငွေနှင့် အာမခံစပေါ်ဆိုပြီးရှိသည်ဟု သိရှိရပါတယ်။

အဆိုပါသီးခြားရန်ပုံငွေများသည် အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းတွင် မပါဝင်ဘဲ ပွင့်လင်းမြင်သာမှု အားနည်းစွာဖြင့် အစိုးရခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရတယ်လို့ သိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ် သုံးနှစ်တာကာလမှာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအပါအဝင် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ ငွေအသုံးချမှုနှင့် ပတ်သက်ပြီး သိရှိရခြင်း မရှိပါဘူး။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်း အဓိကတရားဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများရှိသော မိုင်းရှူးမြို့နှင့် တာလေမြို့များတွင် ဒေသဖွံ့ဖြိုးရေးနှင့် မိုင်းပိတ်သိမ်းမှုအတွက် ပြန်လည်ကုစားရေးလုပ်ငန်းများ မဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် မေးမြန်းလိုသည်မှာ အဆိုပါ သီးခြားရန်ပုံငွေ(၄)ရပ်နှင့် ပတ်သက်၍-

(က) သတ္တုတူးဖော်ရေးလုပ်ငန်းများစွာကို ယခင်အစိုးရကာလများတွင် ခွင့်ပြုခဲ့သည်ဖြစ်၍ သီးခြားရန်ပုံငွေ(၄)ရပ် ငွေစာရင်းလက်ကျန်နှင့် လက်ရှိကာလထိ ငွေစာရင်းလက်ကျန်ကို သိရှိလိုပါသည်။

(ခ) အဆိုပါ သီးခြားရန်ပုံငွေ(၄)ရပ်သည် ခေါင်းစဉ်အလိုက် အသီးသီးလျာထားသတ်မှတ်ထားပြီးဖြစ်သဖြင့် ပွင့်လင်းမြင်သာစွာဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်ရေးစီမံကိန်းလုပ်ငန်းများတွင် သီးခြားရန်ပုံငွေ(၄)ရပ်နှင့် ပတ်သက်၍-

(က) သတ္တုတူးဖော်ရေးလုပ်ငန်းများစွာ ယခင်အစိုးရကာလများတွင် ခွင့်ပြုခဲ့သည်ဖြစ်၍ သီးခြားရန်ပုံငွေ(၄)ရပ် ငွေစာရင်းလက်ကျန်နှင့် လက်ရှိကာလထိ ငွေစာရင်းကို သိရှိလိုပါကြောင်း။

( ခ) အဆိုပါ သီးခြားရန်ပုံငွေ(၄)ရပ်သည် ခေါင်းစဉ်အလိုက် အသီးသီးလျာထားသတ်မှတ်ထားပြီးဖြစ်သဖြင့် ပွင့်လင်းမြင်သာစွာဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းဟူသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်ရေးစီမံကိန်းလုပ်ငန်းများတွင် သီးခြားရန်ပုံငွေ (၄)ရပ်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖွင့်လှစ်ထားရှိခြင်း မရှိပါ။ ကျွန်တော်တို့ အစိုးရလက်ထက်တွင် Other Account ဆိုပြီး အကုန်ဖျက်သိမ်းရန် ညွှန်ကြားထားသဖြင့် အကုန်ဖျက်သိမ်းပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၅. ၆. ၂၀၁၅) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၂၂/ ၂၀၁၅ အရ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနသို့ ရှမ်းပြည်နယ်အတွင်း သတ္တုလုပ်ငန်းလုပ်ကိုင် အသုံးပြုခွင့်ပေးကြောင်း သဘောထားမှတ်ချက်ပြုသည့် အခါ ကုမ္ပဏီမှ မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်အတွက် မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွင့်လှစ်ထားရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးရန်ပုံငွေ ငွေစာရင်းအမှတ်၊ CF-001437 သို့ အောက်ပါ သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းစေခဲ့ပါသည်-

(က) ရွှေ(၁)ကေလျှင် ငွေကျပ်(၁)သိန်းနှုန်း၊

( ခ) ခဲ၊ သွပ်၊ ကြေးနီ၊ ခနောက်စိမ်း၊ သံ၊ ခဲမဖြူ၊ သလင်းကျောက်ဘရိုက်တီး၊ မဂ္ဂနီးစ်၊ မာဘယ်၊ ဒိုလိုမိုက် သတ္တုများအတွက် (၁)ကေလျှင် ငွေကျပ်(၅) သောင်းနှုန်း၊

( ဂ) ကျောက်မီးသွေး (၁)ကေလျှင် ငွေကျပ်(၃)သောင်းနှုန်း၊

(ဃ) ဂေါ်ဒန် (၁)ကေလျှင် ငွေကျပ်(၂)သောင်းနှုန်း၊

( င) ထုံးကျောက်(၁)ကေလျှင် ငွေကျပ်(၁)သောင်းနှုန်း၊

အဆိုပါ ရန်ပုံငွေများအား ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သုံးစွဲခဲ့ပြီး (၃၁.၃.၂၀၁၆) ရက်နေ့အထိ ဘဏ်ငွေစာရင်း လက်ကျန်မှာ ငွေကျပ်သန်း(၂၂.၈၁၂) ကျန်ရှိပါတယ်။

၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ယခင်အစိုးရ သက်တမ်းကာလအတွင်းရန်ပုံငွေစာရင်းများအား ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေး၍ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ (၁၈.၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ ၁၇၆ (၁)/ ၈ / သမ္မတရုံးဖြင့် ငွေစာရင်းလက်ကျန်ငွေများအား ရှမ်းပြည်နယ်ငွေထုတ်စာရင်း အမှတ်၊ MD-021932 သို့ လွှဲပြောင်းပေးသွင်းရန် အကြောင်းကြားလာမှုအရ (၁၇.၈.၂၀၁၈) ရက်စွဲပါ ချလန်အမှတ်(၁)ဖြင့် လွှဲပြောင်းပေးသွင်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၁၅.၁၀.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၁၃၉၄၂/ ၆ - ၂၃၇/ အစရ(ရှမ်း)ဖြင့် အဆိုပါငွေစာရင်းကို ပိတ်သိမ်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက် မြို့နယ်တွင် ECCD သင်တန်းဆင်းပြီး တာဝန်ထမ်းဆောင်လျက်ရှိသော မူလတန်းကြို ကျောင်းဆရာမများသည် လုပ်သက်ကြာမြင့်ပြီး နိုင်ငံတော်အစိုးရမှ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ် နိုင်ခြင်း မရှိသေးသောကြောင့် လစာငွေပုံမှန်မရရှိကြခြင်း၊ ဂရုဏာကြေးသာ ရရှိကြခြင်းနှင့် လုပ်ငန်းခွင်တွင်းအဆင်မပြေမှုဖြစ်ပေါ်နေကြသောဒေါ်ကျော်ရီရီထွန်း၊ဒေါ်မူမူချစ်၊ ဒေါ်အေးမြတ်သူ၊ ဒေါ်မာမာချို၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်နှင်းဝတ်ရည်မှုံနှင့် ဒေါ်ကျော်ရီရီသန့်တို့သည် ၎င်းတို့၏ဘဝ များရပ်တည်နိုင်ရန် အခက်အခဲများရှိနေပါသဖြင့် ဤမေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု၍ မှတ်ပုံတင်ထားသော နေ့ကလေးထိန်းကျောင်း များဟာ နောင်တွင်အစိုးရ၏ လူမှုဝန်ထမ်းဦးစီးဌာနအောက်သို့ ရောက်ရှိမယ်လို့ သိရှိရပါတယ်။ ထိုသို့ပြောင်းရွှေ့ရောက်ရှိပါက အဆိုပါပုဂ္ဂိုလ်များအား သင့်လျော်သော နေ့ကလေးထိန်းကျောင်း များတွင် တရားဝင်နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း

အစီအစဉ် ရှိ/ မရှိတို့အား သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာအောင်သန်းမောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်တဲ့ ရပ်စောက်မြို့နယ်တွင် ECCD သင်တန်းဆင်းပြီး တာဝန်ထမ်းဆောင်လျက်ရှိသော မူလတန်းကြိုကျောင်း ဆရာမ(၇)ဦးအား လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုထားသော နေ့ကလေးထိန်းကျောင်းများတွင် တရားဝင်နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ဆိုသော မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူကြိုကျောင်းများတွင် ဆရာမများ ခန့်အပ်မည်ဆိုလျှင် ECCD သင်တန်းဆင်းပြီး ဆရာမများအား ဦးစားပေး ခန့်ထားပေး လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း လိုအပ်လျက်ရှိသော မြို့နယ်ရုံးခွဲများနှင့် မူလတန်း ကြိုကျောင်းများ ထပ်မံဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တောင်ကြီး ခရိုင်၊ ရပ်စောက်မြို့နယ်တွင်လည်း လူမှုဝန်ထမ်းရုံးဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ် (၁)မြို့နယ်တိုင်းတွင် မူကြိုကျောင်း(၁)ကျောင်း ဖွင့်လှစ်ရန် ညွှန်ကြားချက်များ ချမှတ်ထားရှိပါတယ်။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်တွင် လူမှု ဝန်ထမ်းဦးစီးဌာနပိုင် မူလတန်းကြိုကျောင်း (၁) ကျောင်းဖွင့်လှစ်ပြီးဖြစ်ပါ၍ မြို့နယ်လူမှု ဝန်ထမ်းရုံးဖွင့်လှစ်မည်ဆိုပါက သင်တန်းဆင်းပြီး ဆရာမများအား ဦးစားပေးခန့်အပ်သွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးခိုင်ညီညီကျော်က ဒုတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဆက်လက်ပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်"**

အဆိုအား အတည်ပြုထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ အဆိုအတည်ပြုပြီးသည်မှာ ယခုဆိုလျှင် တစ်နှစ်ခွဲ နီးပါးရောက်ရှိလာသော်လည်း မည်သည့်အခြေအနေထိ ဆောင်ရွက်ထားရှိ သည်ကို မသိရှိရသည့်အတွက် ယနေ့အထိ ဆောင်ရွက်ထားရှိမှု အခြေအနေအရပ်ရပ်အား သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မေးမြန်းသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်"** အဆိုအား အတည်ပြုထားရှိပြီးသည်မှာ ယခုဆိုလျှင် တစ်နှစ်ခွဲနီးပါး ရောက်ရှိလာသော်လည်း မည်သည့်အခြေအနေထိ ဆောင်ရွက်ထားရှိသည်ကို မသိရှိရသည့်အတွက် ယနေ့အထိ ဆောင်ရွက်ထားရှိမှု အခြေအနေအရပ်ရပ်အား သိရှိလိုပါသည်မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ဗိုလ်မှူးကြီး လှဦးမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန်"** အဆိုအား အတည်ပြုထားရှိပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ ၃၀-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/၄-၃(၄၅၀)/ လွှတ်တော်(ရှမ်း)ဖြင့် အကြောင်းကြားလာမှု အပေါ် ပင်ဖြစ်မြို့ဖွဲ့စည်းနိုင်ရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ အမှုတွဲတည်ဆောက် ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၁- ၉- ၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၁၃၂၁/ ၅-၁၁၂/ အစရ (ရှမ်း)ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။

ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု အား ပင်ဖြစ်မြို့အဖြစ်ဖွဲ့စည်းရန် လိုအပ်သော အချက်အလက်များဖြစ်သည့် ပြည်သူလူထု၏ သဘောထားနှင့် ထောက်ခံချက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အစည်းအဝေးမှတ်တမ်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ကွင်းဆင်းတိုင်းတာ ဆောင်ရွက် ချက်၊ မြို့နယ်/ ခရိုင်/ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့၏ ကွင်းဆင်းစစ်ဆေးချက်တို့ဖြင့်

ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ်တိုးမြှင့်နိုင်ရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ အမှုတွဲတည်ဆောက်၍ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃- ၁၀- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/ ၁-၂ (၆၉)ဦး ၁ ဖြင့် တင်ပြလာမှုကို ၂၃-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂-၁၁/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၅ (လ) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်းအမှုတွဲနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြနိုင်ရေးအတွက် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ၃၀- ၁၁- ၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၅၃၄၇/ ၅-၁၁၂/ အစရ (ရှမ်း)ဖြင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတရုံးသို့ ထောက်ခံတင်ပြထားရှိပြီး ဖြစ်ပါကြောင်း ဆောင်ရွက်ထားရှိမှုအခြေအနေအား ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်း (၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး နှစ်ဖြာသော သုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု၊ မန်တုံကျေးရွာနှင့် မန်းပူးကျေးရွာအုပ်စု၊ လုံကန်ကျေးရွာကြားရှိ လမ်းသည် အရှည်(၈မိုင်၃ဖာလုံ)ခန့်ရှိပြီး ၎င်းရွာကို အမြဲပြုသွားလာနေသော ကျေးရွာအုပ်စုများမှာ မိုင်းယုကျေးရွာအုပ်စု၊ ပန်ကိုင်-ပန်လော့ကျေးရွာအုပ်စု၊ မန်နိမ်းအွန်ကျေးရွာအုပ်စု၊ မန်းပူးကျေးရွာအုပ်စုရှိ ပြည်သူများက အသုံးပြုသွားလာနေသော လမ်းကြောင်းတစ်ကြောင်း ဖြစ်ပါတယ်။

၎င်းလမ်းမှာ ခြောက်သွေ့ရာသီတွင် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် သွားလာနိုင်သော်လည်း မိုးတွင်းကာလတွင် မိုးများသောဒေသဖြစ်သဖြင့် သွားလာရန်များစွာ ခက်ခဲပါတယ်။ မိုးတွင်းကာလတွင် အရေးပေါ်လူနာရှိပါက လူနာများကို ကားဖြင့်ပို့ဆောင်ရန်

မရသည့်အတွက် ထမ်းစင်ဖြင့် အချိန်(၄)နာရီခန့်ကြာမြင့်စွာ ပို့ဆောင်ရသည်ကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လောလောဆယ်ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူစေရန် ကျောက်ပြုန်းခင်းလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ခင်းပေးမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်၏ ကြယ်ပွင့်ပြမေးခွန်းကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် မေးမြန်းခဲ့သည့် ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စုနှင့် မန်နိမ်းအွန်ကျေးရွာအုပ်စုတွင် ပါဝင်သည့်ရွာ (၇)ရွာများဖြစ်သည့် မိုင်းယု၊ ဖာဖိန်၊ မန်ကန်၊ ငေါ့ငါး၊ အထက်လီဆူရွာ၊ အောက်လီဆူရွာနှင့် ရောက်ပန်ကုန်းကျေးရွာများကို ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်း (၁၀)မိုင်နှင့် ပတ်သက်သည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်း (၁၀)မိုင်အနက် (၅)မိုင်မြေသားလမ်းကို ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားသည့်အတိုင်း ယခု ရက်ပိုင်းအတွင်း ဖောက်လုပ်နေဆဲဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျန်ကျေးရွာချင်းဆက်မြေသားလမ်း (၅) မိုင်အရှည်ကို ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း (၁၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သက်ဂါရဝပြုအပ်ပါတယ်။ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းက မေးမြန်းထားတဲ့ ကျေးလက်လမ်း(၂)လမ်းနဲ့ ပတ်သက်တဲ့ မေးခွန်းနှစ်ခုလုံးကို တစ်ဆက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စု၊ မန်တုံကျေးရွာ၊ ပန်ကိုင်-ပန်လော့ကျေးရွာအုပ်စု၊ မန်နိမ်းကျေးရွာအုပ်စုနှင့် မန်ပူးကျေးရွာအုပ်စု၊ လုံကန် ကျေးရွာကြားရှိ သွားသောမြေသားလမ်းမှာ မူဆယ်လမ်းမကြီးမှ မိုင်းယု- လုံကန်-

မန်ပူး-ပိန်းပွန်းလမ်း ၁၈ မိုင်ဖြစ်ပြီး လမ်းအဆင့်အတန်း Class A၊ ဦးစားပေးအဆင့်(၁) ဖြစ်ပါတယ်။ ကျေးရွာ ၇ ရွာ၊ အိမ်ခြေ ၆၈၂ အိမ်၊ လူဦးရေ ၃၄၁၀ ဦး အကျိုးပြုပြီး အဆိုပါ လမ်းအမျိုးအစား ၂ မိုင်သည် ကတ္တရာလမ်း ၁ မိုင်သည် ကျောက်လမ်းဖြစ်ပြီး၊ ၁၅ မိုင်သည် မြေသားလမ်း ဖြစ်ပါတယ်။

ကျေးလက်လမ်းဦးစီးဌာန၏ (၁၃)နှစ်စီမံကိန်းအရ အဆိုပါလမ်းအား ၂၀၂၀- ၂၀၂၁ တွင် ၉/ ၄ မိုင်အား မြေမှ ကတ္တရာအဆင့်သို့ လည်းကောင်း၊ ၂၀၂၁-၂၀၂၂ တွင် ၁/ ၄ မိုင်အား မြေသားလမ်းချဲ့၍ မြေမှ ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃တွင် ၁/၀ မိုင်အား ကျောက်မှ ကတ္တရာ ခင်းခြင်းလုပ်ငန်းအဖြစ်လည်းကောင်း၊ ၂၀၃၀-၂၀၃၁ တွင် ၃/၀ မိုင်အားမြေမှ ကတ္တရာခင်းခြင်း လုပ်ငန်းအဖြစ်လည်းကောင်း အသီးသီးဆောင်ရွက်သွားရန် လျာထားရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မြေလမ်း အရှည် ၈/၃ မိုင်အား ကျောက်ဖြူန်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ကွတ်ခိုင်မြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီက ဦးစားပေး လိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာ ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံသွားမည် ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် ရှောက်ပန်ကုန်းလမ်းကို တင်ပြပါမယ်။ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုကျေးရွာအုပ်စုနှင့် မန်နိမ်းကျေးရွာအုပ်စုတွင်ပါဝင်သည့် မိုင်းယု ကျေးရွာ၊ ဖာဖိန်ကျေးရွာ၊ မန်ကန်ကျေးရွာ၊ ငေါ့ငါးကျေးရွာ၊ အောက်လီဆူကျေးရွာ၊ အထက် လီဆူကျေးရွာနှင့် ရှောက်ပန်ကုန်း၊ စုစုပေါင်းကျေးရွာ(၇)ရွာ ဆက်သွယ်သည့် ကျေးရွာချင်း ဆက်လမ်း၊ မိုင်းယု- ဖာဖိန်- မန်ကန်- ငေါ့ငါး-အောက်လီဆူ- အထက်လီဆူ- ရှောက်ပန်ကုန်း လမ်း ၁၀ မိုင်မှာ လမ်းအဆင့်အတန်း Class A ၊ ဦးစားပေးအဆင့် (၂) ဖြစ်ပါတယ်။ ကျေးရွာ ၅ ရွာ၊ အိမ်ခြေ ၄၇၆ အိမ်၊ လူဦးရေ ၂၃၈၀ ဦးကို အကျိုးပြုသောလမ်းဖြစ်ပြီး လက်ရှိလမ်း အမျိုးအစားမှာ မြေသားလမ်းဖြစ်ပါတယ်။ (၁၃)နှစ်စီမံကိန်းအရ အဆိုပါ လမ်းအား ၂၀၂၀ - ၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်တွင် မြေမှကျောက်လမ်းအဖြစ်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာ ရေးနှစ်တွင် ကျောက်မှကတ္တရာလမ်းအဖြစ်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ထည့်သွင်းလျာထားရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော မိုင်းဟု- ဖာဖိန်- မန်ကန်- ငေါ့ငါးလမ်း ၅ မိုင် မြေသားလမ်းဖောက်လုပ် ခြင်းလုပ်ငန်းအဖြစ် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ် မေးမြန်းသည့် မြေသားလမ်း ၁၀ မိုင်အနက် ကျန်ရှိသည့် ငေါ့ငါး- အောက်လီဆူ-

အထက်လီဆူ- ရှောက်ပန်ကုန်းလမ်း ၅ မိုင်ကို မြေသားလမ်း ဆက်လက် ဖောက်လုပ်နိုင်ရေး အတွက် ကွတ်ခိုင်မြို့နယ်၏ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည် ဖော်ရေးကော်မတီက ဦးစားပေးလိုအပ်ချက်အလိုက် ထည့်သွင်းလျာထား တင်ပြလာပါက သက်ဆိုင်ရာ ဘဏ္ဍာ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ယခု ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ၏ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ကျေးရွာများ အသီးသီးတွင် မီးသတ်အရန်ရေလှောင်ကန် တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူဦးရေစုစုပေါင်း (၅၁)သန်းကျော် နေထိုင်လျက်ရှိသည်ကို ၂၀၁၅ သန်းခေါင်စာရင်းအရ လေ့လာသိရှိခဲ့ရပါတယ်။ ၎င်းထဲမှ လူဦးရေစုစုပေါင်း (၇၀%)ဟာ ကျေးလက်နေပြည်သူလူထုများဖြစ်ကြောင်းလည်း လေ့လာ သိရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ တောင်ကုန်း၊ တောင်တန်း၊ တောင်စွယ် တောင်တန်း၊ လျှိုမြောင်များစွာဖြင့် ဖွဲ့တည်ထားပြီး အင်မတန်လှပတဲ့ ချယ်ရီတောင်တန်းမှ ဝန်းရံထားသော ပြည်နယ်ဖြစ်ပါတယ်။ ဒါကြောင့်လည်း တောင်ကုန်း၊ တောင်တန်းများနှင့် ဖွဲ့တည်ထားသော ပြည်နယ်ဖြစ်သည့် အားလျော်စွာ မြို့ပေါ်ရပ်ကွက်နေ ပြည်သူလူထုထက် ကျေးလက်နေ ပြည်သူလူထုက ပိုမိုများပြားနေသည်မှာလည်း တောင်တန်းပေါ်မှ ချယ်ရီများ ၏ သက်သေပင်ဖြစ်ပါတယ်။

အစိုးရ အဆက်ဆက်ကတည်းက ရန်သူငါးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်တဲ့ မီးဆိုတဲ့ ရန်ကိုကာကွယ်ရန် မြို့နယ်အသီးသီးသို့ မီးသတ်ဝန်ထမ်းများခန့်ထားခြင်းနှင့် အဆောက်အဦ ယာဉ်ယန္တရားများကိုဖြည့်ဆည်းပြီး အရှိန်အဟုန်မပြတ်ဆောင်ရွက်နေတာကို မြင်တွေ့ခဲ့ရတာ ယနေ့တိုင်ဖြစ်ပါတယ်။ သို့ပေမဲ့လည်း မီးသတ်ကားများဟာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့ လူဦးရေအနည်းစုသာနေထိုင်တဲ့ မြို့ပေါ်ရပ်ကွက်တွင်သာ မီးဘေးအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်တဲ့ လူဦးရေအများစုသာနေထိုင်တဲ့ ကျေးရွာအုပ်စု အသီးသီးသို့ သွားရောက်ကာကွယ်နိုင်ခြင်း မရှိသည်ကိုလည်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ မိုင်းခတ်မြို့နယ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ ၂၀၁၆ခုနှစ်၊ မတ်လ (၁၂)ရက်နေ့တွင် နောင်လုံးအုပ်စု၊ အင်လုံကျေးရွာတွင် အိမ်ခြေ ၅၀ ခန့် မီးလောင်မှုဖြစ်ပွားခဲ့ပါတယ်။ ထိုသို့ မီးလောင်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ အချိန်မီ သတင်းရရှိခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် မီးသတ်ကားများ သွားရောက်နိုင်ခြင်းမရှိသည့်အတွက် မီးလောင်မှုမငြိမ်းသတ်နိုင်ဘဲ အိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ နောက်ထပ်တစ်ခုအနေနဲ့ ၂၀၁၆ ခုနှစ်၊ မေလ (၁၉) ရက်တွင် မိုင်းနွန်းကျေးရွာအုပ်စု၊ ခမ်းနွဲ့ကျေးရွာတွင် အိမ်တစ်အိမ် မီးစတင်လောင်စဉ်က အိမ်၏ဘေးနားတွင် ကျေးလက်ဦးစီးဌာန၏ ရေလှောင်ကန်တည်ရှိမှုကြောင့် အဆိုပါ ရေလှောင်ကန်မှ ရေအလွယ်တကူရယူပြီး အိမ်ခြေ (၄၀)ခန့်ရှိတဲ့ တစ်ရွာလုံးမီးဘေးအန္တရာယ်မှကင်းဝေးခဲ့ရပါတယ်။ ထို့ကြောင့် ကျေးလက်နေပြည်သူလူထု၏ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ကျေးရွာအသီးသီးများတွင် မီးသတ်အရန်ရေလှောင်ကန် တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်အတွင်း နေထိုင်လျက်ရှိသော ကျေးလက်နေ ပြည်သူလူထုများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး လှဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်း ကျေးလက်နေ ပြည်သူများ၏ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ကျေးရွာအသီးသီးတွင် အရန်

မီးသတ်ရေလှောင်ကန် တည်ဆောက်ပေးနိုင်မှု အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဗိုလ်မှူးကြီးလှဦးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျေးလက်နေ ပြည်သူများ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နည်းဥပဒေ ၁၄(စ)အရ “ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုမီးဘေးလုံခြုံရေး အဖွဲ့”တွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးသည် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကြက်ခြေနီ တပ်ဖွဲ့ဝင် ၁ ဦး၊ မီးဘေးလုံခြုံရေးလုပ်ငန်း စိတ်ပါဝင်စားသည့် ရပ်မိ/ ရပ်ဖ (၃)ဦးသည် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့မှူးအား အတွင်းရေးမှူးအဖြစ် လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့များသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နည်းဥပဒေ ၁၉(က)မှ (ဥ)အထိ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုဆောင်ရွက်ရပါမယ်။ အဆိုပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအနက် ကျေးရွာမီးဘေးလုံခြုံရေးအတွက် ကျေးရွာသူ/ ကျေးရွာသားများပါဝင်သည့် အရန်မီးသတ် ဖွဲ့စည်းရန်စီမံခြင်း၊ ကျေးရွာအတွင်း မီးကင်းချထားခြင်း၊ ကျေးရွာအတွင်းရှိ နေအိမ်/ ဈေးဆိုင်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးစသည့် ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများထားရှိရေးအတွက် စည်းရုံးခြင်း၊ တစ်အိမ်တက်၊ တစ်အိမ်ဆင်း မီးစစ်ဆေးခြင်း၊ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေးကို အသင့်စီမံ ဆောင်ရွက်ခြင်း၊ အချိန်မီ မီးငြိမ်းသတ်ရန် အပေါ့စားမီးသတ်စက် ထားရှိရန်စည်းရုံး ဆောင်ရွက်ခြင်း၊ ရေရယူငြိမ်းသတ်နိုင်ရန် အနည်းဆုံး ရေဂါလန် (၃၀၀၀)ဆံ့ မီးသတ် ရေလှောင်ကန်များ တည်ဆောက်ရေး၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ကျေးရွာအသီးသီးတွင် ရေလှောင်ကန်များ တည်ဆောက်ပေးနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ စီမံကိန်းလျာထား ဆောင်ရွက်ပေးလျက်ရှိပြီး လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း(၁၀၀၀)ဖြင့် လိုအပ်သော ရေလှောင် ကန်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မည်မျှရှိပြီး၊ မှတ်ပုံတင် ယာဉ်လိုင်းများတွင် တရားမဝင်ယာဉ်များ ပြေးဆွဲနေမှုအား တွေ့ရှိပါက မည်ကဲ့သို့ အရေးယူ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း၏ ရည်ရွယ်ချက်မှာ ၂၀၁၃ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ အမှတ် ၉ တွင် ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေကိုဆိုလိုခြင်းလည်း ဖြစ်ပါတယ်။ ၂၀၁၃ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ အမှတ် ၉ တွင် ပြဋ္ဌာန်းပါရှိတဲ့အတိုင်း ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိက သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်လည်းကောင်း၊ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ကြီးကြပ်နိုင်ရန်အလို့ငှာ ပုဂ္ဂလိကယာဉ်များ စည်းကမ်းရှိစွာ စနစ်တကျ ပြေးဆွဲနိုင်ရေး အတွက် ရှမ်းပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းထားတဲ့ ဥပဒေကိုလည်း ဆိုလိုတာ ဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်တွင် နည်းဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဖြေကြားသွားတဲ့ထဲမှာ ပြည်နယ်အဆင့် ပုဂ္ဂလိကယာဉ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်တယ်လို့ ဖြေကြား ထားတာကို တွေ့ရှိရတာ ဖြစ်ပါတယ်။ ဥပဒေ၏ နိဒါန်းမှာပါတဲ့အတိုင်း အင်မတန် ကောင်းမွန် တဲ့ ဥပဒေဖြစ်တာနှင့်အညီ ဥပဒေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ/ မရှိကို ထွက်ရှိပြီးဖြစ်တဲ့ ၂၀၁၃ခုနှစ်ကတည်းက ပြဋ္ဌာန်းထားပြီး၊ ၂၀၁၉ ခုနှစ်တွင် ပြည်နယ် အဆင့်အထိ ပြီးစီးတဲ့ အခြေအနေဖြစ်ပြီး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်တွေကို မြို့နယ်အလိုက် လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းဖို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရက ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များကိုအကြောင်းကြားထားပြီးဖြစ်သော်လည်း ဘယ်အချိန်ကာလမှာ နောက်ဆုံးဖွဲ့စည်းရမှာလဲလို့မပါဝင်တဲ့အပြင် ကော်မရှင်ရွေးချယ်ထားဖို့ဆိုတဲ့ အသုံးအနှုန်းများဖြင့် မြို့နယ်သို့ရောက်ရှိလာတဲ့ စာတွေများ တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေအတိုင်းသာ မှန်မှန်ကန်ကန်နဲ့ အကောင်အထည်ဖော် ဆောင်နိုင်မယ်ဆိုရင် ပြည်နယ်အတွက် ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ထားတဲ့ အခြေခံဥပဒေအရ ဇယား(၅)မှာပါဝင်တဲ့

ရှမ်းပြည်နယ်ကနေ ကောက်ခံရရှိနိုင်တဲ့ မော်တော်ယာဉ်များနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးတို့မှ မှတ်ပုံတင်ကြေးရငွေနှင့် အခွန်အခများ ကောက်ခံခွင့်ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးအပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်မှာ ဥပဒေကြမ်းအနေနဲ့ ရေးဆွဲပြီးပြင်ဆင်နေတဲ့ လမ်း၊ တံတားအခွန် ဥပဒေကို လည်း ဆောင်ရွက်တဲ့နေရာမှာ ဥပဒေ၊ နည်းဥပဒေအတိုင်း ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နိုင်မယ်ဆိုရင် သက်ဆိုင်ရာ ပြည်နယ်အတွက် အခွန်အခတွေ၊ အင်မတန်လျော့နည်းတဲ့ အခွန်အခတွေ ပြန်လည်ပြီးတော့ တိုးတက်လာမယ်လို့လည်း မျှော်လင့်ရပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ ပြည်သူတို့ရဲ့ လုပ်ငန်းလိုအပ်ချက်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ရာမှာ နိုင်ငံသားတစ်ဦးချင်းစီ၏ ပေးဆောင်ရတဲ့ အခွန်အပေါ်မှာ မူတည်နေတယ်ဆိုတာလည်း အားလုံးသိပြီး ဖြစ်ပါတယ်။ အခွန်ထမ်းပြည်သူများကလည်း အခွန်များမှန်မှန်ကန်ကန် ထမ်းဆောင်နိုင်စေရန်နှင့် အခွန်ရှောင်ခြင်းများကိုလည်း တားဆီးကာကွယ်နိုင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့မှ စောင့်ကြည့်ကြီးကြပ်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ပွင့်လင်းမြင်သာတဲ့ ခေတ်မှာ ကောက်ခံရရှိတဲ့ အခွန်အခတွေကို သုံးစွဲရာမှာ မူဝါဒများချမှတ်ပြီး သုံးစွဲနေရတဲ့ ပြည်နယ်အတွင်း အခွန်အခနှင့် ပတ်သက်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လျာထားချက်မှာ ကြည့်ရင် ငွေလုံးငွေရင်းအောက်မှာ မပါဝင်ဘဲ သာမန်ဆိုတဲ့ လိုင်စင်ကြေးအောက်မှာ မော်တော်ယာဉ်လုပ်ငန်းများပါရှိတာကို တွေ့ရတာ ဖြစ်ပါတယ်။ တရားဝင်မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းယာဉ်လို့ သုံးစွဲတဲ့နေရာတွင် နည်းဥပဒေမှာလည်း မှတ်ပုံတင်ယာဉ်ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနလက်အောက်မှာ မှတ်ပုံတင်ထားသော ယာဉ်ကိုဆိုပါတယ်။ မှတ်ပုံတင်မဲ့ယာဉ်ဆိုသည်မှာ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်မှအပ ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်မထားသော ယာဉ်ကိုဆိုလိုသည်လို့ ဖော်ပြထားတာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး မော်တော်ယာဉ်ဆိုသည်မှာ ခရီးသည်များကို သော်လည်းကောင်း၊ ကုန်ပစ္စည်းများကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေး ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း သို့မဟုတ် အကျိုးကျေးဇူး တစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော မော်တော်ယာဉ်ကို ဆိုလိုပါတယ်။ ယင်းစကားရပ်တွင် အငှားယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်တို့ပါဝင်တယ်။ ယာဉ်ပိုင်ရှင်ဆိုသည်မှာ မော်တော်ယာဉ် ဥပဒေအရ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုတွင် မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်နေသော ယာဉ်၏ပိုင်ရှင်ကို ဆိုလိုပါတယ်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်

လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် ယင်းအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ထို့ပြင် ငှားဝယ်သဘောတူစာချုပ်အရ လက်ရှိထားသည့် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ထိုသဘောတူစာချုပ်အရ ထိုမော်တော် ယာဉ်လက်ရှိဖြစ်သူလည်း ပါဝင်သည်ဟု ဖော်ပြထားတာဖြစ်ပါတယ်။ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းရာမှာ ဒီဥပဒေပြဋ္ဌာန်းချက်က အင်မတန်မှ အရေးကြီးပါတယ်။ ယာဉ်ပိုင်ရှင်ဆိုတာ ဘာကိုခေါ်မှာလဲ၊ မှတ်ပုံတင်ယာဉ်ဆိုတာဘာကိုညွှန်းမှာလဲ၊ ပြည်နယ်မှာဆိုရင်လဲ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(ရှေ့) ပုဂ္ဂလိကယာဉ် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းပြီးမှ သက်ဆိုင်ရာခရိုင်၊ မြို့နယ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းမည့် အခြေအနေဖြစ်လို့ ဥပဒေပါ ပြဋ္ဌာန်းချက်ကို အလျဉ်းသင့်လို့ တင်ပြခြင်း ဖြစ်ပါတယ်။ မော်တော်ယာဉ် အသင်းဆိုသည်မှာ ပြည်တွင်းကုန်းလမ်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားပြီး တရားဝင်ပြေးဆွဲလုပ်ကိုင်သော သယ်ယူပို့ဆောင်ရေး အသင်း သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ကုန်စည်ဂိတ်ကို ဆိုလိုပါတယ်။ မှတ်ပုံတင်ကြေး ဆိုသည်မှာ တရားဝင်ပြေးဆွဲလုပ်ကိုင်ခွင့်ပြုထားသော မော်တော်ယာဉ် အသင်းများ၊ ကုမ္ပဏီများ၊ ကုန်စည်ဂိတ်များနှင့် အဆိုပါ အသင်း၊ ကုမ္ပဏီ၊ ဂိတ်များတွင် ဝင်ရောက်ပြေးဆွဲ လုပ်ကိုင်နေသော သယ်ယူပို့ဆောင်ရေး အသင်း သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ကုန်စည်ဂိတ်ကို ဆိုလိုပါတယ်။ စည်းကြပ်ခဆိုသည်မှာ မှတ်ပုံတင်ခွင့်ပြုထားသော မော်တော်ယာဉ်အသင်းများ လက်အောက်ရှိ မော်တော်ယာဉ်များ၊ ရှမ်းပြည်နယ်အတွင်း စီးပွားရေးအလို့ငှာ ပြေးဆွဲသော ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ စစ်ဆေးကောက်ခံနေသည့် ငွေကြေးကိုဆိုလိုသည်။ ဒဏ်ကြေးဆိုသည်မှာ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ကော်မတီမှ ထုတ်ပြန်သည့် စည်းကမ်းများကို လိုက်နာမှုမရှိခြင်းအတွက် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံသည့် ငွေကြေးကိုဆိုလိုတယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းရှိ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကယာဉ်အရေအတွက်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ မှတ်ပုံတင်ကြေး၊ စည်းကြပ်ခ၊ မော်တော်ယာဉ်အသင်းရှိပါတယ်။ အစိုးရ အဖွဲ့၏ ခွင့်ပြုချက်နဲ့ ရှမ်းပြည်နယ်အတွင်းမှာ ပြေးဆွဲနေတဲ့မော်တော်ယာဉ်တွေဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်နဲ့ မှတ်ပုံတင်လိုင်စင်တွေ ထုတ်ပေးရတာ ဖြစ်ပါတယ်။ လိုင်စင်ခ၊ စည်းကြပ်ခ၊ မှတ်ပုံတင်ခ ရှိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အတွင်းမှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်လုပ်ငန်းတွေ ဘယ်လောက်ရှိလဲဆိုတာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ပြည်နယ်ပုဂ္ဂလိကယာဉ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်း ထားပြီးပြီဟု သိရတဲ့အတွက် ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားတာလဲ၊ နည်းဥပဒေအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုတာ ဖြစ်ပါတယ်။ ဒါနဲ့

တစ်ဆက်တည်းပဲ အင်မတန်မှ တွင်ကျယ်နေတဲ့ လုပ်ငန်းတစ်ခုလို့လဲ ပြောလို့ရပါတယ်။ လုပ်ငန်းလိုင်စင် နံပါတ်အနီပါ၊ ညောင်ရွှေနဲ့ ကလောမှာ နိုင်ငံခြားခရီးသွားလုပ်ငန်းတွေကို သယ်ယူပို့ဆောင် ရေးလုပ်တဲ့လုပ်ငန်း လုပ်တဲ့နေရာတွေမှာ နံပါတ်အပြာပါ၊ အခုချိန်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ ယာဉ်လိုင်းတွေမှာ အစားထိုးတရားမဝင် ယာဉ်လိုင်းတွေ ပြေးဆွဲလာတာကို တွေ့ရှိလာရသလို တိုင်ကြားလာတာတွေကိုလည်း လက်ခံရရှိလာပါတယ်။ နံပါတ်အပြာမှာကော၊ နံပါတ်အနီမှာကော မော်တော်ယာဉ်လုပ်ငန်းတစ်ခုဟာ အသင်းတစ်သင်းမှာ ကားဘယ်နှစ်စီးရှိရမယ်၊ ဘာအမျိုးအစားရှိရမယ်ဆိုတာ လုပ်ငန်းလိုင်စင်လျှောက်တဲ့အခါမှာ သက်ဆိုင်ရာ ဌာနအဖွဲ့နဲ့ အစိုးရအဖွဲ့ကို ခွင့်ပြုချက်တောင်းခံရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်ယာဉ်အမျိုးအစားကိုသုံးမယ်၊ ဘယ်ကားအမျိုးအစားကိုသုံးမယ်၊ ဘယ်စည်းကမ်းကို လိုက်နာပါမယ်ဆိုပြီးတော့ လုပ်ငန်းလိုင်စင်ချထားပေးတာ ဖြစ်ပါတယ်။ ဒါကို ခုချိန်မှာ တရားဝင်ယာဉ်လိုင်းတွေမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကို တင်ဆောင်တဲ့ နံပါတ်ပြာကားတွေတောင်မှ တရားမဝင် ပွားပြီးတော့ လုပ်ငန်းတွေ ပြေးဆွဲလာတယ်ဆိုတဲ့ဟာမှာ မှန်မှန်ကန်ကန်နဲ့ အခွန်အခတွေ ပေးဆောင်ထားတဲ့ ဝန်ထမ်းပြည်သူတွေအနေနဲ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုလို့လည်းပြော လို့ရပါတယ်။ အစိုးရအဖွဲ့အတွက်ကော ဥပဒေအရ စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်အကုန်လောက်မှာ ညောင်ရွှေမှာ ကျွန်တော်တို့ စီမံချက်တစ်ရပ်အနေနဲ့ အရေးယူဆောင်ရွက်ခဲ့တဲ့ အပိုင်းတွေလုပ်ပါတယ်။ ဒီလိုလေးတစ်ချက်လုပ်လိုက်တဲ့အပိုင်းမှာ မှန်မှန်ကန်ကန် အခွန်ဆောင်ထားတဲ့ လုပ်ငန်းလိုင်စင်ရှိထားတဲ့ ယာဉ်ပိုင်ရှင်တွေက အင်မတန်မှ အဆင်ပြေချောမွေ့နေပြီး အခုနောက်ပိုင်းမှာဆိုရင် နံပါတ်ပြာမှာတောင် မဟုတ်ဘဲနဲ့ နံပါတ်အနက်ပေါ်မှာတောင်မှ နိုင်ငံခြားသားခရီးသွားတွေကို တရားဝင် သဘောမျိုးသယ်ယူပြီး လုပ်ငန်းတွေပြေးဆွဲလာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် မော်တော်ယာဉ်လုပ်ငန်း အသင်းတစ်သင်းမှာ တရားဝင်မှတ်ပုံတင်ပြီဆိုကတည်းက ယာဉ်ဘယ်နှစ်စီးနဲ့ တရားဝင်မှတ်ပုံတင်တာလဲ၊ ဘာအမျိုးအစား တရားဝင်ဆိုတာ သိရဲ့သားနဲ့ ဒီနေရာမှာ တရားမဝင်နေတာတွေ ဘာကြောင့် တိုးပွားလာတာလည်းဆိုတာလည်း အင်မတန်မှ ကျွန်တော်တို့ စဉ်းစားရမယ့်အချက်တစ်ချက်ဖြစ်ပြီး ပြည်သူတွေကလည်း ဒါကိုစောင့်ကြည့်နေသလို တရားမဝင်ကို တရားဝင်သဘောအနေနဲ့ ဆောင်ရွက်တဲ့နေရာတွေကို အရေးယူဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ သို့ပါသောကြောင့် ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်း အရေအတွက်မည်မျှရှိသလဲ၊ တရားဝင်မှတ်ပုံတင်ထားတဲ့ လုပ်ငန်းယာဉ်အသင်းများမှာ တရားမဝင်ယာဉ်များ လုပ်ငန်းပြေးဆွဲနေမှုများကို တွေ့ရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါ

သည်နှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကလော မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်း လာတဲ့ ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်း များမည်မျှရှိပြီး၊ မှတ်ပုံတင်ယာဉ်လိုင်းများတွင် တရားမဝင်ယာဉ်များ ပြေးဆွဲနေမှုအား တွေ့ရှိ ပါကမည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ဆက်လက်ဖြေကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မှတ်ပုံတင်ထားသော ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်း များရှိပါတယ်။ အဲ့လုပ်ငန်းများကတော့ လုပ်ငန်းလိုင်စင်များရယူဖို့ လိုအပ်ပါတယ်။ လုပ်ငန်း လိုင်စင်အမျိုးအစား(၅)မျိုးရှိပါတယ်။ အမျိုးအစားအလိုက် အရေအတွက်များကို တင်ပြ သွားမှာ ဖြစ်ပါတယ်။ ပထမဆုံးတစ်ခုကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်တဲ့ “က”လုပ်ငန်းလိုင်စင် ဖြစ်ပြီး ယာဉ်စီးရေပေါင်း **၁၁၅၅၂** စီး ဖြစ်ပါတယ်။ ဒုတိယကတော့ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိတဲ့ “ခ” လုပ်ငန်း လိုင်စင်ဖြစ်ပြီး ယာဉ်စီးရေပေါင်း **၃၁၆၇** စီး ရှိပါတယ်။ နောက်တစ်မျိုးကတော့ စင်းလုံးငှား သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်လုပ်ကိုင်ခွင့်ရှိတဲ့ “ဂ”လုပ်ငန်းလိုင်စင်ဖြစ်ပြီး ယာဉ်စီးရေပေါင်း **၄၇၂၀** စီး ဖြစ်ပါတယ်။ နောက်စတုတ္ထတစ်မျိုးကတော့ ပဋိညာဉ်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိတဲ့ “ဃ” လုပ်ငန်းလိုင်စင်များဖြစ်ပြီး ယာဉ်စီးရေပေါင်း **၁၇၀** စီး ဖြစ်ပါတယ်။ နောက်ဆုံးနံပါတ်(၅)အမျိုးအစားကတော့ ကိုယ်ပိုင် စီးပွားရေး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရှိတဲ့ “င” လုပ်ငန်းလိုင်စင် ဖြစ်ပြီး ယာဉ်စီးရေပေါင်း **၁၁၇၅** စီး ဖြစ်ပါတယ်။ ပြည်နယ်တစ်ခုလုံးမှာ လိုင်စင်(၅)မျိုး အတွက် လုပ်ငန်းလိုင်စင်ပေါင်း **၂၀၇၈၄** ခုရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ပြေးဆွဲလျက်ရှိတဲ့ ယာဉ်အသင်းပေါင်း တင်ပြပါမယ်။ ခရီးသည် သယ်ယူပို့ဆောင်ရေး ယာဉ်အသင်းပေါင်း ၆၄၀ ရှိပါတယ်။ ၆၄၀ အနက်မှာ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ ဒေသအသီးသီးတွင် အခြေစိုက်၍ ပြေးဆွဲခွင့်ရရှိထားသည့် ခရီးသည်သယ်ယူ ပို့ဆောင်ရေးယာဉ်အသင်း ၄၇၇ သင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှအပဖြစ်သော အခြား ပြည်နယ်/ တိုင်းများမှ ရှမ်းပြည်နယ်အတွင်းကို လာရောက်ပြေးဆွဲသည့် ခရီးသည်ပို့ဆောင်ရေး

ယာဉ်အသင်းကတော့ ၁၆၃ သင်း ဖြစ်ပါတယ်ခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနသည် သယ်ယူပို့ဆောင်ရေးကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေသော ပုဂ္ဂလိကမော်တော်ယာဉ်များအား ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေအရ ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူခြင်း ရှိ / မရှိနှင့် လုပ်ငန်းလိုင်စင်ရယူပြီး ယာဉ်များသည်လည်း လိုင်စင်ပါစည်းကမ်းများကို လိုက်နာခြင်း ရှိ/ မရှိ ကြီးကြပ် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်လိုင်းများလျှောက်ထားရာတွင် တရားဝင်လိုင်စင်ရရှိပြီးသော ယာဉ်များဖြင့်သာ လျှောက်ထားခွင့်ရှိပြီး သတ်မှတ်ချက်များဖြင့် ပြည့်စုံမှသာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့အစည်းအဝေးသို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ယာဉ်လိုင်းပြေးဆွဲခွင့်ရရှိပါတယ်။ ယာဉ်လိုင်းပြေးဆွဲခွင့် ရရှိသည့်အခါတွင်လည်း ယာဉ်လိုင်းတွင်ပါဝင်သော ယာဉ်များအား လုပ်ငန်းလိုင်စင်ဆောင်ရွက်ပြီးမှသာ ပြေးဆွဲရပါတယ်။ ယာဉ်စည်းကမ်း/ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက အခါအားလျော်စွာ စစ်ဆေးသည့်အခါတွင် တရားမဝင်ယာဉ်များ ပြေးဆွဲနေကြောင်း စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာကနေပြီးတော့ မော်တော်ယာဉ်ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်လိုင်းပြေးဆွဲရာတွင် လိုင်စင်မဲ့ယာဉ်များ အစားထိုးပြေးဆွဲမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် ၇-၁၂-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် ၆(ဌ)အရ ရှမ်းပြည်နယ်ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ တစ်နည်းအားဖြင့် ပြောရင်တော့ (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန)ကို ၁၅- ၁၂- ၂၀၁၅ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။ သို့ပါ၍ အထက်ပါ အပြစ်ကျူးလွန်သည့်ယာဉ်အား မော်တော်ယာဉ်ဥပဒေဖြင့် လည်းကောင်း၊ ယာဉ်အသင်းအား ကာလသတ်မှတ်၍ဖြစ်စေ၊ ခရီးစဉ်အား ကာလသတ်မှတ်၍ဖြစ်စေ ပြေးဆွဲခွင့်ရပ်နားစေခြင်း စသည့်အရေးယူအပြစ်ပေးခြင်းများအဖြစ်လည်းကောင်း အရေးယူဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ဌာနကတင်ပြ၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများ မဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၆) ဖြစ်ပါတယ်။ ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။

ပထမဦးစွာ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော်ံအနေနဲ့ ဦးစိုင်းအောင်ကျော်ဦး ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု (Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment)**

**စသည့်လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန် အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ရေ၊ မြေ၊ တော၊ တောင်သဘာဝအရ အခြားပြည်နယ်များနှင့်မတူညီဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတအရင်းအမြစ်များ အလွန်ပေါကြွယ်ဝတဲ့ ပြည်နယ် တစ်ခု ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာကော အနာဂါတ်ကာလမှာပါ ပြည်ထောင်စု၊ ပြည်နယ်စီမံကိန်းကြီးများကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူနေထိုင်ရာဒေသ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများအပေါ် ထိခိုက်ခံစားရတာမျိုးတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလိုထိခိုက်ခံစားမှုမျိုးဟာ လူပုဂ္ဂိုလ်၊ ဂေဟစနစ်နဲ့ ဇီဝမျိုးကွဲဆိုင်ရာ များအပါအဝင် သဘာဝအရင်းအမြစ်တစ်ခုခု၊ ဒါမှမဟုတ် တောရိုင်းတိရစ္ဆာန်နှင့် အခြားကိစ္စ များလည်း အပါအဝင်ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၆/ ၂၀၁၅ ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့လို ထုတ်ပြန်ချက်မှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားဆိုသည်မှာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်သည်ဟု ဝန်ကြီးဌာနမှ သတ်မှတ်သည့်စီမံကိန်းကို ဆိုသည်ဟု ဖော်ပြပါရှိပါတယ်။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူဆိုသည်မှာ စီမံကိန်း သို့မဟုတ် အဆိုပြုစီမံကိန်းတစ်ရပ်ကြောင့်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ထိခိုက်ခံရသော သို့မဟုတ် ထိခိုက်ခံရသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် မြေခြံ၊ အိမ်ရာသိမ်းယူခံရခြင်းကြောင့်သော်လည်းကောင်း၊ မြေအမျိုးအစားပြောင်းလဲခံရခြင်း ကြောင့်သော်လည်းကောင်း၊ လူနေထိုင်ရာနေရာ၏ ဂေဟဗေဒနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စနစ် များအပေါ် ထိခိုက်ခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများလည်းပါဝင်သည်လို့ဆိုထား တာရှိပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစီမံကိန်းချမှတ် ရာမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environment Impact Assessment - EIA) သို့မဟုတ် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE- Initial Environmental Examination) သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ် (Environmental Management Plan- EMP)ကို ရေးဆွဲအကောင်အထည်ဖော်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ကို သက်ဆိုင်ရာ ဝန်ကြီးကနေ ထုတ်ပေးရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ EIA လုပ်ငန်းစဉ်အရ ပထမဦးစွာ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်း ပြုလုပ်ရပါတယ်။ နယ်ပယ်တိုင်းတာခြင်းသတ်မှတ်ပြုလုပ်ရတဲ့နေရာမှာ လေ့လာရမယ့် နယ်မြေဧရိယာ၊ သက်ရောက်မှုရှိစေမယ့် နယ်မြေဧရိယာ၊ အချိန်ကန့်သတ်ချက်၊ စီမံကိန်း အဆင့်နှင့် အကျိုးသက်ရောက်နိုင်မှုများကို သတ်မှတ်ရပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆောင်ရွက်ရာမှာ ဆက်လက်အထူးပြုလေ့လာရန်လိုအပ်မဲ့ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာပြဿနာရပ်များကို ချိန်ထိုးပြီး ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများနှင့် လိုအပ်ပါက ကျန်းမာရေးထိခိုက်မှုများကိုပါ ဖော်ထုတ်သတ်မှတ်ရမှာ ဖြစ်ပါတယ်။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ အဆိုပြုစီမံကိန်းနှင့်စပ်လျဉ်းသည့် ယင်းတို့ရဲ့ အမြင်များနဲ့ သက်ဆိုင်မှုများကိုလည်း ဖော်ထုတ်တင်ပြခွင့်ရှိရမှာ ဖြစ်ပါတယ်။ စီမံကိန်းကို အဆိုပြုတဲ့သူဟာ နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းရဲ့ အစိတ်အပိုင်းတစ်ရပ် အဖြစ် အများပြည်သူနဲ့ တိုင်ပင်ဆွေးနွေးခြင်းနဲ့ အများပြည်သူ ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်ဟုလည်း ပါရှိပါတယ်။ အဆိုပြု ထားသည့်စီမံကိန်းနေရာ၊ သက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနဲ့ လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန်၊ စီမံကိန်း သို့မဟုတ် စီမံကိန်းအဆိုပြုသူ၏ (Website) တွင် တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူ မြင်တွေ့နိုင်သည့်ဆိုင်းဘုတ် များနှင့် ကြော်ငြာသင်ပုန်းများ ထင်ရှားစွာစိုက်ထူခြင်းအပါအဝင် ပြည်တွင်းမီဒီယာများမှ ထုတ်ဖော်ခြင်း၊ ဒေသခံလူမှုအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့်အဓိက ထိခိုက်ခံစားရမည့် သူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ လူမှု အဖွဲ့အစည်းများနှင့် လိုအပ်သည့်တိုင်ပင်ဆွေးနွေးပွဲများကို ဝန်ကြီးဌာနက အကြံပြုသည့် အတိုင်း စီစဉ်ပြုလုပ်ပြီး သတင်းစာရှင်းလင်းပွဲများ၊ တွေ့ဆုံဆွေးနွေးခန်းများ၊ Interview များကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်၍ ရှင်းလင်းတင်ပြရမည်လို့လည်း ဖော်ပြပါရှိပါတယ်။ စီမံကိန်းအဆိုပြုသူဟာ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းမှာ စီမံကိန်းကြောင့် ထိခိုက် ခံစားရသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ သို့မဟုတ် စီမံကိန်းတွင် အကျိုး သက်ရောက်သူများ၏ အမြင်၊ သဘောထားနှင့် အလေးထားမှုကို ထည့်သွင်းစဉ်းစားရမည် လို့လည်းပါရှိပါတယ်။ နောက်တစ်ခုအနေနဲ့ (Environmental Management Plan) ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်း အစီရင်ခံစာကို ပြုစုရာမှာ စီမံကိန်းအဆိုပြုစုသူရဲ့ တင်ပြ ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုကျွမ်းကျင်သူများရဲ့ တင်ပြချက်၊ ကျန်းမာရေး အပေါ် ထိခိုက်နိုင်တဲ့ စီမံကိန်းလုပ်ငန်းများအတွက် ကျန်းမာရေးကျွမ်းကျင်သူရဲ့ တင်ပြချက် များကို ထည့်သွင်းဖော်ပြရမှာဖြစ်ပါတယ်။ စီမံကိန်းအရွယ်အစား၊ တပ်ဆင်မှု၊ အသုံးပြုမှု နည်းပညာ၊ အခြေခံအဆောက်အဦ၊ ထုတ်လုပ်မှုလမ်းစဉ်၊ ကုန်ကြမ်းနှင့် အရင်းအမြစ်များ

သုံးစွဲမှု၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု၊ ထုတ်လုပ်မှုနဲ့ အနှောင့်အယှက်ဖြစ်စေမှု ဖော်ပြချက်များနှင့်အတူ အကြိုတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနဲ့ ပိတ်သိမ်းပြီးကာလတွင် စီမံကိန်းလုပ်ငန်းအဆင့်ဆင့်အတွက် စီမံကိန်းတစ်ခုလုံးဖော်ပြသော မြေပုံများ၊ စီမံကိန်းလုပ်ငန်းခွင် တစ်ခုချင်းစီအလိုက် နေရာချထားမှုပုံစံမြေပုံများ၊ ဒီဇိုင်းရေးဆွဲထားမှုများ၊ အနီးပတ်ဝန်းကျင်အကြောင်းအရာများ ဖော်ပြချက်၊ ရူပပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းပြချက်နှင့် သက်ရှိဇီဝဆိုင်ရာ အကြောင်းပြချက်များ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်နှင့်စပ်လျဉ်း၍ သေဆုံးမှု၊ မကျန်းမာမှု၊ ရောဂါဖြစ်ပွားမှု၊ မတော်တဆမှုနဲ့ ထိခိုက်ဒဏ်ရာရမှု၊ လူမှုကျန်းမာရေးဆိုင်ရာ ပိုင်းခြားသတ်မှတ်မှု စတဲ့အကြောင်းအချင်းရာတွေကို ထည့်သွင်းဖော်ပြထားတာ တွေ့ရှိရပါတယ်။ လက်ရှိမြေပြင်အခြေအနေမှာဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တစ်ခုကို တင်ပြရမယ်ဆိုရင် လက်ရှိတောင်ကြီးမြို့နဲ့ ရွှေညောင်မြို့မြောက်ဘက်က တောင်လေးလုံးကျေးရွာအုပ်စုမှာရှိတဲ့ ဖက်နမ်ကျေးရွာမှာ ကျားမင်းကြီးစက်ရုံအကြောင်း အနည်းငယ် တင်ပြပါရစေ။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ရေးရာကော်မတီနဲ့ ကွင်းဆင်းစစ်ဆေးတဲ့အချိန်မှာ စက်ရုံမှာ သတ်မှတ်ထားတဲ့ (Environmental Management Plan) ဆိုတာမျိုးကိုလည်း ရရှိထားခြင်းမရှိသေးဘဲ အကောင်အထည်ဖော်နေတယ်ဆိုတာကို သိရှိရပါတယ်။ ဒီအချိန်မျိုးမှာ လုပ်ငန်းကို ရပ်တန့်ထားရမှာဖြစ်သော်လည်း လုပ်ငန်းရပ်တန့်ခြင်းမရှိဘဲ အရက်ချက်စက်ရုံကို လက်ရှိမှာလည်ပတ်နေတယ်လို့လည်း သိရှိရပါတယ်။ ဒါတွေကို သက်ဆိုင်ရာက မသိကျိုးကျွံပြုလုပ်နေတယ်ဆိုတာ သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး တင်ပြလိုတာကတော့ လက်ရှိရှမ်းပြည်နယ်မှာ အသေးစားစီမံကိန်းများအပြင် အခြား အကြီးစား၊ အလတ်စား စီမံကိန်းများလည်း အမြောက်အများ ရှိပါတယ်။ ဥပမာ မန္တလေး- မူဆယ်ရထားလမ်းစီမံကိန်း၊ ကျောက်မဲမြို့နယ်မှာ ထပ်မံတည်ဆောက် မယ်လို့ကြားသိရတဲ့ မဂ္ဂါဝပ်(၆၇၀) ထွက်ရှိတယ်ဆိုတဲ့ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းကြီး၊ အခြားလျှပ်စစ်ဓာတ်အား စီမံကိန်းများ၊ တီကျစ်ကျောက်မီးသွေး စက်ရုံနဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ အခြားကျောက်မီးသွေးနဲ့ ပတ်သက်တဲ့ တူးဖော်ရေးလုပ်ငန်းများ၊ ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ၊ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများအပါအဝင် စီမံကိန်းတိုင်းဟာ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း EIA၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း SIA နဲ့ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း HIA (Health Impact Assessment)စတဲ့ ကိစ္စများကို မဖြစ်မနေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ၂၀ဂရာစုပင်လုံညီလာခံရဲ့ အနာဂတ်ဖက်ဒရယ်နိုင်ငံရဲ့ အခြေခံရမဲ့ မူ(၅၁)ချက်ထဲမှာလည်း မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှာ EIA၊ SIAကို

ဒေသခံပြည်သူများနဲ့ ညှိနှိုင်းလုပ်ဆောင် အကောင်အထည်ဖော်ရမယ်ဆိုတဲ့ အခြေခံမှု တစ်ချက်ကိုလည်း သဘောတူညီမှုရရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိဂုံးချုပ်အနေနဲ့ အစိုးရတစ်ရပ်၏ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance)ရဲ့ စရိုက်လက္ခဏာများဖြစ်သော ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန် ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ လွတ်လပ်စွာသတင်းအချက်အလက်များ ရယူစီးဆင်းပိုင်ခွင့်နဲ့ တရားဥပဒေစိုးမိုးရေးအပြင် ပြည်သူများ ပူးပေါင်းပါဝင်ခွင့်ဆိုတဲ့ အချက်အလက်များနှင့် အညီ အားစိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန်တင်ပြရင်း အဆိုရှင်၏ ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ဆွေးနွေးတဲ့နေရာမှာ လိုရင်းရောက်အောင် ဆွေးနွေးဖို့ ဖြစ်ပါ တယ်။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်ကိုလာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ (၁၃.၂.၂၀၁၉)ရက်နေ့က ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုမှာပါရှိတဲ့ သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု (Environment Impact Assessment) ၊ လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment)နှင့် ပတ်သက်ပြီး အစိုးရအနေနဲ့သော်လည်းကောင်း၊ ကုမ္ပဏီအနေနဲ့သော်လည်းကောင်း၊ စီမံကိန်းများ ဆောင်ရွက်ရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနမှ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၆/ ၂၀၁၅အရ ထုတ်ပြန်ထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပမာ

အားဖြင့် ကျွန်တော်တို့ ညောင်ရွှေမြို့နယ်မှာ ဟိုတယ်ဇုန်အဖြစ် ဆောင်ရွက်ခဲ့သော ဟိုတယ်ဇုန်စီမံကိန်းနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment)နှင့် လူမှုစီးပွားအကျိုးသက်ရောက်မှု (Social Impact Assessment)တို့ကို လုပ်ငန်းမစတင်မီ ဒေသခံလူထုများနှင့် ဒေသခံလူထုအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်နစ်နာမည့်ပုဂ္ဂိုလ်များ၊ ရပ်ရွာလူထုအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် လိုအပ်သည့်တိုင်ပင်ဆွေးနွေးပွဲများ အချိန်နှင့်တစ်ပြေးညီ သတင်းစာရှင်းလင်းပွဲ၊ တွေ့ဆုံဆွေးနွေးခန်း(Interview)များ ဆောင်ရွက်ခဲ့သည်မှာ အားနည်းခဲ့တဲ့အပြင် မလိုလားအပ်တဲ့ ဆန္ဒပြမှုများ၊ မကြေလည်မှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် မြေအမျိုးအစားပြောင်းလဲ ခြင်းကြောင့် လူနေထိုင်ရာနေရာ၏ ဂေဟဗေဒနှင့် သဘာဝဆိုင်ရာစနစ်များကို ဆိုးကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါတယ်။ သို့ပါသောကြောင့် **“ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment) နှင့်လူမှုအကျိုးသက်ရောက်မှု(Social Impact Assessment)စသည့်လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်ဇေယျက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု (Environment Impact Assessment) နှင့်လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းစဉ်များ**

**စနစ်တကျ လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုအတည်ပြုနိုင်ရေးအတွက် ဖြည့်စွက်ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ သယံဇာတထုတ်ယူသော စီမံကိန်းများ အထူးသဖြင့် ကျောက်မီးသွေးလုပ်ငန်း တူးဖော်ထုတ်ယူနေမှု၊ တူးဖော်ထုတ်ယူရန် ပြင်ဆင် နေမှုများကို ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ လဲချားမြို့နယ်မှာ ကျောက်မီးသွေး ကြောများပေါများလှတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျောက်မီးသွေးများကိုလည်း အချို့သော လုပ်ငန်းရှင်ကုမ္ပဏီများမှ တူးဖော်နေကြသလို ထပ်မံတူးဖော်ဖို့လည်း လာရောက်လေ့လာနေ ကြတာကိုလည်း သိနေရပါတယ်။ ဒေသခံပြည်သူများဟာ အများအားဖြင့် မိမိဒေသအတွင်း သယံဇာတတူးဖော်ထုတ်ယူခြင်းကြောင့် မိမိတို့ရဲ့စိုက်ပျိုးရေး၊ သဘာဝရေထွက်၊ ရေထွက် တောများ၊ သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏ ကျန်းမာရေးစသည်များ ထိခိုက်မည်ကို များစွာ စိုးရိမ်ပူပန်လျက်ရှိပါတယ်။ မိမိဒေသတွင်း ကျောက်မီးသွေးတူးဖော် ထုတ်ယူခြင်း ကြောင့်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးမြောက်များစွာကို ယခင်က ဒေသခံပြည်သူများ မသိရှိပါ သော်လည်း ယခုအချိန်မှာ ကျောက်မီးသွေးတူးဖော်ထုတ်ယူခြင်းကြောင့် အလွန်တရာမှ ဆိုးဝါးလှသော ဘေးထွက်ဆိုးကျိုးမြောက်များစွာကို နားလည်သဘောပေါက် သိရှိလာပြီ လည်းဖြစ်ပါတယ်။ ၎င်းကျောက်မီးသွေးတူးဖော်ထုတ်လုပ်နေခြင်း၊ တူးဖော်ထုတ်ယူရန် လေ့လာပြင်ဆင်နေခြင်းကြောင့်လည်း ကျွန်တော်တို့ မဲဆန္ဒနယ်မှာ ပြဿနာများကို ရင်ဆိုင်နေရတဲ့ အနေအထားမှာရှိနေပြီ ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် အဆိုရှင်ရဲ့ အဆိုပါအတိုင်း (EIA၊ SIA) စသည့်လုပ်ငန်းများကို စနစ်တကျ လေ့လာဆန်းစစ်ချက်များ အားနည်းခဲ့ခြင်းကြောင့် ဖြစ်နေရပါတယ်။ အဆိုးဝါးဆုံးမှာ ဒေသခံပြည်သူများ၏ များရာ ဆန္ဒသဘောထားကိုမယူဘဲ အနည်းငယ်သော အသိပညာဗဟုသုတ နည်းပါးသည့် ဒေသခံ များနှင့် ကုမ္ပဏီများ၏ အမျိုးမျိုးမတ်လုံးပေး ဖြားယောင်းသွေးဆောင်ပြီး ငွေမက်သည့် အချို့သော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အပေါင်းပါများ၏ သဘောတူကြောင်း လက်မှတ် များနှင့် တူးဖော်လုပ်ကိုင်လာခြင်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများက အများအားဖြင့် မိမိဒေသတွင်း ကျောက်မီးသွေးတူးဖော်ထုတ်ယူနေခြင်းကို လုံးဝ(လုံးဝ) သဘောမတူကြ ပါဘူး။ သို့ပါသော်လည်း တူးဖော်ထုတ်ယူလိုတဲ့ လုပ်ငန်းရှင်ကုမ္ပဏီများကတော့ မရရတဲ့ နည်း၊ မဖြစ်ဖြစ်တဲ့နည်း တူးဖော်နိုင်ရေး ကြိုးစားနေကြသည်ကို တွေ့နေရပါတယ်။ ကျွန်တော်တို့ လဲချားမြို့နယ်မှာဆိုရင် ဝမ်ယိမ်းဒေသ အနီးတစ်ဝိုက်နှင့် မိုင်းကိုင်မြို့နယ်ရှိ

အချို့သောဒေသများမှာ တူးဖော်ထုတ်ယူဖို့ သွားရောက်လေ့လာနေကြတာကို ဒေသခံများမှ သိရပါတယ်။ မိုင်းကိုင်မြို့နယ်တွင်း ကျောက်မီးသွေး တူးဖော်ထုတ်လုပ်နေခြင်းများကို မလိုလား၊ မကြိုက်မနှစ်သက် သဘောမတူခဲ့ကြလို့လည်း မြို့နယ်သံဃာ့အဖွဲ့အစည်းများနှင့် ဒေသခံများ စုပေါင်းဆန္ဒထုတ်ဖော်ကြတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ လဲချား မြို့နယ်၊ ဝမ်ယိမ်းဒေသတွင်လည်း ဒေသခံများမှ လုပ်ငန်းရှင်ကုမ္ပဏီများ ကျောက်မီး သွေးတူးဖော်ထုတ်ယူရန် လာရောက်လေ့လာနေသည်ဟု ကြားမိမြင်မိသည်နှင့် တုန့်ပြန်သည့် အနေဖြင့် တူးဖော်ထုတ်ယူမှုများမရှိစေရန် ဆိုင်းဘုတ်များကို စိုက်ထူကာ အသိပေးခဲ့ ကြရပါတယ်။ ပြည်သူများမှာ ကုမ္ပဏီများမှ လာရောက်လေ့လာနေသည်ဟု ကြားမိတိုင်း ကျောက်မီးသွေးတစ္ဆေ အခြောက်ခံနေရသည့်အလား စိုးရိမ်ပူပန်ထိတ်လန့်နေရပါတော့တယ်။ ၎င်းလုပ်ငန်းရှင် ကုမ္ပဏီများကိုလည်း သဘာဝအလျောက်ဖြစ်တည်နေတဲ့ သဘာဝတော တောင်များအား ဖျက်ဆီးဝါးမျိုမည့် ဘီလူးကြီးများသဖွယ် သတ်မှတ်ကြပါတော့တယ်။ ယခင်က မြေပေါ်မြေအောက် သယံဇာတသဘာဝအရင်းအမြစ်များ ပေါကြွယ်ဝတာကို ဂုဏ်ယူတတ်ကြတဲ့ ကျွန်တော်တို့ ဒေသခံများဟာ အခုအချိန်မှာတော့ ဂုဏ်မယူနိုင်ကြသည့် အပြင် မိမိဒေသမှာ တန်ဖိုးရှိ သဘာဝသယံဇာတ အရင်းအမြစ်များ မထွက်ရှိစေချင်ရ လောက်အောင် ဖြစ်နေကြရပါပြီ။ ဒီလိုသဘာဝသယံဇာတအရင်းအမြစ်များ မထွက်မှသာ သူတို့ဒေသကို ဒုက္ခလာမပေးကြမှာလို့ ညည်းညူနေကြတာတွေလည်း ရှိပါတယ်။ တချို့ ဒေသခံများက ဒီသဘာဝသယံဇာတများကို စတေးခံပြီးမှ တိုးတက်ရမည်ဆိုရင်လည်း မတိုးတက် လည်းနေပါစေတော့ စသည်ဖြင့် ဒေသခံပြည်သူများရဲ့ စိတ်တွင်းခံစားနေရတဲ့ အသံများကို လည်းဆိုင်ရာ လူကြီးမင်းများအားလုံးကို သိစေချင်လှပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာ့နိုင်ငံများအချို့မှာ လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်စေတာကို လည်းအားလုံး အသိပဲ ဖြစ်ပါတယ်။ ပြန်လည်အစားထိုးရန်မဖြစ်နိုင်တဲ့ သယံဇာတများကို ထုတ်ယူသုံးစွဲနေတာဟာ မဖြစ်သင့်မပြုလုပ်အပ်သည့် အရာပဲဖြစ်ပါတယ်။ တိုင်းပြည်အတွက် အရေးကြီးပြီး သေရေးရှင်ရေး ဖြစ်နေချိန်များမှသာ တူးဖော်ထုတ်ယူဖို့ စဉ်းစားရမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရှိ အချို့သောဒေသများဟာ သဘာဝအလှတရားများနှင့် လှပ ပြည့်စုံနေပြီ ဖြစ်ပါတယ်။ ဒီသဘာဝပတ်ဝန်းကျင်အလှတရားများကို မှီတည်ပြီး ခရီးသွားလာ ရေးလုပ်ငန်းများ ဖွင့်ပေးခြင်းအားဖြင့် ဒေသခံများရဲ့ အကျိုးကိုရရှိစေမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ဒေသတွင်းရှိ သယံဇာတများထုတ်ယူရာတွင် ဒေသခံများ၏ များရာဆန္ဒသဘောထားကို မခံယူပါက ယခုလက်ရှိဖြစ်ပေါ်နေတဲ့ ကယားပြည်နယ်၊

လွိုင်ကော်မြို့ ဗိုလ်ချုပ်ရုပ်ထုစိုက်ထူခြင်းလိုမျိုး ကန့်ကွက်ဆန္ဒပြတိုက်ပွဲဝင်ကြမှာ ကေန်မလွဲဖြစ်နိုင်ပါကြောင်း၊ ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုအား လွှတ်တော်မှ အတည်ပြုနိုင်ပါရန် ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ ရှင်။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ လေ့လာသူဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး၏ အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ တိုးတက်ဆဲနိုင်ငံဖြစ်သည်နှင့်အညီ စီမံကိန်းနှင့် ပတ်သက်ပြီး တိုးတက်ပြီးသားနိုင်ငံများ၏ အတွေ့အကြုံများ၊ လုပ်ဆောင်ချက်များကို သင်ခန်းစာအဖြစ် ပြန်လည်အသုံးချနိုင်ပါမှ နိုင်ငံတော်ဟာ အများနည်းတူ အလျင်အမြန် တိုးတက်လာမှာ ဖြစ်ပါတယ်။

တိုးတက်ပြီးသားနိုင်ငံများရဲ့ စီမံကိန်းနှင့် ပတ်သက်ပြီး လုပ်ဆောင်ချက်များကို လေ့လာကြည့်မယ်ဆိုရင် မည်သည့်စီမံကိန်းကိုမဆို ဆောင်ရွက်တော့မည်ဆိုပါက လုပ်ငန်းစဉ် အဆင့် ၅ ဆင့်ဖြင့် လုပ်ငန်းဖော်ဆောင်သွားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ အဆင့် (၁) အနေဖြင့် ကနဦးမြေပြင်အခြေအနေ လေ့လာဆန်းစစ်ခြင်း (Exploration)၊ အဆင့်(၂) အနေနဲ့ ဒီဇိုင်းနှင့် စီမံကိန်းများရေးဆွဲခြင်း ( Design and planning )၊ အဆင့် (၃)အနေနဲ့ တည်ဆောက်ခြင်း ( Construction) ၊ အဆင့်(၄) အနေနဲ့ ထုတ်လုပ်ခြင်း (Production) နှင့် အဆင့်(၅)အနေနဲ့ ဖြန့်ဖြူးခြင်း(Distribution)တို့ပဲ ဖြစ်ပါတယ်။ အဆင့် (၁)မှာရှိတဲ့ ကနဦး လေ့လာဆန်းစစ်ခြင်းမှာ အဆင့်(၃)မျိုးရှိပါတယ်။ အဲ့ဒီ (၃) မျိုးမှာ စီမံကိန်းဖြစ်နိုင်ခြေ ရှိ/ မရှိ ဆန်းစစ်ခြင်း (Project Feasibility Assessment)၊ သဘာဝပတ်ဝန်းကျင်အကျိုး သက်ရောက်မှု ရှိ/ မရှိ ဆန်းစစ်ခြင်း ( Environmental Impact Assessment)၊ လူမှု

အကျိုးသက်ရောက်မှု ရှိ/ မရှိဆန်းစစ်ခြင်း(Social Impact Assessment) ဆိုတာတွေကို ကနဦး ဆန်းစစ်ချက်မှာ လုပ်ဆောင်ကြသည်ကို တွေ့ရမှာ ဖြစ်ပါတယ်။

လက်ရှိရှမ်းပြည်နယ်အတွင်းမှာ တည်ဆောက်နေတဲ့ စီမံကိန်းတော်တော်များများကို လေ့လာကြည့်မယ်ဆိုရင် စီမံကိန်းဖြစ်နိုင်ချေ ရှိ /မရှိကိုပဲ ဆန်းစစ်ကြတာကို တွေ့ရှိရပါတယ်။ စီမံကိန်းဖြစ်မြောက်ရေးအခြေအနေကိုသာ လေ့လာပြီး စီမံကိန်းအနီးတစ်ဝိုက်မှာနေထိုင်တဲ့ လူထုများရဲ့ အရေးကိစ္စနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကို လေ့လာဖို့ ပျက်ကွက်တဲ့အတွက် နောက်ဆက်တွဲအနေနဲ့ ပြည်သူလူထုများ၏ ကန့်ကွက်ဆန္ဒပြမှုများ၊ စီမံကိန်းရပ်တန့်နေရမှု များ၊ အချိန်၊ ငွေကြေး၊ လူအင်အား လိုအပ်သည်ထက် ပိုမိုဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရပါတယ်။

ဥပမာအားဖြင့် လက်ရှိနိုင်ငံတော်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အထက်ရဲရွာ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကြောင့် သီပေါမြို့နယ်၊ တာလုံ အရှေ့ရွာနှင့် အနောက်ရွာတို့ဟာ ရေအောက်စုန်းစုန်းမြုပ်ရမည့်အခြေအနေကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၂၀၁၀ ကတည်းက စတင်အကောင်အထည်ဖော်နေပေမဲ့ ၂၀၁၄ ခုနှစ်ရောက်မှ လူထုကသိရှိရခြင်းဖြစ်ပြီး၊ ၂၀၁၆ ခုနှစ်ခန့်ရောက်မှ ၎င်းတို့ရွာ ရေအောက်ရောက်သွားမည့်အရေးကို ဖြေရှင်းနိုင်ရန် မိမိတို့ထံ တင်ပြတောင်းဆိုလာပါတယ်။ ၎င်းတို့ တင်ပြချက်ထဲမှာ စီမံကိန်းလုံးဝ ရပ်တန့်သွားရေးနှင့် ကျေးရွာလုံးဝ(လုံးဝ) မရွှေ့ပြောင်းနိုင်ရေး ပါဝင်ပါတယ်။ ယခုထိလည်း လူထုကလက်မခံဘဲ ဆက်လက်ကန့်ကွက်နေဆဲဖြစ်ပါတယ်။ စီမံကိန်းဘက်ကလည်းလူထုကို ယခုထိလာရောက်ညှိနှိုင်းခြင်း၊ ကျေလည်သည်အထိ ဆွေးနွေးညှိနှိုင်းခြင်း မရှိပါဘူး။ လူထုရဲ့ ဆက်လက်ဆန္ဒပြမှုကြောင့် ပြီးခဲ့တဲ့ (၃၀.၁.၂၀၁၉)ရက်နေ့မှ ပြင်သစ်ကုမ္ပဏီ ( The French Multinational Energy) မှ လူ့အခွင့်အရေးချိုးဖောက်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှုကြောင့် The UK Burma Campaign ကနေ ၎င်းတို့ကို Blacklist သွင်းထားပါတယ်။ ၎င်းတို့ကို အမည်ပျက်စာရင်းထည့်လိုက်ခြင်းကြောင့် အဆိုပါစီမံကိန်းမှာ အင်ဂျင်ပိုင်းဆိုင်ရာ ကန်ထရိုက်ယူထားတဲ့ ပြင်သစ်ကုမ္ပဏီဟာ စီမံကိန်းကနေ နုတ်ထွက်သွားပြီဖြစ်ကြောင်း (၃၀- ၁- ၂၀၁၉)ရက်နေ့မှာ သတင်းထုတ်ပြန်ထားပါတယ်။ ဒါဟာ EIA/ SIA သေသေချာချာမဆန်းစစ်ခဲ့လို့ ရခဲ့တဲ့ ရလဒ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စီမံကိန်းချမှတ်အကောင်အထည်ဖော်တဲ့ နေရာမှာ Win-Win Situation ဖြစ်ဖို့လိုပါမယ်။ နှစ်ဖက်စလုံး အကျိုးရှိတဲ့လုပ်ငန်း ဖြစ်ဖို့လိုပါမယ်။ စီမံကိန်းကြောင့် နိုင်ငံတော်လည်း အကျိုးရှိမယ် လူထုလည်း အကျိုးရှိမယ်ဆိုတဲ့ နည်းလမ်း

ကို အသုံးပြုရမှာ ဖြစ်ပါတယ်။ လူထုအကျိုးရှိတဲ့နေရာမှာ စီမံကိန်းအနီးအနားက လူထုများရဲ့ အကျိုးရှိဖို့ ပိုမိုအရေးကြီးပါတယ်။ ဒါကြောင့် Win-Win Situation ဖြစ်ဖို့၊ အစလဲကောင်း၊ အနှောင်းလဲသေချာလှပစေဖို့ မည်သည့်စီမံကိန်းကိုမဆို နံပါတ်(၁)အဆင့်မှာ လုပ်ဆောင်ရမဲ့ EIA/ SIA လုပ်ငန်းစဉ်များ စနစ်တကျလေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး လူထုနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းနိုင်ပါမှ ကျန်လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါကြောင်းတင်ပြရင်း ဦးစိုင်းအောင်ကျော်ဦး၏ အဆိုကို အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ယနေ့ကျင်းပသော ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ၏ အဆိုနှင့် ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးတိုးတက်ဖို့ အားယူကြိုးပမ်း နေသော နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာ စီမံကိန်းလုပ်ငန်းများဖြစ်သည့် သတ္တုတူးဖော်ခြင်း လုပ်ငန်းများ၊ စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေအားလျှပ်စစ်ဖော်ဆောင်ရေး လုပ်ငန်းများ မလွဲကေန်လုပ်ဆောင်ရမည်ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်ရာတွင် ပြည်သူလူထု အတွက် အကျိုးပြုနိုင်သော အခန်းကဏ္ဍများနှင့် သဘာဝသယံဇာတပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော အခန်းကဏ္ဍများကို သေသေချာချာအကျိုးဖြစ်ထွန်းမှု ရှိ/ မရှိ စနစ်တကျ လေ့လာဆန်းစစ်ပြီး နှိုင်းယှဉ်ရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင်လည်း သယံဇာတထုတ်လုပ်သော စီမံကိန်းလုပ်ငန်းများနှင့် အခြားစီမံကိန်းလုပ်ငန်းများကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုများ၊ ချောင်းရေတိမ်ကောခမ်းခြောက်မှုများ၊ သဘာဝသစ်တောပြုန်းတီးမှုများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုထိခိုက်စေသောပြဿနာများနှင့် လက်ရှိရင်ဆိုင်ဖြေရှင်းနေရပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ် ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍများအလိုက်အထောက်အကူဖြစ်စေရန် စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု (Environment Impact Assessment)၊ လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment) စသည့်လုပ်ငန်းများကို စနစ်တကျ လေ့လာဆန်းစစ်မှုများသေသေချာချာပြုလုပ်သင့်ပါတယ်။

၎င်းမှ တွေ့ရှိချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီး လူထုနှင့်ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းမှု ပြုနိုင်ပါမှ စီမံကိန်းနှင့် ပြည်သူလူထုနှစ်ဖက်စလုံးထိခိုက်ဆုံးရှုံးမှုနည်းပါးသွားမည်ဖြစ်သည့်အကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ဆက်လက်ပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ (င)အရ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ လျှိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး တင်သွင်းသည့်အဆိုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် ဒေါက်တာညီညီအောင်မှ ပြန်လည်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပတ်ဝန်းကျင်နှင့်ပတ်သက်တဲ့ ကိစ္စတွေမှာ ဂရုစိုက်မှုအားနည်းခဲ့ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ မတ်လ (၃၀) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်းချက်တွေကိုတော့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါတယ်။

ပြဌာန်းထုတ်ပြန်ခဲ့တဲ့ ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ စံချိန်စံညွှန်းတွေနှင့်အညီ ကဏ္ဍအသီးသီးရဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စအရပ်ရပ်တွေကို ကြီးကြပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော် (ဦးစီးရုံးချုပ်)ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ရှမ်းပြည်နယ်၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ခရိုင်နှင့် မြို့နယ်ရုံးများတိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် အဆက်မပြတ်စီစဉ်ဆောင်ရွက်လျက် ရှိနေပါတယ်။

အဆိုမှာပါရှိတဲ့ ရှမ်းပြည်နယ်အတွင်းသာမက တစ်နိုင်ငံလုံးမှာရှိတဲ့ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းတွေအပြင် ကဏ္ဍအသီးသီးမှာရှိတဲ့ စီမံကိန်းလုပ်ငန်းအားလုံးအတွက် လုပ်ငန်းအမျိုးအစားအလိုက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးဆန်းစစ်ခြင်း(Initial Environmental Examination -IEE)၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment -EIA )နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Managament Plan- EMP) စတာတွေကို စနစ်တကျ လေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီးတော့ ပွင့်လင်းမြင်သာမှုရှိစွာ အားလုံးပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ ၏ ၁၀- ၃- ၂၀၁၆ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၃၅/ ၂၀၁၆) ဖြင့် "အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ"ကို ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားအဆင့်ဗဟိုကော်မတီကို ဒုသမ္မတ(၁)ကနေ နာယကအဖြစ်လည်းကောင်း၊ ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဥက္ကဌအဖြစ်လည်းကောင်း ဦးဆောင်ပြီးတော့ အဖွဲ့ဝင်(၂၁)ဦးဖြင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဗဟိုကော်မတီရဲ့အောက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ(၆)ခုကိုတော့ ကဏ္ဍအားလုံးခြုံငုံမိအောင်လို့ ဖွဲ့စည်းထားပြီး၊ အမျိုးသားအဆင့်ဗဟိုကော်မတီ အစည်းအဝေး စုစုပေါင်း (၆)ကြိမ်ကျင်းပကာ နောက်ဆက်တွဲအဖြစ် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေတာ ယခုဆိုလျှင် (၃)နှစ်ခန့်ရှိပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာတော့ ပြည်နယ်အဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုကြီးကြပ်မှုကော်မတီကို ၂-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၉၅၈၅/၇-၁၁၂/ အစရ(ရှမ်း) ဖြင့် အဖွဲ့ဝင် (၃၁)ဦးပါဝင် ဖွဲ့စည်းခဲ့ပါတယ်။ ပြည်နယ်ကော်မတီ၏ အောက်မှာလည်း လုပ်ငန်းအဖွဲ့(၆)ဖွဲ့နှင့် အကောင်အထည်ဖော်ရေး အဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းပြီးတော့ ပြည်နယ်အဆင့်ကော်မတီအစည်းအဝေး စုစုပေါင်း(၈)ကြိမ် ဆောင်ရွက်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွေကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဥပမာအနေနှင့် ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၁၀-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃/ ၂၀၁၈) ဖြင့် ဦးစားပေးလုပ်ငန်းအမျိုးအစား (၉)ခုဖြစ်သည့် (၁) အရက်ချက်လုပ်ငန်း၊ (၂) အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်း၊(၃) ပိုးသတ်ဆေးအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ (၄) ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်း၊ (၅) အဝတ်အထည်၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ (၆) သတ္တုအရည်ကျိုပုံလောင်းခြင်းလုပ်ငန်း၊ (၇) သားရေနယ်လုပ်ငန်း၊ (၈) ပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ခြင်းလုပ်ငန်း၊ (၉) သကြားစက်လုပ်ငန်းများအတွက် လုပ်ငန်းအမျိုးအစားအလိုက် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ကနဦး ဆန်းစစ်ခြင်း ( IEE )၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း( EIA )နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်( EMP) များကို တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ဖို့ အချိန်ကာလသတ်မှတ်ပြီး သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးတဲ့ ဌာနတွေကို အသိပေးအကြောင်းကြားပြီး ဌာနဆိုင်ရာအဖွဲ့စုံနှင့် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိနေပါတယ်။

ရှမ်းပြည်နယ်အတွင်း သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများအပါအဝင် ကဏ္ဍပေါင်းစုံက စီမံကိန်းလုပ်ငန်းများအတွက်(IEE) ၊ (EIA)နှင့် (EMP) လုပ်ငန်းစဉ်တွေဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းရှင်များ၊ ခွင့်ပြုမိန့်ထုတ်ပေးသည့် သက်ဆိုင်ရာဌာနများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကနေပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှင့်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် ရှင်းလင်းဆွေးနွေးခြင်း၊ အသိပညာပေးခြင်းများအပြင် ဆက်စပ်ဌာနများ၊ ကော်မတီများနဲ့ လုပ်ငန်းများသို့ မြေပြင် ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ထားသည့် လုပ်ငန်းအရွယ်အစား ပမာဏနှင့် ထိခိုက်နိုင်မှု အခြေအနေများအရ IEE, EMP , EIA အစီရင်ခံစာများကို ရေးဆွဲတင်ပြလိုက်နာစေခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင်

ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်တဲ့ အသိဉာဏ်ပညာများရရှိစေဖို့နှင့် လိုက်နာမှုပိုမိုအားကောင်းလာစေရေးအတွက် လူငယ်ဘဝကတည်းက အခြေခံ အသိပညာဗဟုသုတများပါရှိသွားစေဖို့အတွက် အခြေခံပညာကျောင်းများမှာပါ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိနေပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာသာမက တစ်နိုင်ငံလုံးရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် မည်သည့်စီမံကိန်းလုပ်ငန်းမဆို ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း ( IEE )၊ ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း ( EIA )နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP) လုပ်ငန်းစဉ်များကို စနစ်တကျလေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုတဲ့ အဆိုဟာ ယခင်ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုအပေါ်မှာ တင်ပြလာတဲ့ အဆိုတစ်ခုဖြစ်တာကိုလည်း တွေ့ရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်ရဲ့ အဆိုဟာဆိုရင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်တဲ့ လုပ်ငန်းတစ်ခုအပေါ်မှာ အဆိုတင်သွင်းလာခြင်းဖြစ်တဲ့အတွက် ဤအဆိုကို မှတ်တမ်းအဖြစ်ထားရှိဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦး တင်သွင်းတဲ့ အဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းအဖြစ်ထားရှိဖို့ ဆွေးနွေးရှင်းလင်းသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ (စ)နှင့် (ဆ)အရ အဆိုကို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၅)ဦးကလည်း ဆွေးနွေးသွားတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ အစိုးရအဖွဲ့ကိုယ်စားဖြေကြားပေးသွားတဲ့ ဒေါက်တာညီညီအောင်ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။

ကျွန်တော့်အဆိုရဲ့ ရည်ရွယ်ချက်ကတော့ ဒီရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မည်သည့် စီမံကိန်းလုပ်ငန်းများမဆို အားလုံးတည်ဆောက်ပြီးသည့် စီမံကိန်းများ၊ လက်ရှိလျှာထား သည့်စီမံကိန်းများ၊ စီမံကိန်းတွေအားလုံးပေါ်မှာ အရင်က ကျွန်တော်တို့ရဲ့ လေ့လာဆန်းစစ် ချက်အရ သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (EIA) နောက်ပြီးတော့ လူမှုအကျိုး သက်ရောက်မှု (SIA)စသည့် လုပ်ငန်းတွေပေါ်မှာ ကနဦး လေ့လာဆန်းစစ်ချက်အရ အလွန် အားနည်းနေတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကြုံတွေ့ခဲ့ရတဲ့ မြေပြင်အခြေအနေအရ ကြုံတွေ့ခဲ့ရတဲ့ လက်ရှိ အခြေအနေမှာ ဆွေးနွေးထားတဲ့ လက်ရှိအခြေအနေကို အကြောင်းပြုပြီးတော့မှ ဆွေးနွေးရ မယ်ဆိုလျှင် ကျွန်တော်တို့ရဲ့ ခေတ်အဆက်ဆက်က လေ့လာဆန်းစစ်မှုကို အားနည်းခဲ့ တယ်လို့လည်း လေ့လာသုံးသပ်မိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာလည်း ယခင်က အားနည်းခဲ့တာကို ပိုမိုပြီးတော့ ဖိဖိစီးစီး အားစိုက်အကောင်အထည်ဖော်ဖို့ တိုက်တွန်းတဲ့ အဆိုဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဘယ်လိုဖြစ်ဖြစ် စီမံကိန်းတစ်ခု အကောင်အထည်ဖော် မယ်ဆိုရင် ကနဦး သဘာဝပတ်ဝန်းကျင်ရဲ့ အကျိုးသက်ရောက်မှုကို မလွဲမသွေ ကနဦးဆန်း စစ်ရပါမယ်။ စီမံကိန်းတစ်ခုမှာ အပြန်အလှန် ထိခိုက်နစ်နာမယ့်အကျိုးနဲ့ လူမှုပတ်ဝန်းကျင် မှာရှိတဲ့ အကျိုးသက်ရောက်မှုကို မလွဲမသွေ လေ့လာဆန်းစစ်မှုသည် အလွန်အရေးကြီးမှာ ဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ ထိခိုက်နစ်နာဆုံးရှုံးသွားမယ့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး ကအစ ကျွန်တော်တို့ ပြန်စဉ်းစားပေးရမယ်။ ဘယ်လိုပြန်လည် ထူထောင်ပေးရမယ်ဆိုတဲ့ ကနဦး ဆန်းစစ်ချက်က အလွန်အရေးကြီးပါတယ်။ ဒါကြောင့် **"ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့်စီမံကိန်းလုပ်ငန်းများ မဆို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှု (Environment Impact Assessment) နှင့်လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment)စသည့်လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များ ပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုပဲ ခံယူသွားပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို တင်သွင်း သည့် လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို လွှတ်တော်ရဲ့ဆန္ဒခံယူလိုပါကြောင်း တင်ပြလာတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် လွှတ်တော်ဆန္ဒကို ခံယူပြီးတော့မှ အတည်ပြုပေးဖို့အတွက် ဖြစ်ပါတယ်။ ယခုအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇

(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန္ဒမဲပေးရန်အတွက် စက်ခလုတ်ကို အသုံးပြု၍ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်များကို ဆန္ဒမဲပေးနိုင်ပါပြီဆိုတဲ့ ကြေညာချက်ကို ကြေညာတဲ့အခါကျမှ သာလျှင် စက်ခလုတ်ကို စတင်အသုံးပြုဖို့ သတိပြုစေလိုပါတယ်။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦး တင်သွင်းသော အဆိုကို အတည်ပြုရန် သဘောတူပါက ထောက်ခံဆန္ဒမဲပေး၍ အဆိုကို အတည်ပြုရန် သဘောမတူပါက ကန့်ကွက် ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံမဲများပါက အဆိုသည် အတည်ဖြစ်ပြီး ကန့်ကွက်မဲ များပါက အဆိုသည် ပြည်နယ်အဖွဲ့အစည်းဝင် မှတ်ချက်ပြုသည့်အတိုင်း မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။

ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံမဲ (၉၀)မဲ၊ ကြားနေမဲ(၃)မဲ၊ ကန့်ကွက်မဲ(၂၁)မဲ၊ မဲမပေးသူ မရှိပါဘူး။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံမဲများသည့်အတွက် အဆိုသည် အတည်ပြု ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးရန် ရှမ်းပြည်နယ်စာရင်း စစ်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝိုဟိန်း၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေရှင်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင်ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့်အစီရင်ခံစာကို ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ဒေါ်နန်းဝိုဟိန်းကနေ တင်ပြမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို ဖြန့်ဝေထား ပြီးဖြစ်တဲ့အတွက် အစီရင်ခံစာအကျဉ်းကို Power Point ဖြင့် တင်ပြခွင့် ပြုပါရှင်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ အခန်း(၄)၊ ပုဒ်မ ၂၅ နှင့် ၂၆ ပါ ပြည်နယ်စာရင်းစစ်ချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းပါ ရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ခြင်း ရှိ/ မရှိနှင့် သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု၊ မပြုစစ်ဆေးခြင်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်းနှင့် မိမိ၏ဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာ တင်ပြခြင်းဖြစ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ (ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ) ရသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုကို အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

ရငွေ(၆)မျိုး စုစုပေါင်းမှာ ပြုပြင်ပြီးခန့်မှန်းခြေနှင့် အပြီးသတ်ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၂၇၉,၀၈၂.၇၇၃** သန်းဖြစ်ပြီး၊ အမှန်ရငွေကတော့ ကျပ်သန်းပေါင်း **၂၅၈,၂၃၅.၅၇၀** သန်းဖြစ်တဲ့အတွက်ကြောင့် လျော့ငွေမှာ ကျပ်သန်းပေါင်း **၂၀,၈၄၇.၂၀၃** သန်း ဖြစ်ပါတယ်။

အသုံးစရိတ်တွင် ပြုပြင်ပြီး ခန့်မှန်းခြေနှင့် အပြီးသတ်ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၂၇၃,၆၂၄.၀၄၃** သန်း၊ အမှန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း **၂၇၃,၆၀၅.၄၃၅** သန်း၊ ပိုလျှံငွေ ကျပ်သန်းပေါင်း ၁၈.၆၀၈သန်း ဖြစ်ပါ တယ်။

အခွန်ရငွေလျာထားချက်ထက် ကျပ်သန်းပေါင်း **၇၇၉.၂၂၄** သန်း ပိုမိုရရှိတာက ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ရေခွန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်၊ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းအိုင်ခွန်၊ သစ်တောဦးစီးဌာနမှ သစ်တောခွန် ပိုမိုရရှိခြင်းနှင့် ပုဂ္ဂလိကများသို့ ပုံစံ(၈)ဝင် သစ်များရောင်းချခြင်းတို့ကြောင့် ဖြစ်ပါတယ်။

သာမန်ရငွေလျာထားချက်ထက် ကျပ်သန်းပေါင်း **၁၁,၂၁၆.၆၀၁** သန်း လျော့နည်းခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ မြေအသုံးချမှု ပရီမီယံကြေးလျာထားသည့်အတိုင်း မရရှိခြင်း နှင့် လမ်းဦးစီးဌာနမှလျာထားစာရင်းပြုစုရာတွင် မှားယွင်း၍ ပိုမိုဖော်ပြခဲ့ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

သာမန်အသုံးစရိတ်အပြီးသတ်ခွင့်ပြုငွေထက် ကျပ်သန်းပေါင်း **၁၀.၇၀၈** သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် အပြီးသတ်ခွင့်ပြုငွေထက် ကျပ်သန်းပေါင်း **၇.၉၀၀** သန်း ပိုလျှံငွေ

ဖြစ်ပေါ်ရခြင်းမှာ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပေးသွင်းငွေတွေကို သက်ဆိုင်ရာ အသုံးစရိတ် ငွေစာရင်းခေါင်းစဉ်မှာ အနုတ်အသုံးစရိတ်စာရင်းပြုခြင်း ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ပိုလျှံငွေပြန်လည်အပ်နှံမှုအခြေအနေ တင်ပြရမည်ဆိုလျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ) ပိုလျှံငွေပြန်လည် အပ်နှံမှုကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

သာမန်အသုံးစရိတ်တွင် မူလခွင့်ပြုငွေ ကျပ်သန်း **၉၃,၉၄၀.၈၀၀** သန်း၊ ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၃,၂၇၇.၇၅၀** သန်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၂၂.၇၅၀** သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း **၉၇,၂၄၁.၃၀၀** သန်း၊ မူလခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၅,၀၃၆.၆၅၂** သန်း (**၅.၃၆**) ရာခိုင်နှုန်းနှင့် ဖြည့်စွက်ခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၁၅၂.၄၇၄** သန်း (**၄.၆၅**)ရာခိုင်နှုန်း၊ စုစုပေါင်းပိုလျှံငွေ ကျပ်သန်းပေါင်း **၅၁၈၉.၁၂၆** သန်း ပြန်လည်အပ်နှံပါတယ်။

သာမန်အသုံးစရိတ်တွင် မူလခွင့်ပြုငွေ ကျပ်သန်း **၅,၀၃၆.၆၅၂** သန်း ပြန်လည်အပ်နှံခြင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန (ပြည်နယ်ရုံး)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန (ပြည်နယ်ရုံး)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ပြည်နယ်ရုံး)၊ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ မီးသတ်ဦးစီးဌာန (ပြည်နယ်ရုံး)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ပြည်နယ်ရုံး)တို့၏ တိုးချဲ့ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားနှင့် လစ်လပ်ဝန်ထမ်းအင်အားကို ခန့်ထားနိုင်မှုမရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှာ ပြည်နယ်ကော်မတီဖွဲ့စည်းနိုင်မှု မရှိခြင်းကြောင့် ဖြစ်ပါတယ်။

သာမန်အသုံးစရိတ်တွင် ဖြည့်စွက်ခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၁၅၂.၄၇၄** သန်း ပြန်လည်အပ်နှံတဲ့နေရာမှာ စိုက်ပျိုးရေးဦးစီးဌာနကနေ အလုပ်သင်မှ ဒုလက်ထောက် ဦးစီးမှူး ရာထူးတိုးမြှင့်ခန့်အပ်ခြင်းကို ဦးစီးဌာန(ရုံးချုပ်)မှ ခေတ္တရပ်ဆိုင်းငံ့ထားခြင်း၊ သတ္တုတွင်းဦးစီးဌာနမှာ နေ့စားလုပ်ခများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ စီမံသုတေသနအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်းကြောင့် ဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် မူလခွင့်ပြုငွေ ကျပ်သန်းပေါင်း **၁၆၄,၈၉၉.၉၀၉** သန်း၊ ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၁၆,၉၆၄.၃၁၄** သန်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်းပေါင်း **၃,၄၁၈.၇၅** သန်း၊ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သန်းပေါင်း **၄၀၄.၅၀၀** သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း **၁၈၅,၆၈၇.၄၇၄** သန်းမှာ မူလခွင့်ပြုငွေမှ ကျပ်သန်းပေါင်း

**၄,၀၆၇.၉၁၈** သန်း (**၂.၄၇**)ရာခိုင်နှုန်း၊ ဖြည့်စွက်ခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၁၇.၇၅၈** သန်း (**၀.၁၀**) ရာခိုင်နှုန်းနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်သန်းပေါင်း **၂၉.၉၂၉** သန်း (**၀.၈၇**)ရာခိုင်နှုန်း၊ စုစုပေါင်းပိုလျှံငွေ ကျပ်သန်း **၄၁၁၅.၆၀၅** သန်း ပြန်လည် အပ်နှံပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် မူလခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၄၀၆၇.၉၁၈** သန်း၊ ဖြည့်စွက်ခွင့်ပြုငွေမှ ကျပ်သန်းပေါင်း **၁၇.၇၅၈** သန်း ပြန်လည်အပ်နှံခြင်းမှာ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း(ပြည်နယ်ရုံး)မှ တင်ဒါပိုလျှံငွေများ ဖြစ်ပါတယ်။

အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ်သန်းပေါင်း **၂၉.၉၂၉** သန်း ပြန်လည်အပ်နှံခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်ရုံး၊ သစ်တောဦးစီးဌာန (ပြည်နယ်ရုံး)နှင့် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ပြည်နယ်ရုံး)တို့၏ တင်ဒါ ပိုလျှံငွေများ ဖြစ်ပါတယ်။

နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှုအခြေအနေမှာ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

ဗဟိုအဖွဲ့အစည်းများတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ် ဥပဒေချုပ်ရုံးမှ စုစုပေါင်းပေးသွင်းရငွေပေါင်း **၁၁.၀၄၂** မှာ အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာန(၉)ခုတွင် စုစုပေါင်းပေးသွင်းရငွေမှာ ကျပ်သန်း **၄၉.၀၃၄** သန်းဖြစ်ပြီးတော့ အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။ စုစုပေါင်းပေးသွင်းရမယ့်ငွေမှာ ကျပ်သန်းပေါင်း **၆၀.၀၇၆** သန်းကို ဌာနအဖွဲ့အစည်းများ၏ ငွေထုတ်စာရင်းများသို့ အားလုံးပြန်လည်ပေးသွင်းပြီး ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသနယ်မြေများ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း **၅၀၀၀** ဖြင့် ရှမ်းပြည်နယ်ရှိ မြို့နယ် ၅၀ အတွင်း တစ်မြို့နယ်လျှင် ကျပ်သန်းပေါင်း **၁၀၀.၀၀၀** ဆောင်ရွက်တဲ့ လုပ်ငန်းများနှင့် စပ်လျဉ်းပြီး စစ်ဆေးတွေ့ရှိချက်များကို တင်ပြမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ်၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်၊ နမ့်စန်မြို့နယ်၊ ကျောက်မဲ မြို့နယ်၊ သီပေါမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ လားရှိုးမြို့နယ်၊ မန်တုံမြို့နယ်၊ တန့်ယန်းမြို့နယ်၊ သိန္နီမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်း မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့မှာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ထားရှိရမည့်သတ်မှတ် ငွေစာရင်းပုံစံများ၊ ပစ္စည်းစာရင်းစာအုပ်များ၊ ညွှန်ကြားချက်နှင့်အညီ ပြည့်စုံစွာစာရင်း ရေးသွင်းထားတာကို မတွေ့ရှိရပါဘူး။

ရပ်စောက်မြို့နယ်မှ လုပ်ငန်း ၉ ခု၊ ကျေးသီးမြို့နယ်မှ လုပ်ငန်း ၁ ခုနှင့် မက်မန်းမြို့နယ်မှ လုပ်ငန်း ၃ ခု၊ စုစုပေါင်း လုပ်ငန်း ၁၃ ခုမှာ မူလလုပ်ငန်းမှ ပြောင်းလဲဆောင်ရွက်ထားပြီး ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်မှုမရှိခြင်းနှင့် မက်မန်းမြို့နယ်မှာ ဆောင်ရွက်သော လုပ်ငန်း ၂ ခု၏ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီသို့ တင်ပြထားမှု မရှိကြောင်း တွေ့ရှိရပါတယ်။

မိုင်းပျဉ်းမြို့နယ်မှ လုပ်ငန်း ၁ ခု၊ ကျောက်မဲမြို့နယ်မှ လုပ်ငန်း ၁ ခု၊ မက်မန်းမြို့နယ်မှ လုပ်ငန်း ၁ ခု၊ ရပ်စောက်မြို့နယ်မှ လုပ်ငန်း ၃ ခုတို့မှာ ခွင့်ပြုချက်အရ လုပ်ငန်းပြောင်းလဲဆောင်ရွက်ထားသော်လည်း အမှန်ဆောင်ရွက်သည့် လုပ်ငန်းတွေအတွက် ခန့်မှန်းခြေစာရင်းပြန်လည်ပြင်ဆင်ရေးဆွဲထားခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

သီပေါမြို့နယ်၊ ကုန်းဆာကျေးရွာ ကွန်ကရစ်တံတားလုပ်ငန်းမှာ Wing wall ၄ ဘက်ဆောင်ရွက်မှုမရှိခြင်းကို ပြန်လည်စိစစ်ဆောင်ရွက်ဖို့ လိုအပ်ခြင်းနှင့် ၁၈-၁၀-၂၀၁၈ ရက်စွဲပါစာဖြင့် ကုန်းဆာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ Wing wall ၄ ဘက်အား ပြန်လည်ဆောင်ရွက်ပြီးစီးကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့်အတူ ပြန်လည်တင်ပြလာသည်ကို တွေ့ရှိရပါတယ်။ မိုင်းပျဉ်းမြို့နယ်မှ လုပ်ငန်း ၁ ခုမှာ ပြောင်းလဲဆောင်ရွက်ဖို့ ဗဟိုကော်မတီမှ ခွင့်ပြုချက်ရရှိပြီးဖြစ်သော်လည်း ပြောင်းလဲခြင်းမရှိဘဲ မူလလုပ်ငန်းကိုသာ ဆောင်ရွက်ထားခြင်းနှင့် နမ့်စန်မြို့နယ်၊ လားရှိုးမြို့နယ်၊ သီပေါမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်တို့မှ လုပ်ငန်း ၆ ခုမှာလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သော်လည်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပြီးသည့် လုပ်ငန်းနှင့်အညီ ဆောင်ရွက်ဖို့နှင့် ဆောင်ရွက်ပြီးသည့်လုပ်ငန်းများတွေကို မပျက်စီးစေရေး တာဝန်ရှိသူများကအဆင့်ဆင့်ကြီးကြပ်ရန်လိုအပ်ကြောင်း တင်ပြပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးမှုအရ စစ်ဆေးမှု ၄ ခုရှိပြီး အစီရင်ခံစာများတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ တာဝန်ပေးစစ်ဆေးတဲ့နေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ငွေထုတ်စာရင်းအမှတ်၊ MD-010320 ကနေ စာရေးအဆင့်(၁) အမှုထမ်းတစ်ဦးက အသုံးစရိတ်ပြေစာများမရှိဘဲ စာရင်းမှတ်တမ်းအထောက်အထားများကို မသမာမှုပြုလုပ်ပြီး ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ကျပ်သန်းပေါင်း ၄၁၇.၄၀၉ သန်း၊ ထုတ်ယူအလွဲသုံးစားပြုမှုကို စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၁၇-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ပစရ/အထူးစစ်/၇၂၇ ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဟာ ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း(၃)နှစ်ပြည့်မြောက်တဲ့ ရက်ဖြစ်တဲ့ ဖေဖော်ဝါရီလ (၈) ရက်နေ့ကို အစည်းအဝေးရဲ့ (ပထမနေ့)အဖြစ် သတ်မှတ်ကျင်းပလာခဲ့ရာ ဒီကနေ့ အစည်းအဝေး ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ အစည်းအဝေးကာလမှာ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သည့် နေ့ထူးနေ့မြတ်ဖြစ်သော (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့နှင့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများကိုပါ ကိုယ်စားလှယ်များအနေနဲ့ တက်ရောက်အားပေးချီးမြှင့် နိုင်ခဲ့ပါတယ်။

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၃၈)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနှင့် ဝမ်းနည်းကြောင်းအဆို(၁)ခုအား အတည်ပြုမှတ်တမ်းတင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့ က တင်သွင်းသော အဆို(၃)ခုအနက် အဆို(၂)ခုအား အတည်ပြုခြင်း၊ အဆို(၁)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းနှင့် ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ဒေသန္တရစီမံကိန်းဥပဒေကြမ်း၊ အကောက်အခွန်ဆိုင်ရာ ဥပဒေကြမ်း ဒီဥပဒေကြမ်း(၃)ခုမှလွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ ဥပဒေပြုစာရင်း (၄၁)ခုနဲ့ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်က နောက်ထပ်ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေပြုစာရင်း(၃၄)ခု၊ စုစုပေါင်း

(၇၅)ခုထဲက ဥပဒေပြုစာရင်းများကို တင်သွင်းခွင့်ရှိကြောင်း ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၄ (ဂ)အရ ကျွန်တော်တို့ သိရှိထားပါတယ်။

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က မိမိတို့ရဲ့ အစီအစဉ်နဲ့ ရေးဆွဲထားတဲ့ ဥပဒေကြမ်း(၂)ကို ဖော်ပြပါ နည်းဥပဒေ ၁၃၄(ဂ) နှင့်အညီ လွှတ်တော်ကို တင်သွင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း(၃)နှစ်ပြည့်မြောက်ကာလအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းတဲ့ ဥပဒေကြမ်းဟာ (၅)ခုရှိပြီဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်း တစ်ရပ်ရပ်ကို တင်သွင်းလာတဲ့အခါ ဆောင်ရွက်ရမည့် အဆင့် (၃)ဆင့်ကို ကျွန်တော့်အနေနဲ့ အစဉ်လိုက် တင်ပြလိုပါတယ်။ အဆင့်(၁)မှာအနေနဲ့ဆိုရင် ဥပဒေပြုရေးဆိုင်ရာကော်မတီ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများအား ဖိတ်ကြား၍ ယင်းဥပဒေကြမ်းနှင့် အခြားလွှတ်တော်ကိုယ်စားလှယ်များက ပေးပို့ထားသည့် အကြံပြုချက်များအပါအဝင် ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို စိစစ်ရမှာ ဖြစ်ပါတယ်။ အဆင့်(၂)အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ပြောင်းလဲ၊ ဖြည့်စွက်၊ ပယ်ဖျက်လိုသည့်အချက်များကို အစည်းအဝေးရဲ့ သဘောတူညီချက်ဖြင့် ဆောင်ရွက်၍ ကန့်လန့်ဖြတ်ဇယား ရေးဆွဲရမှာ ဖြစ်ပါတယ်။ အဆင့်(၃) ယင်းကန့်လန့်ဖြတ် ဇယားကို အနီးဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးမှာ တစ်ခုချင်းအလိုက် တင်ပြ၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းပဲ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်အနေနဲ့ ဆိုလို့ရှိရင် ဥပဒေပြုရေးတာဝန်ကို အပ်နှင်းထားတာဖြစ်တဲ့အတွက် ဥပဒေပြုရေးကဏ္ဍကို ဆက်လက်ပြောကြား လိုပါတယ်။ ဥပဒေ(မူကြမ်း) တစ်ခုဟာ အတည်ဖြစ်လာတဲ့အခါမှာ အစိုးရအဖွဲ့အနေနဲ့ ယင်းဥပဒေကို လက်ကိုင်ပြုပြီး အုပ်ချုပ်ရေးတာဝန်နှင့် စီမံခန့်ခွဲရေးတာဝန်များကို ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် မိမိတို့ရေးဆွဲသည့် ဥပဒေ(မူကြမ်း)သည် လက်တွေ့အသုံးပြုနိုင်သော ဥပဒေ (Applicable)ဖြစ်ဖို့အရေးကြီးသလို တည်ဆဲဥပဒေတစ်ခုခုနဲ့လည်း ဗီလာဆန့်ကျင်ခြင်း မဖြစ်စေဖို့ လိုအပ်ပါတယ်။ မိမိတို့ ရေးဆွဲလိုက်တဲ့ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး မှားယွင်းချက်များပါရှိပါက ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် အစိုးရအဖွဲ့ကနေ လိုအပ်သလို စိစစ်တည့်မတ်ပေးပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်အောင် အကူအညီပေးစေလိုပါတယ်။ ဥပဒေပြုရေးအပါအဝင် မည်သည့်အကြောင်းအရာမဆို အမှားမတွေ့သမျှ ကာလပတ်လုံး

အမှန်တရားပဲ ဖြစ်ပါတယ်။ အမှားတွေ့ရှိခံစားလာတဲ့အခါမှာ အမှန်သို့ ရောက်ရှိအောင် ပြုပြင်နိုင်ဖို့ပဲ အရေးကြီးပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေစာရင်းများနှင့် စပ်လျဉ်းပြီး ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်း၊ အတည်ပြုခြင်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာ တင်သွင်းခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ စုစုပေါင်း (၁၁)ကြိမ်ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အောက်ပါအဖွဲ့အစည်းများမှ လာရောက်လေ့လာပါကြောင်း တင်ပြအပ်ပါတယ်-

| | | |
|---|---|---|
| (၁) | Taunggyi Youth Center မှ | (၁၉)ဦး |
| (၂) | Golden Future Organization မှ | (၈)ဦး |
| (၃) | Rule Of Law မှ | (၅)ဦး |
| (၄) | လားရှိုးနည်းပညာတက္ကသိုလ်မှ ကျောင်းသား/ ကျောင်းသူများ | (၃၇)ဦး |
| (၅) | မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များမှ မဲဆန္ဒရှင်များ | (၂၆)ဦး |
| (၆) | မိုးမိတ်မြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများ | (၉)ဦး |
| | **စုစုပေါင်း** | **(၁၀၄)ဦး** |

ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အားဖြင့် မဲဆန္ဒရှင်များအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့၏ လုပ်ဆောင်မှုအားလုံးအတွက် တာဝန်ယူရမှာ ဖြစ်ပါတယ်။ အကြောင်းအရာ တစ်ခုခုကို

ဆောင်ရွက်၍ အောင်မြင်သည့်အခါမှာ ရပိုင်ခွင့်များကို အကြီးအကျယ် အခိုင်အမာ ပြောဆိုပြီး ကျဆုံးသွားသည့်အခါမှာ အခြားသူများအား အပြစ်ပြောဆိုခြင်းကို ရှောင်ရှားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်တာဝန်ကို အောင်မြင်အောင် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရင်း မိမိ၏ ထူးခြားချက်များကို ကောင်းမွန်စွာ အသုံးချနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ သက်တမ်း(၃)နှစ်တာ ကာလအတွင်း မိမိတို့ရရှိတဲ့ အတွေ့အကြုံများနှင့် အခြေခံကောင်းများကို အသုံးချပြီး ပြည်သူတို့၏ လိုအပ်ချက်များကို ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ အနီးကပ်ဆုံး ကျင်းပမည့်လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်တို့အားလုံး ယခုလိုပဲ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၄ ရက်မှ တပို့တွဲလဆန်း ၁၀ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များ

**ပထမနေ့ (၈-၂-၂၀၁၉) သောကြာနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၀၉)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) ၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်က မိုင်းရယ် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေ (ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၊ အဖွဲ့ဝင်)သည် ၄-၂-၂၀၁၉ ရက်နေ့၊ (၁၅:၅၀)နာရီအချိန်တွင် ကွယ်လွန် အနိစ္စရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်သည်။

**ဒုတိယနေ့ (၁၁-၂-၂၀၁၉) တနင်္လာနေ့**

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၁၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေအရ မြို့နယ်စည်ပင်သာယာရေးကော်မတီများ လေလံပစ်၍ ကောက်ခံလျက်ရှိသော မြို့ဝင်ဘီးခွန်ကြေးများသည် အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ကောက်ခံခြင်း(မပြု)ဘဲ ဖျက်သိမ်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

**တတိယနေ့ (၁၃-၂-၂၀၁၉) ဗုဒ္ဓဟူးနေ့**

၆။ ဒုတိယအကြိမ်ရှမ်း ပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်(၁၄၀)ဦး၊ တက်ရောက်သူ (၁၁၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများကို အတည်ပြုကြောင်းဆုံးဖြတ်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဒေါ်မေရီရှို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"နှစ်စဉ်ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပြီးစီးမှုအလိုက် အရစ်ကျငွေတောင်းခံသည့်အခါတိုင်း ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းထားသော လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့တို့၏ ထောက်ခံချက်အပြင် သက်ဆိုင်ရာ ဒေသခံလွှတ်တော်**

**ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်ပါမှသာ လက်ခံဆောင်ရွက်ပေးရန်အတွက် ရှမ်းပြည်နယ် အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**စတုတ္ထနေ့ (၁၄-၂-၂၀၁၉) ကြာသပတေးနေ့**

၉။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊ တက်ရောက်သူ (၁၁၅)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၁၀။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်တွင်းရှိ သယံဇာတထုတ်ယူသော စီမံကိန်းလုပ်ငန်းများနှင့် အခြားမည်သည့် စီမံကိန်းလုပ်ငန်းများမဆို သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှု(Environment Impact Assessment)နှင့် လူမှုအကျိုးသက်ရောက်မှု (Social Impact Assessment)စသည့် လုပ်ငန်းစဉ်များ စနစ်တကျ လေ့လာဆန်းစစ်ချက်များပြုလုပ်ပြီး ယခင်ထက်ပိုမို၍ ပွင့်လင်းမြင်သာမှုရှိသော အားလုံးပူးပေါင်းပါဝင်မှုဖြင့် အားစိုက်အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း”**အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၁၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် **“၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ”** ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၁၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ **“ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ”**အား ရှင်းလင်းတင်ပြသည်။